# အခန်း(၁၈၅) - တစ်ချက်တည်းနှင့် သတ်ဖြတ်ခြင်း။

လင်းဟွမ်သည် စနစ်ကပေးသော နည်းလမ်းအတိုင်း အမှတ်များကို တွက်ချက်ကြည့်လိုက်ရာ

(တိုက်ပွဲကို (၁၀) ပွဲ ဆက်တိုက် အနိုင်ရပါက ၁၀ x 2 = 20 မှတ်)

(တိုက်ပွဲကို (၂၀) ပွဲ ဆက်တိုက် အနိုင်ရပါက (၂၀ + ၁၀) x ၂ = ၆၀ မှတ်)

(တိုက်ပွဲကို (၃၀) ပွဲ ဆက်တိုက် အနိုင်ရပါက (၆၀+၁၀) × ၂ = ၁၄၀ မှတ်)

...

အမှတ်များကို ဤကဲ့သို့ နည်းလမ်းဖြင့် ဆတိုး တွက်ချက်ကြည့်ခဲ့ရာ အမှတ် (၁၀,၀၀၀) ကျော်ရရှိရန်အတွက် တိုက်ပွဲကို ပွဲ (၉၀) ဆက်တိုက် အနိုင်ရရှိရန် လိုအပ်သည်။ တစ်ကြိမ်သာ

သရေကျလိုက်ရုံဖြင့် အမှတ် နှစ်ဆ မရတော့ဘဲ အစမှ ပြန်လည် စတင်ရလိမ့်မည်။

တိုက်ပွဲအတွက် ပြိုင်ဘက်ကို ကျပန်း ရွေးချယ်သည့် ပုံစံဖြင့် ရွေးချယ်ပေးပြီး နိုင်ပွဲများများရပါက အမှတ်များများရလေ ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ပြိုင်ဘက်များက ပိုမို အားကောင်းလာလိမ့်မည်။ အဆုံးတွင် ဆက်တိုက် အနိုင်ရလာသည်နှင့်အမျှ ဆက်လက် ထိန်းသိမ်းထားရန် ခက်ခဲလာသည်။

လင်းဟွမ်သည် စည်းမျဉ်းများကို နောက်ဆုံး တစ်ကြိမ် ပြန်ကြည့်ကာ မည်သည့် အချက်အလက်မှ လွဲချော်သွားခြင်း မရှိကြောင်း အတည်ပြုပြီးနောက် စိန်ခေါ်သည့်ခလုတ်ကို နှိပ်လိုက်သည်။

"ကစားသမား ဓားပါရမီရှင်က စိန်ခေါ်မှုကို အောင်မြင်စွာ လျှောက်ထားလိုက်ပါပြီ ငွေအဆင့် (၃)ဖြစ်တဲ့ မင်းရဲ့အဆင့်အရ ခြောက်ထပ်မြောက်ကို ပို့ဆောင်လိုက်ပါတယ်"

စက္ကန့်ပိုင်းလေး အတွင်း၌ပင် လင်းဟွမ်သည် တိုက်ပွဲကွင်းပြင်၏ ခြောက်ထပ် မြောက်ကို

ရောက်ရှိသွားသည်။ ဤအထပ်တွင် လူနည်းသော်လည်း စည်ကားနေဆဲ ဖြစ်သည်။

"ကစားသမား ခေးပါရမီရှင်။ အခု လောလောဆယ် မင်းရဲ့ရမှတ်က သုည။ စနစ်က မင်းရဲ့ပြိုင်ဘက်ကို ကျပန်း ရွေးချယ်ပေးနေပါတယ်။ ခဏစောင့်ပါ"

"ပြိုင်ဘက်ကို တွေ့ပြီ ကစားသမားက တိုက်ပွဲအတွင်း မျက်နှာဖုံးတပ်ဖို့ ရွေးချယ်လို့ ရပါတယ်။ မျက်နှာ အစစ်အမှန်ကို ထုတ်ဖော်ပြသပြီး မျက်နှာဖုံး မပါဘဲ တိုက်ပွဲဝင်ဖို့လည်း ရွေးချယ်

နိုင်ပါတယ်။ ကျေးဇူးပြုပြီး ရွေးချယ်မှု ပြုလုပ်ပေးပါ”

လင်းဟွမ်သည် ခေတ္တမျှ စဉ်းစားပြီးနောက် မျက်နှာကို ထုတ်ဖော် မပြသရန် ဆုံးဖြတ်လိုက်သည်။

“ဒါဆိုလည်း မျက်နှာဖုံးနဲ့ တိုက်ပွဲပေါ့”

“ကစားသမားကို ခြောက်ထပ် မြောက်မှာရှိတဲ့ တိုက်ပွဲ ကွင်းပြင်အမှတ် (၁၁၈) ကို စေလွှတ်လိုက်ပါတယ်”

လင်းဟွမ်သည် ခြောက်ထပ် မြောက်သို့ ပို့ဆောင်ခံရပြီး မကြာခင် ပြိုင်ဘက်နှင့် တိုက်ခိုက်ရန် တိုက်ပွဲကွင်းပြင်ထဲသို့ စေလွှတ်ခြင်း ခံလိုက်ရသည်။

လင်းဟွမ်သည် တိုက်ပွဲ ကွင်းပြင်သို့ ရောက်သည့်အချိန်၌ မျက်နှာပေါ်တွင် ငွေရောင် မျက်နှာဖုံးတစ်ခု ဝပ်ဆင်ပြီးသား ဖြစ်နေသည်။ မျက်နှာဖုံးသည် မျက်နှာ အတိုင်းအတာနှင့် အတိအကျ ဖြစ်နေပြီး ရွေ့လျားနိုင်ရန် နေရာ အလုံအလောက် ချန်ထားပေးသည်။ ထို့ကြောင့် မျက်နှာနှင့် အံဝင်ခွင်ကျ ဖြစ်နေသည်။

အနေရခက်ခြင်းမျိုး လုံးဝ မရှိပေ။ အခြားသူများက သူ၏ မျက်လုံးတစ်စုံကိုသာ မြင်နိုင်သည်။

လင်းဟွမ်သည် စင်မြင့် ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်ရာ ပရိတ်သတ် တစ်ယောက်မျှ မရှိပေ။ သူတစ်ယောက်တည်းသာ ရှိနေကြောင်း သတိထားလိုက်မိသည်။ သူက ပြိုင်ဘက်ထက် စောပြီး ရောက်ရှိနေခြင်းပင်။

နှစ်စက္ကန့်၊ သုံးစက္ကန့်ခန့် ကြာသောအခါ တောင်တောင်လေး ချောမောသော လူတစ်ယောက် ပေါ်လာသည်။

အင်ပါယာ နှလုံးသားလက်စွပ် ထိပ်တွင် ရွှေရောင်ဂဏာန်းများ ပေါ်လာပြီး ရေတွက်မှု စတင်လိုက်သည်။

“တစ်ဆယ်.... ကိုး.... ရှစ်.....)

‘နာမည်ပြောင်း ဓါးပါရမီရှင်”

“တိုက်ခိုက်ရေး အဆင့် - ငွေအဆင့် (၃)”

“တိုက်ပွဲ အရေအတွက် - သုည”

“စုဆောင်း အမှတ် - သုည”

“အနိုင်ရတဲ့ ရာခိုင်နှုန်း - သုည”

ထိုလူသည် လင်းဟွမ်၏အမှတ်များကို ကြည့်ပြီး ဟက်ဟက်ပတ်ပတ် ရယ်မောလိုက်သည်။

"ဒီနေ့တော့ ငါကံကောင်းတဲ့ပုံပဲ ငါ့ရဲ့ ပထမဆုံး တိုက်ပွဲမှာ လူသစ်လေးနဲ့ တွေ့တာပဲ"

လင်းဟွမ်သည် ထိုလူ၏စကားကို ကြားပြီးနောက် ထိုလူ၏ရမှတ်ကို ကြည့်လိုက်သည်။

"အမည်ပြောင် - ရွှေသေနတ် သခင်"

"တိုက်ပွဲအဆင့် - ငွေအဆင့် (၃)"

"တိုက်ပွဲ အရေအတွက် - (၂၅၁) ပွဲ"

"စုဆောင်း အမှတ် - (၁၉) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း - ၄၆ ရာခိုင်နှုန်း"

လင်းဟွမ်သည် အနှုတ်သဘော ဆောင်နေသော ရမှတ်ကို မြင်လိုက်သောအခါ မမျှော်လင့်ထားသဖြင့် အံ့ဩသင့်သွားသည်။ အထူးသဖြင့် ထိုလူသည် အနိုင်ထက် အရှုံးက ပိုများနေသောကြောင့် ဖြစ်သည်။

"ရွှေသေနတ် သခင်ဆိုပါလား သေနတ် သုံးတာလား"

လင်းဟွမ်က မျက်ခုံးပင့်လိုက်သည်။ ရေတွက်မှု ပြီးဆုံးသည်နှင့် ထိုလူထံ ပြေးဝင်သွားသည်။ ထိုလူက သေနတ် သို့မဟုတ် လှံကို အသုံးပြုနေပါဖြစ်စေ အနီးကပ် တိုက်ခိုက်သရွေ့ အမှားအယွင်း မရှိနိုင်ဘူးဟု တွေးလိုက်သည်။

ထိုလူသည် လင်းဟွမ် ခုန်ဝင်လာသည်ကို မြင်သောအခါ တောက်ပစွာ ပြုံးလိုက်ပြီး

“အင်း ငါ့ထောင်ချောက်ထဲ ဝင်လာတဲ့ ငချွတ်လေး နောက်တစ်ယောက်ပဲ”

"ဒီ ရွှေသေနတ်သခင်ရဲ့ လက်နက်က သေနတ် မဟုတ်သလို လှံလည်း မဟုတ်ဘူး။ ငါ့ ဘောင်းဘီထဲမှာ ရှိနေတဲ့ သေနတ်ကွ။ ငါက အနီးကပ်တိုက်ခိုက်ဖို့ မျှော်လင့်နေတာကွ"

လင်းဟွမ်သည် ထိုလူ၏စိတ်ထဲတွင် ဘာရှိနေလဲ ဆိုသည်ကို မသိပေ။ သူလုပ်ခဲ့မည်ဆိုလျှင် လုံးဝ ဂရုမစိုက်ပေ။ ထိုလူ၏ အနိုင်ရသော ရာခိုင်နှုန်းသည် (၄၆) ရာခိုင်နှုန်းသာ ရှိနေသောကြောင့် သူ၏ တိုက်ပွဲစွမ်းရည်သည် တိုက်ပွဲ ကွင်းပြင်ထဲတွင် သာမန်သာ ဖြစ်ကြောင်း ဖော်ပြနေသည်။ သူ

လုပ်ချင်သည်မှာ တတ်နိုင်သမျှ အမြန်ဆုံး သတ်ပြီး အမှတ်များ စုဆောင်းခြင်းပင်။

တိုက်ပွဲကွင်းပြင် လေးထပ်မှ ခြောက်ထပ်ရှိ စင်များသည် မီတာနှစ်ဆယ် ကျယ်ဝန်းသည်။ ကျယ်ဝန်းသည်ဟု ထင်ရသော်လည်း ငွေအဆင့်ရှိသူများအတွက် မီတာနှစ်ဆယ် ဆိုသော အကွာအဝေးသည် ခြေလှမ်း နှစ်လှမ်း၊ သုံးလှမ်းသာ လိုအပ်သည်။

လင်းဟွမ်သည် နှင်းတစ္ဆေ၏ ခြေလှမ်းကို အသုံးပြုလိုက်သည်နှင့် ထိုလူ အနားတွင် တစ္ဆေတစ်ကောင်ကဲ့သို့ ဖြတ်ခနဲ ပေါ်လာသည်။

လင်းဟွမ်က အလွန် လျင်မြန်သော်လည်း ထိုလူသည် သူ့ကို မြင်နိုင်သေးသည်။ လင်းဟွမ် ဝင်လာသည်ကို မြင်လိုက်သည်နှင့် သူ၏ ဗလတောင့်တင်းသော လက်မောင်းကို ဆန့်ထုတ်ကာ လင်းဟွမ်၏အရိပ်ကို လှမ်းထိုးလိုက်သည်။

“ငါ စောင့်နေတာ ဒါပဲ”

လင်းဟွမ်က အကြံများစွာ ပြုံးလိုက်သည်။

လင်းဟွမ်သည် လက်သီး လမ်းကြောင်းကို ကြည့်ပြီးနောက် ခန္ဓာကိုယ်ကို အနည်းငယ် လှုပ်ရှားလိုက်ကာ ထိုလူ၏ သေစေနိုင်သော လက်သီးချက်ကို ရှောင်ရှားခဲ့သည်။ ထို့နောက် အနီးကပ်လာသည်နှင့် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ် အဆင့် (၈) ၏စွမ်းအားကို အပြည့်အဝ ဖော်ထုတ်လိုက်သည်။ လက်သီးချက်သည် ကံကြမ္မာ စက်ဝိုင်း (၉၆) ခုလုံးမှ ကံကြမ္မာစွမ်းအားများကို ညစ်ထုတ်ကာ ထိုလူ၏ဗိုက်ကို ထိမှန်သွားသည်။

ဘုန်း.......

ပြင်းထန်သော ပေါက်ကွဲသံကြီး ရုတ်တရုတ် ထွက်ပေါ်လာသဖြင့် လင်းဟွမ်ပင် လန့်ဖြန့်သွားပြီး နောက်ပြန်ဆုတ် ပြေးသွားသည်။

လင်းဟွမ်သည် နောက်ပြန်ဆုတ် ခွာနေသော အချိန်မှာပင် ထိုလူ၏ဝမ်းဗိုက်တွင် ပန်းကန်လုံး အရွယ် အပေါက်ကြီးတစ်ခု ဖြစ်နေကြောင်း သတိထားလိုက်မိသည်။ ထိုအပေါက်မှ တစ်ဆင့် လူရှင်းနေသော ထိုင်ခုံများကိုပင် မြင်နေရသည်။

ယခုမှ သေဆုံးသော အလောင်းသည် မြေပေါ်သို့ လဲကျသွားသည်။ ထိုအလောင်းသည် အစိတ်စိတ်

အမွှာမွှာဖြစ်ကာ အလင်းစက်များ အဖြစ် ပျောက်ကွယ်သွားပြီးနောက် လင်းဟွမ်၏ လက်နှင့် ခန္ဓာကိုယ်ပေါ်တွင် ပေကျန်နေသော သွေးများလည်း ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် သူ၏လက်သီးချက်က ဤမျှ ပြင်းထန်လိမ့်မည်ဟု မမျှော်လင့်ထားသောကြောင့် ထိတ်လန့်တုန်လှုပ်နေသည်။ ထိုလူသည် သံချပ်ကာအင်္ကျီကို မဝတ်ဆင် ထားသော်လည်း ငွေအဆင့် (၃) ရှိနေသော လူတစ်ယောက်

ဖြစ်နေဆဲပင်။ သို့သော် လင်းဟွမ်၏ လက်သီး တစ်ချက်တည်းနှင့် သေဆုံးသွားခဲ့သည်။

"စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်နဲ့ ကြမ်းတမ်းရေး နည်းစနစ် ပေါင်းစပ်လိုက်တာ ဘယ်လိုတောင် အစွမ်းထက်သွားတာလဲ"

လင်းဟွမ်သည် မယုံကြည် နိုင်လောက်အောင် အံ့အောသင့်နေသည်။

"တိုက်ပွဲကို အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းရဲ့ပြိုင်ဘက်ကို တစ်ချက်တည်း သတ်ခဲ့တဲ့ အတွက် (၂) မှတ် ရမယ်"

လင်းဟွမ်သည် အကြောင်း ကြားချက်ကို ကြားပြီးနောက် သူ၏ ကိုယ်ပိုင်အမှတ်ကို ကြည့်လိုက်သည်။

"နာမည်ပြောင် ဓါးပါရမီရှင်"

"တိုက်ခိုက်ရေး အဆင့် - ငွေအဆင့် (၃)"

"တိုက်ပွဲ အရေအတွက် - (၁) ပွဲ"

"စုဆောင်း အမှတ် - (၂) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း - (၁၀၀) ရာခိုင်နှုန်း"

"တကယ်လို့ ပြိုင်ဘက်ကို တစ်ချက်တည်းနဲ့ ဆယ်ကြိမ်ဆက်တိုက် သတ်ဖြတ်နိုင်ရင် အမှတ် နှစ်ဆယ် မဟုတ်ဘူး အမှတ်လေးဆယ် ရမှာပေါ့"

လင်းဟွမ်သည် ပထမဆုံး တိုက်ပွဲ ပြီးသွားပြီးနောက် ယုံကြည်မှု ရှိလာခဲ့သည်။ သူ့တွင် အမှတ် တစ်မှတ်မှ မရှိသေးသောကြောင့် ပထမတိုက်ပွဲတွင် အားနည်းသော ပြိုင်ဘက်ကို တွေ့ခဲ့ပြီး အနိုင်ရရန် လွယ်ကူခဲ့ခြင်းသည် ပုံမှန်သာဖြစ်သည်။ ထို့ကြောင့် ပြိုင်ဘက်များကို

တစ်ချက်တည်းနှင့် သတ်ပစ်ရန် ပိုမြင့်မားသော ရည်မှန်းချက်ကို ထားရှိလိုက်သည်။

"ဒီတစ်ကြိမ် ကစပြီး အားလုံးကို တစ်ချက်တည်းနဲ့ သတ်ပစ်ဖို့ အကောင်းဆုံး ကြိုးစားမယ်"

လင်းဟွမ်က ဆုံးဖြတ်ချက် ချလိုက်သည်။

"ဆက်ပြီး တိုက်ခိုက်ချင်သေးလား"

လင်းဟွမ်၏ရှေ့တွင် အကြောင်း ကြားချက် ထွက်ပေါ်လာသည်။

"တိုက်ခိုက်မယ်"

လင်းဟွမ်က ချက်ချင်း ရွေးချယ်လိုက်သည်။

"စနစ်က မင်းရဲ့ ပြိုင်ဘက်ကို ရွေးချယ်ပေးနေပါတယ် ခေတ္တစောင့်ပါ။ ပြိုင်ဘက်ကို တွေ့ပါပြီ"

မကြာခင် တိုက်ပွဲ ကွင်းပြင်ပေါ်တွင် ပြိုင်ဘက်တစ်ယောက် ပေါ်လာသည်။ ရက်ရက်စက်စက် ဖော်ပြထားသော အဝတ်အစားကို ဝတ်ဆင်ထားသည့် အရုပ်ရှည်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

အမြင့် သုံးဆယ်စင်တီမီတာရှိသော အနက်ရောင် ခြေအိတ်ကို ဝတ်ဆင်ထားပြီး ခြေအိတ်ကို ပေါင်ရင်းအထိ ဆွဲတင်ထားသည်။ အနက်ရောင် သားရေ ဘောင်းဘီကို ဝတ်ဆင်ထားပြီး အပေါ်ပိုင်တွင် သားရေကြိုး ချောင်းလေးများကသာ သူမ၏ ရင်သားများကို ဖုံးအုပ်ထားသည်။ ကြိုးတစ်ချောင်းအကျီသာ ဖြစ်သောကြောင့် သူမ၏ ကျောပြင်၊ ပခုံးနှင့် လက်များက ထင်ရှားစွာ ပေါ်လွင်နေသည်။ သူမသည် အနက်ရောင် သတ္တု မျက်နှာဖုံးကို ဝတ်ဆင်ထားပြီး အဆိုပါ မျက်နှာဖုံးကို

သူမနှင့်အတူ ယူလာခြင်းဖြစ်ပြီး စနစ်က ထောက်ပံ့ထားခြင်း မဟုတ်ပေ။

သူမ၏ လက်ထဲတွင် အနက်ရောင် ကြာပွတ်ကို ကိုင်ထားပြီး လင်းဟွမ်ကို ဆက်စီကျကျ လှမ်းကြည့်နေသည်။ ထို့နောက် လင်းဟွမ်က သူမ၏အမှတ် စာရင်းကို လှမ်းကြည့်လိုက်သည်။

"နာမည်ပြောင်- သခင် ဘုရင်မ"

"တိုက်ခိုက်ရေး အဆင့် - ငွေအဆင့် (၃)"

"တိုက်ပွဲ အရေအတွက် - (၂၇) ပွဲ"

"စုဆောင်း အမှတ် - (၁၉) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း - (၈၅) ရာခိုင်နှုန်း"

"ဒီမိန်းကလေးက အနိုင်ရတဲ့ ရာခိုင်နှုန်း များတယ်။ အားကောင်းတယ် ထင်တယ်။ သူမက ကြာပွတ်သုံးတယ်ဆိုတော့ အဝေးက တိုက်ခိုက်တာပဲ ကောင်းလိမ့်မယ်။ အဲ့ဒီတော့ ငါက သူမအနားကို ကပ်နိုင်မှ ဖြစ်မယ်"

လင်းဟွမ်သည် ခပ်လှမ်းလှမ်းတွင် မတ်တပ်နေပြီး ထိုကောင်မလေးကို ခွဲခြမ်း စိတ်ဖြာနေသည်။

ထိုအမျိုးသမီးက လင်းဟွမ်၏ အမှတ်စာရင်းကို တည်တည်ငြိမ်ငြိမ် လှမ်းကြည့်နေသည်။

ရေတွက်မှု ပြီးဆုံးသွားသည်နှင့် လင်းဟွမ်က လှုပ်ရှားလိုက်စဉ် သူမက ကြာပွတ်နှင့် လှမ်းရိုက်သည်။

"အရှုံးပေးလိုက်ပါ ကလေးရယ်။ မင်းက လက်မြှောက်လိုက်ရင် ငါက မင်းကို ကောင်းမွန်တဲ့ အရာလေးတွေ ပေးမှာပါ"

သူမ၏အသံက စွဲဆောင်မှု ရှိလှသည်။

"စိတ် စွမ်းရည်လား"

လင်းဟွမ်သည် မျက်လုံး ပြူးသွားပြီး ထိုအမျိုးသမီးသည် စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု အချို့ကို ကျွမ်းကျင်ပုံရသည်။ သို့သော်လည်း လင်းဟွမ်သည် ဘက်စုံမြင်ကွင်းကို ပိုင်ဆိုင်ထားသဖြင့် စိတ်ပိုင်ဆိုင်ရာ တိုက်ခိုက်မှုများကြောင့် လုံးဝ မထိခိုက်နိုင်ပေ။

တိမ်ခြေလှမ်းကို အသုံးပြုပြီး သူမထံသို့ လျှပ်စီးကြောင်း တစ်ခုကဲ့သို့ လျင်မြန်စွာ ပြေးဝင်ရင်း

ထိုအမျိုးသမီး၏ ကြာပွတ်ရိုက်ချက်များကို အလွယ်တကူ ရှောင်ရှားနိုင်ခဲ့သည်။

"မင်း ငါ့ကို အရှုံးပေးလိုက်ရင် ငါက မင်းကို သေချာပေါက် ချစ်မိသွားလိမ့်မယ်"

လင်းဟွမ်၏ နားထဲတွင် ထိုအမျိုးသမီး၏အသံက ပွဲတင်သံ ထပ်နေသည်။

"မင်းက ဒါကို လုပ်ချင်တာ သေချာလား"

လင်းဟွမ်က ဘက်စုံမြင်ကွင်းကို အသက်သွင်းလိုက်ရာ မျက်လုံး သူငယ်အိမ်များ လှုပ်ခတ်လာသည်။

"မင်းက ငါ့ကို တကယ်ချစ်တာလား"

ထိုလူငယ်လေးသည် မည်သည့်နေရာကို သွားသွား သူမနှင့် အမြဲတမ်း ဝေးကွာနေသလို ဖြစ်နေခဲ့သည်။

"ဒါပေါ့ ငါက မင်းလို ကောင်လေးတွေကို အမြဲတမ်း သဘောကျတယ်"

အမျိုးသမီးက ပြုံးပြီး

“လာ ငါ့စကားကို နားထောင်ပြီး အရှုံးပေးလိုက်”

“ငါ.....”

လူငယ်လေးက စကားပြောလိုက်သည့် အချိန်၌ ထိုမိန်းကလေးသည် ပြင်းထန်သော အန္တရာယ် အငွေ့အသက်တစ်ခုက သူမထံ တိုးဝင်လာကြောင်း ခံစားလိုက်ရသည်။ ထွက်ပြေးရန် စဉ်းစား လိုက်သော်လည်း လူငယ်လေး၏အသံက သူမ နားထဲသို့ တိုးဝင်လာသည်။

"မင်းရဲ့ အိမ်မက် လှလှလေးတွေ အခုပဲ အဆုံးသတ်သွားပြီ"

မိန်းကလေးသည် သူမ၏ဗိုက်တွင် ကြီးမားသော နာကျင်မှုကို ခံစားလိုက်ရသည်။ ငုံ့ကြည့်လိုက်ရာ ပန်းကန်လုံးအရွယ် အပေါက်ကြီး တစ်ခုဖြစ်နေပြီး ဗိုက်က ဟောင်းလောင်း ပွင့်နေသည်။

ထို့နောက် ခေါင်းမော့ကြည့်လိုက်ရာ ငွေရောင် မျက်နှာဖုံး ဝတ်ဆင်ထားသော လူငယ်လေးက သုံးမီတာအကွာတွင် မတ်တပ်ရပ်နေပြီး ခံစားချက် ကင်းမဲ့သော မျက်နှာနှင့် သူမကို စိုက်ကြည့်နေသည်။

ခဏအကြာ အမျိုးသမီး၏ ခန္ဓာကိုယ်သည် လဲကျသွားပြီး အင်္ကျီလက်စပေါ်က သွေးများလည်း ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် သူရပ်နေသော နေရာပေါ်တွင် မတ်တပ်ရပ်ပြီး အကြံများစွာ ပြုံးလိုက်သည်။

"ဒီမှာ တခြားစွမ်းရည်တွေ အသုံးချလို့ရတာ မသိခဲ့ဘူး။ ကြည့်ရတာ ဓါးနည်းစနစ်နဲ့ တိုက်ခိုက်ရေး စွမ်းရည်အပြင် ငါ့ရဲ့ မွန်းစတား စွမ်းရည်တွေလဲ သုံးလို့ရနိုင်မယ့်ပုံပဲ"

"တိုက်ပွဲကို အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

“ပြိုင်ဘက်ကို တစ်ချက်တည်း သတ်နိုင်တဲ့အတွက် အမှတ် (၂) မှတ် ရပါတယ်”

“ဆက်ပြီး တိုက်ခိုက်ချင်သေးလား”

“တိုက်ခိုက်မယ်”

လင်းဟွမ်က ချက်ချင်း ရွေးချယ်လိုက်သည်။

“မင်းရဲ့ ပြိုင်ဘက်ကို ရွေးချယ်နေပါတယ်။ ရွေးချယ်မှု ပြီးဆုံးသွားပါပြီ”

လင်းဟွမ်၏ တတိယမြောက် ပြိုင်ဘက်ကို ကွင်းထဲသို့ စေလွှတ်လိုက်သည်။

## အခန်း(၁၈၆) - ရွှေမုဆိုးအဆင့် အဖြစ် ရာထူးတိုးခံရခြင်း။

မော်မျက်လုံး အတားအစီးကြောင့် နတ်ဆိုးအရိပ် (တတိယမြောက် ပြိုင်ဘက်) သည် ထိုနေရာမှာပင် တောင့်တင်းသွားသည်။

လင်းဟွမ်က လက်သီးဖြင့် ထိုးလိုက်ရာ ခေါင်းသည် ပေါက်ကွဲသွားသည်။ ဦးနှောက်ထဲရှိ သွေးနှင့် အဖြူရောင်အနှစ်များ ပြန့်ကျဲသွားသည်။

ထို့နောက် ဦးခေါင်းမပါသော ခန္ဓာကိုယ်ကြီးသည် လဲကျပြီး ပျောက်ကွယ်သွားသည်။

"တိုက်ပွဲကို အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ပြိုင်ဘက်ကို တစ်ချက်တည်း သတ်နိုင်ခဲ့တဲ့ အတွက် အမှတ် (၂) မှတ် ရတယ်"

"ပွဲ (၃၀) ဆက်တိုင် အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် တစ်ခေါက်တည်းနှင့် ပွဲ (၃၀) ဆက်တိုက် အနိုင်ရခဲ့သဖြင့် ဓါးပါရမီရှင်ဟူသော

နာမည်သည် ယခုအခါတွင် လူသိများလာခဲ့သည်။ ပွဲ(၂၀) တက်တိုက် အနိုင်ရခဲ့သည့် အချိန်ကတည်းက လာကြည့်သည့်လူများ ရှိလာခဲ့သည်။ ပွဲ (၃၀) မြောက်တိုက်ပွဲတွင် တိုက်ပွဲကွင်းပြင် အမှတ် (၁၈၀) ၌ လူငါးရာကျော် လာကြည့်ခဲ့ကြသည်။

"ဆက်ပြီး တိုက်ခိုက်ချင်သေးလား"

လင်းဟွမ်သည် အကြောင်းကြားချက်ကို ကြားသောအခါ နာရီကို ကြည့်လိုက်လျှင် ည ကိုးနာရီခွဲ ရှိနေပြီ ဖြစ်သဖြင့် ထွက်ခွာရန်

ဆုံးဖြတ်လိုက်သည်။ သူ့ခန္ဓာကိုယ်သည် တိုက်ပွဲကွင်းပြင်ထဲမှ ပျောက်ကွယ်သွားသည်။

“ကိုးနာရီခွဲပဲ ရှိသေးတယ်။ ဘာလို့ စောစောထွက်သွားတာလဲ။ သူ့မှာ တစ်ခြားလုပ်စရာတွေ ရှိနေသေးလို့လား”

“သူ ပင်ပန်းသွားတာ ဖြစ်လိမ့်မယ်။ တိုက်ပွဲ သုံးဆယ် ဆက်တိုက် တိုက်ခိုက်ခဲ့ရတာ အနားယူချင်တာ ပုံမှန်ပဲ”

“သူ့နာမည်က ဓါးပါရမီရှင်နော်။ ထူးဆန်းတာက ဓါးနဲ့ တိုက်ခိုက်တာ တစ်ခါမှ မမြင်ဖူးသေးဘူး”

"ငါကြည့်ခဲ့တဲ့ တိုက်ပွဲဆယ်ခုလုံးက အနီးကပ် တိုက်ခိုက်ခဲ့တာကြီးပဲ"

"နာမည်က ဓါးပါရမီရှင် ဖြစ်တာနဲ့ ဓါး သုံးရမယ်လို့ ဘယ်သူမှ မပြောထားဘူး"

...

လင်းဟွမ် ထွက်ခွာသွားသည်ကို မြင်လျှင် ပရိတ်သတ်များက သူတို့ အချင်းချင်း စတင် ဆွေးနွေးကြသည်။

လင်းဟွမ်သည် ကွင်းထဲမှ ထွက်လာပြီးနောက် ခြောက်ထပ်မြောက် ခန်းမထဲတွင် ပေါ်လာသည်။

"အမည်ပြောင် - ဓါးပါရမီရှင်"

"တိုက်ပွဲအဆင့် - ငွေအဆင့် (၃)"

"တိုက်ပွဲ အရေအတွက် - (၃၀)"

"စုဆောင်း အမှတ် - (၂၈၀) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း - (၁၀၀) ရာခိုင်နှုန်း"

လင်းဟွမ်သည် သူ၏ အမှတ်များကို ကြည့်ပြီးနောက် ဂိမ်းထဲမှ ထွက်ခွာသွားသည်။

လင်းဟွမ်သည် သူ၏အသိစိတ်က ခန္ဓာကိုယ်ထဲသို့ ပြန်ရောက်လာသောအခါ ဂိမ်း မျက်နှာပြင်ကို ပိတ်လိုက်ပြီး ရိုက်ကူးခဲ့သော တိုက်ပွဲ ဗီဒီယို မှတ်တမ်းများကို ပြန်ကြည့်လိုက်သည်။

ယခင်က လင်းဟွမ်သည် လူသားများနှင့် တိုက်ပွဲဝင်ရန် အခွင့်အရေးများစွာ မရခဲ့ပေ။

တိုက်ပွဲ (၃၀) က သူ့ကို သိသိသာသာ တိုးတက်စေခဲ့သည်။ တိုက်ပွဲတိုင်းတွင် တိုးတက် လာခဲ့သည်။ သို့သော် တိုးတက်ရန် နေရာများစွာ ကျန်နေသေးကြောင်း သတိထားလိုက်မိသည်။

တိုက်ပွဲ ဗီဒီယို တစ်ခုခြင်းစီကို အသေးစိတ် ကြည့်ရှုပြီးနောက် သူ၏တိုးတက်မှုက သိသာ ထင်ရှားနေကြောင်း သတိပြုလိုက်မိသည်။ သို့သော် အမှားအချို့ကိုလည်း တွေ့လိုက်ရသည်။ ဗီဒီယို အားလုံးကို ကြည့်ပြီးနောက် ကောက်ချက် မချခင် အကြိမ်ကြိမ် ပြန်ကြည့်လိုက်သည်။

"ငါ့ရဲ့ အားသာချက်က ငါ့ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံက တခြားငွေအဆင့် (၃) တွေထက် အများကြီး ပို အစွမ်းထက်တယ်။ ငါ့ရဲ့ခွန်အားက မဟာလူသား ခွန်အားကြောင့် ဆယ်ဆ

ပိုတိုးလာတယ်။ ငါနဲ့အဆင့်တူတဲ့ လူနဲ့ဆိုရင် အင်အားက ဆယ့်လေးဆ ပိုများတယ်။ ဒါက ရွှေအဆင့် (၃) မှာ ရှိနေတဲ့ လူအများစုထက်တောင် ကျော်နေပြီ”

“မဟာ အကြမ်းခံမှုနဲ့ဆိုရင် ငါ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံရဲ့ ခံနိုင်ရည်နဲ့ လိုက်လျောညီထွေဖြစ်မှုက ရွှေအဆင့် (၃) နဲ့ နှိုင်းယှဉ်နိုင်တယ်။ ငါ့ရဲ့ အကြွင်းမဲ့ခုခံမှုက လက်သင်အဆင့်မှာ ရှိနေသေးတယ် ဆိုပေမယ့် ငါ့ရဲ့ ခုခံနိုင်စွမ်းကို ငါးဆ တိုးပေးထားတယ်။ နောက်ပြီးတော့

ဘက်စုံမြင်ကွင်းက အခြားလူတွေထက်စာရင် အမြင်အာရုံကို ပိုပြီး တိကျစေတယ်”

“ဒါက ငါ့မှာရှိနေတဲ့ ရုပ်ပိုင်းဆိုင်ရာ အားသာချက်တွေပဲ။ ရွှေအဆင့်သုံးနဲ့ ယှဉ်လို့မရတဲ့ တစ်ခုတည်းသော အားနည်းချက်က ငါ့ရဲ့ အမြန်နှုန်းပဲ။ ငါ့ရဲ့တိုက်ခိုက်မှု အမြန်နှုန်း၊ တုန့်ပြန်မှု အမြန်နှုန်းနဲ့ ရွေ့လျားမှုနှုန်း ဒါတွေကို ပေးဆပ်ရတယ်လို့ သတ်မှတ်ရမယ်။”

“ ငါ့ရဲ့ ခန္ဓာကိုယ် လှုပ်ရှားမှု၊ တိုက်ခိုက်ရေး စွမ်းရည် တုန့်ပြန်မှုနှုန်းက ပါးနပ်သောလက်ကြောင့်

တိုးမြှင့်လာတယ် ဆိုပေမယ့် ငါရဲ့ အမြန်ဆုံးနှုန်းက သာမန်ငွေ အဆင့် (၃) လောက်ပဲ ရှိသေးတယ်။”

“နိဂုံးချုပ်အနေနဲ့ ကောက်ချက်ချရမယ်ဆို ငါ့ရဲ့ စွမ်းရည်က ငွေအဆင့် (၃) မှာ ထိပ်ဆုံးက ရပ်တည်နေတယ် ရွှေအဆင့် (၃) ကစားသမားတွေကို မတိုက်ခိုက် နိုင်သေးပေမယ့် ရွှေအဆင့် (၂) က ကစားသမားတွေကိုတော့ အနိုင် ယူနိုင်တယ်။ ဒါပေမယ့် နှိုင်းယှဉ်ကြည့်မယ်ဆို တိုက်ပွဲကွင်းပြင်ထဲမှာရှိတဲ့ ငွေအဆင့် (၃) စီနီယာ ကစားသမားတွေနဲ့ ယှဉ်လိုက်ရင် ငါက

တိုက်ပွဲအတွေ့အကြုံ နည်းတယ်။ ဗီဒီယိုတွေကို ပြန်ကြည့်တဲ့ အကြိမ်တွေများလာတိုင်း ငါက တည်ငြိမ်မှု မရှိဘူး။”

“ အပိုလှုပ်ရှားမှုတွေနဲ့ အာနည်းချက်ကို အလွယ်တကူ ဖော်ပြနေတယ်။ အချိန်မီ တုံ့ပြန်နိုင်ပေးမယ့် လက်ဦးအောင် တိုက်ခိုက်နိုင်မယ့် အခွင့်အရေးတွေ အများကြီး ဆုံးရှုံးခဲ့တယ်။ တိုက်ပွဲစည်းချက်တွေ ပိုကျွမ်းကျင်လာတဲ့ အခါကျမှ အခွင့်အရေးရအောင် လုပ်ရမယ်”

လင်းဟွမ်သည် သူ၏ အားသာချက်နှင့် အားနည်းချက်များကို ခွဲခြမ်း စိတ်ဖြာပြီးနောက် တစ်ခုပြီးတစ်ခု စာရင်း ပြုစုလိုက်သည်။ ထို့နောက် တိုးတက်မှု အစီအစဉ်ကို ချရေးပြီး အင်ပါယာ နှလုံးသား လက်စွပ်ထဲတွင် မှတ်တမ်း တင်ထားလိုက်သည်။

"မနက်ဖြန်ကစပြီး ငါ့ရဲ့ အားနည်းချက်တွေကို တိုးတက်လာအောင် အစွမ်းကုန်ကို ကြိုးစားမယ်။ တစ်ရက်ကို တိုက်ပွဲဆယ်ကြိမ်ပဲ တိုက်ခိုက်မယ်။ တိုက်ပွဲပြီးရင် ငါ့ရဲ့ ချို့တဲ့အားနည်းနေတဲ့

အချက်တွေကို နိဂုံးချုပ် ကောက်ချက်ချပြီး နောက်တစ်ခေါက် ထပ်တိုးတက်အောင် လုပ်ရမယ်”

လင်းဟွမ်သည် ထိုကဲ့သို့ ဆုံဖြတ်ချက်ချလိုက်သည်။ ထိုကဲ့သို့ လုပ်ဆောင်ပြီးသောအခါ ညဆယ့် နှစ်နာရီ ထိုးနေသဖြင့် ရေချိုးပြီး အိပ်ရာဝင်လိုက်သည်။

နောက်တစ်နေ့ မနက် ရှစ်နာရီတွင် လင်းဟွမ်သည် အိပ်ရာမှ ပြန်နိုးလာပြီး ရေချိုးပြီးသည်နှင့် ထမင်းစားလိုက်သည်။ မနက်စာ စားပြီးသောအခါ မနက်ကိုးနာရီ ထိုးခါနီးနေပြီ။

လင်းဟွမ်သည် တိုက်ပွဲကွင်းပြင်ထဲသို့ ဝင်ရန် အဆင်သင့်ဖြစ်နေစဉ် မက်ဆေ့ချ် တစ်ခုကို ရလိုက်သည်။ ထိုမက်ဆေ့ချ်ကို ဖတ်ပြီးနောက် ကြောင်သွားသည်။

(မစ္စတာ လင်းဟွမ်၊ အကဲဖြတ်မှုမှာ မင်းရဲ့ ထူးချွန်တဲ့ လုပ်ဆောင်မှုကြောင့် အကဲဖြတ်မှုကို အောင်မြင်တယ်လို့ သတ်မှတ်ပြီး ရွှေအဆင့် မုဆိုးအဖြစ် ရွေးချယ်ခံရတဲ့အတွက် ဂုဏ်ပြုပါတယ်)

"ငါက အခုဆိုရင် ရွှေအဆင့် မုဆိုး ဖြစ်သွားပြီလား"

"အစောပိုင်းက ပြောခဲ့သလိုပဲ မစ္စတာဖူး ပြောခဲ့သလို ငါ့ကို အထူးလေ့ကျင့်ရေးမှာ စာရင်း မသွင်းနိုင်လို့ အစားထိုးပြီး ရွှေအဆင့် မြင့်တင်ပေးလိုက်တာပဲ ဖြစ်မယ်"

"ဒါလည်း မဆိုးပါဘူး။ အနည်းဆုံးတော့ ငါ ရယူနိုင်တဲ့ သတင်းအချက်အလက်တွေ အားလုံးက သာလွန်အဆင့် နီးပါးတော့ ရောက်သွားပြီပေါ့"

သို့သော်လည်း လင်းဟွမ်သည် ကိစ္စ နောက်တစ်ခုကို ချက်ချင်း တွေးလိုက်မိသည်။

"ငါက ရွှေအဆင့်မုဆိုး ဖြစ်နေပြီဆိုတော့ တိုက်ပွဲကွင်းပြင်ထဲမှာ ငါ့ရဲ့=လုပ်ပိုင်ခွင့်ကို အဆင့်မြင့်ထားမှာပဲ။ ရွှေအဆင့် တိုက်ပွဲတွေကို အခုပဲ ကြည့်လိုက်မယ်"

လင်းဟွမ်သည် မုဆိုးတိုက်ပွဲ ကွင်းပြင်ကို ချက်ချင်း ဖွင့်လိုက်သည်။ သူ၏တံဆိပ်သည် ယခုအခါ ရွှေရောင် ဖြစ်နေသည်။ ရွှေမုဆိုးအဖြစ် သူ၏လုပ်ပိုင်ခွင့်သည် မြင့်တက်လာခဲ့ပြီး တိုက်ပွဲကွင်းပြင်ထဲတွင် ပထမထပ်မှ ကိုးထပ်အထိ လှည့်ပတ် သွားလာနိုင်ရုံသာမက လူလွတ်သော

ထိုင်ခုံများတွင် ထိုင်၍ တိုက်ပွဲများကို တိုက်ရိုက်ကြည့်ရှုနိုင်သည်။

ခုနစ်ထပ်မြောက်နှင့် အောက်ထပ်ရှိ တစ်ယောက်ခြင်း တိုက်ပွဲများကို အခမဲ့ ပြန်ကြည့်နိုင်သည်။ ရွှေမုဆိုး တစ်ယောက်အနေနှင့် ခုနစ်လွှာနှင့် အောက်ထပ်ရှိ တိုက်ရိုက် တိုက်ပွဲများကို အခမဲ့ ကြည့်ရှုနိုင်သည်။ သို့သော် ခုနစ်ထပ်မှ ကိုးထပ်အထိ တိုက်ရိုက် တိုက်ပွဲများကို ကြည့်ချင်ပါက ပိုက်ဆံပေးရန် လိုအပ်သည်။

ငွေမုဆိုးများ=အတွက်မူ သူတို့သည် စတုတ္ထနှင့် အောက်ထပ်ရှိ တိုက်ရိုက် တိုက်ပွဲများကိုသာ အခမဲ့ ကြည့်ရှုနိုင်သည်။ ငွေအဆင့်၏ တိုက်ပွဲများကို ပြန်လည် ကြည့်ရှုချင်ပါက ထိုအတွက် ပိုက်ဆံ ပေးချေရသည်။

လင်းဟွမ်သည် ကြေးအဆင့် မုဆိုးတစ်ယောက် ဖြစ်ခဲ့စဉ်က ငွေပေးသော်လည်း ပထမထပ်နှင့် တတိယထပ်အထိ တိုက်ပွဲများကိုသာ ကြည့်ရှု နိုင်ခဲ့သည်။ ပိုက်ဆံ ပေးချင်လျှင်ပင် လေးထပ်နှင့် ခြောက်ထပ်ရှိ တိုက်ပွဲများကို ကြည့်ရှုခွင့် မရှိပေ။

သို့သော် ယခုမူ အဆင့်မြင့်တက်မှုနှင့်အတူ သူ၏ကျွမ်းကျင်မှုကို စုဆောင်းရန်၊ မြှင့်တင်ရန် သူကြည့်ချင်သော တိုက်ပွဲများကို ပြန်လည်ကြည့်ရှုနိုင်ပြီ။

လင်းဟွမ်သည် ခြောက်ထပ်မြောက်ရှိ ငွေစာရင်းဦးဆောင်သူ စာရင်းကိုဖွင့်ပြီး ထိပ်ဆုံးမုဆိုးဆယ်ယောက်၏ တိုက်ပွဲအားလုံးကို ဗီဒီယိုဒေါင်းလုဒ် လုပ်လိုက်သည်။

အဆင့်တစ်ဆယ်တွင် ရှိနေသော လူငယ်ကို မယုံနိုင်စရာ ကံကြမ္မာပြောင်းလဲသူဟု နာမည်

ပေးထားသည်။ လူငယ် တစ်ယောက်ဖြစ်ပြီး အောင်မြင်မှု ရာခိုင်နှုန်းမှာ (၆၈) ရာခိုင်နှုန်း ရှိနေကာ စုဆောင်းထားသော အမှတ်များသည် တစ်သောင်း တစ်ထောင်ထက် ပိုများသည်။

တိုက်ပွဲပေါင်း လေးထောင်ကျော် တိုက်ပွဲဝင်ခဲ့ပြီး တိုက်ပွဲပေါင်းတစ်ထောင်ကျော်သည် ငွေအဆင့် (၃)တွင် ရှိသည်။ နောက်ရက် များတွင် လင်းဟွမ်သည် တိုက်ပွဲကွင်းပြင်ထဲ မဝင်ဖြစ်ခဲ့ပေ။ ထိုအစား ထိပ်ဆုံး မုဆိုးဆယ်ယောက်၏ တိုက်ပွဲများကို ပြန်လည် ကြည့်ရှုနေခဲ့သည်။

ဗီဒီယိုကြည့်ခြင်းဖြင့် မှတ်သားစရာ အများကြီး ရရှိခဲ့သည်။ တိုက်ပွဲတိုင်းတွင် အကြောင်းအရာ များစွာကို သင်ယူနိုင်ခဲ့သည်။ ဤကဲ့သို့ဖြင့် အာကာသယာဉ်ပေါ်ရှိ ဆယ့်တစ်ရက်တာ ခရီးစဉ်သည် လျင်မြန်စွာ ကုန်ဆုံးသွားခဲ့ပြီး လင်းဟွမ်သည် တိုခရီးစဉ် အတွင်းတွင် စားသောက်ခြင်းနှင့် အိပ်စက်ခြင်းအပြင် ကျန်သည့် အချိန်အားလုံးကို ဗီဒီယိုကြည့်ခြင်းဖြင့် ကုန်ဆုံး လာခဲ့သည်။

လင်းဟွမ်သည် နောက်ထပ် ဆယ်ရက်အတွင်း၌ အဆင့်တစ်ဆယ်ဖြစ်သော မယုံနိုင်စရာ ကံကြမ္မာ ပြောင်းလဲသူနှင့် အဆင်းကိုးဖြစ်သည့် ဆား (၃၆) တို့၏ ဗီဒီယိုအားလုံးကို ကြည့်နေခဲ့သည်။

ညနေ လေးနာရီ ထိုးပြီးနောက် နတ်ဆိုး သလင်းကျောက် အာကာသယာဉ်သည် ပချီမြို့တွင် ဆင်းသက်လာခဲ့သည်။

လင်းဟွမ်သည် အလက်ဇန္ဒြားလင်းယုန်ကို စီးပြီး ဝူလင်မြို့သို့ ပြန်ရောက်သွားသောအခါ လင်းရှင်က ကျောင်းပြီး သွားခဲ့သည်။

လင်းဟွမ်က အိမ်သို့ပြန်လာစဉ် လင်းရှင်တို့ နှစ်ယောက်လုံးသည် သူ့ထံ ပြေးလာကြသည်။ လင်းဟွမ်က ခေါင်းနှစ်ခေါင်းကို ပွတ်သပ်ရင်း အခန်းထဲသို့ ခေါ်ဆောင်သွားသည်။

ပချီမြို့မှ ဝယ်လာခဲ့သော အမှတ်တရ ပစ္စည်းအားလုံးကို ထုတ်ပေးလိုက်သည်။ ထိုအရာ အားလုံးသည် အစားအသောက်များနှင့် ကစားစရာများ ဖြစ်သည်။

အမှတ်တရ လက်ဆောင်များ ပေးပြီးနောက် အစားအသောက်များကို ရေခဲသေတ္တာထဲတွင် ထည့်သွင်း၍ သိမ်းထားလိုက်သည်။

"အကို မင်းက ဘာလို့ ဒီလောက်အစောကြီး ပြန်လာတာလဲ။ မင်းပြောတော့ နှစ်လလောက် ကြာမယ်ဆို အခုတော့ တစ်လပဲ ရှိသေးတယ်"

လင်းရှင်က သတိရပြီး မေးလိုက်သည်။

"တစ်ခုခုဖြစ်ခဲ့လို့ ငါတို့ရဲ့ အကဲဖြတ်မှုကို ရပ်ဆိုင်းလိုက်တယ်။ လူတိုင်းကိုလည်း ပုံမှန် မှဆိုးလိုင်စင် ထုတ်ပေးလိုက်တယ်"

လင်းဟွမ်က ပြုံးပြီး ပြောလိုက်သည်။

"ဒီဌိတွေရဲ့ ကျူးကျော်မှုကြောင့်လား"

လင်းရှင်သည် ထိုသတင်းကို မြင်ခဲ့ဖူးသည်။ သို့သော်လည်း လင်းဟွမ်က မည်သည့်နေရာတွင် အကဲသွားဖြတ်လဲဆိုသည်ကို သေသေချာချာ မသိခဲ့ပေ။

လင်းဟွမ်သည် အံ့ဩသင့်သွားသည်။ ထို့နောက် ခေါင်းငြိမ့်ပြလိုက်သည်။

"မင်းက သူတို့နဲ့ မတိုက်ခိုက်ခဲ့ဖို့ မျှော်လင့်တယ်"

လင်းရှင်က စိတ်ပူနေသည်။

“ဒါပေါ့ ဒီလိုမှမဟုတ်ရင် မင်းတို့ရှေ့မှာ ဒီလို ရပ်နေနိုင်မှာ မဟုတ်ဘူး”

လင်းဟွမ်က ပြုံးလိုက်ပြီး သေဘေးမှ ကပ်သီလေးလွတ်မြောက်ခဲ့သည့် အကြောင်းကို လင်းရှင်အား ပြန်ပြောပြရန် အစီအစဉ်မရှိပေ။

“ခါးစာခံတွေက သနားစရာ ကောင်းတယ်”

လင်းရှင်သည် စိတ်မကောင်း ဖြစ်နေသေးသည်။

“တော်ပြီ အများကြီး သိပ်မတွေးနဲ့”

လင်းဟွမ်သည် ထိုအကြောင်းအရာကို ဆက် မပြောချင်တော့ပေ။

"နွေရာသီ အားလပ်ရက်က တစ်လခွဲလောက် ရှိတယ် မဟုတ်လား"

"ဟုတ်တယ် နှစ်ပတ် ကုန်သွားပြီ"

လင်းရှင်သည် နောက်တစ်ကြိမ် ဝမ်းသာ သွားပြန်သည်။ ကျောင်းသား အားလုံး အတူတူပင်။ ကျောင်းပိတ်ရက်ကြီး ရောက်လာသောအခါ သူတို့၏ စိုးရိမ်ပူပန်မှုများ အားလုံးကို မေ့ပျောက် သွားကြသည်။

"နှစ်သစ်ကူးပြီးရင် နှင်းတံတား မြို့ကို သွားကြမယ် သိပ်မဝေးဘူး"

လင်းဟွမ်က အကြံပြုလိုက်သည်။ လင်းရှင်သည် ထိုအကြံအစည်ကို စိတ်အား ထက်သန်သည့်ပုံ မရပေ။

သူမသည် သွားချင်သော်လည်း ဒိဋ္ဌိများ၏ ကျူးကျော်မှုအကြောင်းကို တွေးပြီးနောက် တွေဝေ နေသည်။ လင်းဟွမ်က သူမ၏အတွေးကို သိလိုက်သည်။ သူမ၏ခေါင်းကို ပွတ်သပ်လိုက်ကာ

“စိတ်မပူနဲ့ ဒီတစ်ခေါက်တော့ ဘာမှ မဖြစ်လာတော့ဘူး။ အခုဆိုရင် ငါက တရားဝင်မုဆိုး ဖြစ်နေပြီ ငါက ဘယ်လောက် အစွမ်းထက်တယ် ဆိုတာ ဒီကောင်တွေကို ကောင်းကောင်း ပြလိုက်မယ်”

လင်းရှင်က ခေါင်းငြိမ့်လိုက်သည်။ လင်းဟွမ်သည် လင်းရှမ်ကို ကြည့်လိုက်ပြီး

“လင်းရှမ် ငါ မရှိတဲ့အချိန်မှာ မင်းအစ်မ ပြောတဲ့စကားကို နားထောင်ရဲ့လား”

လင်းရှမ်က ချက်ချင်း ခေါင်းငြိမ့်ပြသည်။

"လင်းရွှမ်က တော်ပါတယ်။ နေ့တိုင်းစားတယ်၊ ဂိမ်းဆော့တယ်၊ အိပ်တယ်။ သူက သေနတ် မစွတာဂိမ်းတောင် ကျွမ်းကျင်နေပြီ တစ်ခေါက်တောင် မရှုံးဖူးဘူး"

လင်းရှင်က ပြောလိုက်သည်။

"တကယ်လား"

လင်းဟွမ် မျက်ခုံးပင့်သွားသည်။

လင်းရွှမ်ကို ကြည့်ပြီးနောက် လင်းရွှမ် စွမ်းဆောင်ခဲ့သော အဆင့်မြင့် ဓါးကျင့်စဉ် အကြောင်းကို ပြန် အမှတ်ရသွားသည်။

(လင်းရွှမ်က သေနတ်ပစ်တဲ့ နေရာမှာလည်း ပါရမီပါတာလား)

"ကဲ မင်းရဲ့ဗီဒီယို မှတ်တမ်းတွေရှိလား ငါ့ကို ပြပါဦး"

လင်းဟွမ်က လင်းရွှမ်ကို မေးလိုက်သည်။

လင်းရွှမ်က ခေါင်းငြိမ့်လိုက်ပြီး လင်းဟွမ်အတွက် ဗီဒီယို ဆယ်ခုကျော် ပို့ပေးလိုက်သည်။

လင်းဟွမ်သည် ထိုဗီဒီယိုထဲမှတစ်ခုကို ကျပန်း ရွေးချယ်ကာ ဖွင့်ကြည့်လိုက်သည်။

လင်းရွှမ်က ပြိုင်ဘက်များနှင့် တိုက်ခိုက်နေသည့် ဖြစ်စဉ် တစ်ခုလုံးကို မြင်နိုင်သော ကစားသူ၏ ရှုထောင့်မှ ရိုက်ကူးပုံဖော် ထားသည်။

လင်းဟွမ်သည် ပထမဗီဒီယိုကို ပြီးဆုံးအောင် ကြည့်ပြီးနောက် ထိတ်လန့်သွားသည်။ လင်းရွှမ်၏ စွမ်းဆောင်မှုများသည် ပြီးပြည့်စုံလွန်းသည်။

သေနတ်ပစ်စွမ်းရည် သို့မဟုတ် တိုက်ပွဲဝင် သတိရှိမှုတွင် ချို့ယွင်းချက် မရှိပေ။

လင်းဟွမ်သည် လင်းရွှမ် လုပ်ဆောင်ခဲ့သော အရာအချို့ကိုပင် မစွမ်းဆောင်နိုင်ခဲ့ပေ။

လင်းဟွမ်သည် ဗီဒီယို နောက်နှစ်ခုကို ထပ်ကြည့်ပြီးနောက် အချက်တစ်ချက် သေချာသွားခဲ့သည်။

လင်းရွှမ်သည် ဓါးကိုင်သည့်နေရာတွင် ထက်မြက်ရုံသာမက သေနတ်ကိုင်သည့် နေရာမှာလည်း မယုံနိုင်စရာ ကောင်းလောက်အောင် ထူးချွန်နေသည်။

"ဒီကလေးက  ပါရမီရှင်လား"

## အခန်း(၁၈၇) - သူက ပြီးခဲ့တဲ့ ၁၀ ရက်က ထက်တောင် ပိုပြီး အန္တရာယ်များလာတယ်။

"လင်းရှမ် ဒီကို လာခဲ့အုံး"

လင်းဟွမ်က လင်းရှမ်ကို လက်ပြပြီး အော်ခေါ်လိုက်ရာ လင်းရှမ်က သူထံ တိတ်တဆိတ် လမ်းလျှောက်လာသည်။

" မင်းလက် ငါ့ကိုပေး။"

လင်းဟွမ်က လက်ကို ဆန့်ထုတ်ပြီး ပြောလိုက်သည်။

“တကယ်လို့ မင်းမှာ အဆင်မပြေတာရှိရင် ငါ့ကို ပြော။ ငါ ရပ်လိုက်မယ်”

လင်းရှမ်က ခေါင်းညိတ်လိုက်ပြီး လင်းဟွမ်၏ လက်ဖဝါးပေါ် လက်တင်လိုက်သည်။ လက်နှင့် ထိလိုက်ပြီးနောက် လင်းဟွမ်၏ လက်ဖဝါးပေါ်တွင် ငွေရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး လင်းရှမ်၏ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားသည်။

လင်းဟွမ်၏ ကံကြမ္မာ စွမ်းအားများသည် လင်းရှမ်၏ ခန္ဓာ ကိုယ်ထဲတွင် အေးအေးလူလူ လျှောက်သွားနေသည်။ ထူးထူးခြားခြား ဘာမျှ မတွေ့ရပေ။ လင်းရှမ်က အဆင်မပြေဖြစ်ခြင်း သို့မဟုတ် နာကျင်ခြင်းများ မခံစားရပေ။

လင်းဟွမ်သည် လင်းရှမ် ခန္ဓာကိုယ်ထဲတွင် ကံကြမ္မာ စွမ်းအားများကို မည်သည့် တုံ့ပြန်မှုမှ မပြသဖြင့်

“သူက သာမန် လူတစ်ယောက်ပဲ”

လင်းရွှမ်၏ အရည်အချင်းများသည် မည်သည့်နေရာမှ ရောက်လာလည်း ဆိုသည်ကို လင်းဟွမ်လည်း မသိတော့ပေ။ ထို့နောက် ကံကြမ္မာစွမ်းအားများ အနည်းငယ် ကုန်ဆုံးသွားကြောင်း သတိထား လိုက်မိသည်။ သို့သော် သာမန်ပဲဟု တွေးလိုက်ပြီး စိတ်ထဲ မမှတ်ထားတော့ပေ။

"မသက်မသာ ခံစားရလား"

လင်းဟွမ်က လင်းရွှမ်၏ ခန္ဓာကိုယ်ကို စစ်ဆေးပြီးနောက် မေးလိုက်သည်။

လင်းရှယ် ခေါင်းခါလိုက်သည်။

“ကောင်းတယ်။ ဒီနှစ်ရက် အတွင်း သေနတ်မစ္စတာ ဂိမ်းလက်စွပ် ကွင်းနှစ်ကွင်း ထပ်ဝယ်လိုက်မယ်။ မင်းနဲ့မင်းအစ်မတို့ အလှည့်ကျ ကစားနေစရာ မလိုတော့ဘူး”

လင်းဟွမ်က လင်းရှမ်၏ခေါင်းကို ပုတ်ရင်း ပြောလိုက်သည်။

လင်းရှင်က

"အစ်ကို လင်းရှမ်မှာ အင်ပါယာ နှလုံးသား လက်စွပ် မရှိဘူး၊ အဲဒီလို ဖြစ်နေတော့ သေနတ်မစ္စတာဂိမ်းထဲမှာ အကောင့်တစ်ခု စာရင်းသွင်းလို့ မရဘူး မဟုတ်လား။ သူ့ကို တစ်ခုလောက် လုပ်ပေးလို့ မရဘူးလား"

"ရတယ်၊ ငါ အပြင်ထွက်ပြီး လုပ်လာခဲ့မယ်"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

လင်းရှမ်အတွက် အထောက်အထားတစ်ခု ရရှိစေရန် ပြည်ထောင်စု အစိုးရရုံးသို့

ခေါ်ဆောင်သွားရန် စိတ်ကူးလိုက်သည်။ သို့သော် ထိုလုပ်ငန်းစဉ်က ကရိကထ များလွန်းသည်။ ထို့

အပြင် အချိန်တိုလေးအတွင်း အင်ပါယာ နှလုံးသားလက်စွပ်ကို ရရှိလိမ့်မည် မဟုတ်ပေ။

လင်းဟွမ်သည် သေနတ်မစ္စတာ ဂိမ်းလက်စွပ်ကို အော်ဒါမှာပြီးနောက် ရန်လင်းထံ ဖုန်းခေါ်လိုက်သည်။

ရန်လင်းသည် ဖုန်းခေါ်ဆိုမှုကို ချက်ချင်း လက်ခံလိုက်သည်။ သူ့ကို ကြည့်ရသည်မှာ အမြဲတမ်းလိုလို သက်တောင့်သက်သာ ရှိနေသည်။

"ဟဲဟဲ၊ ဒုတိယ အထောက်အထားတစ်ခု လိုချင်လို့လား"

"ဟုတ်တယ်။ ဒါပေမယ့် ဒီတစ်ခေါက်က ငါ့အတွက် မဟုတ်ဘူး၊ တခြား တစ်ယောက်အတွက်ပဲ။ မုဆိုး အဖွဲ့အစည်းမှာ စာရင်းသွင်းနိုင်ဖို့ လိုအပ်တယ်၊ အဲဒါ ဖြစ်နိုင်မလား"

လင်းဟွမ်သည် ရန်လင်းနှင့် စကား အပို ပြောချင်စိတ် မရှိသဖြင့် လိုရင်း တန်းမေးလိုက်သည်။

"ဒါပေါ့။ ဖြစ်နိုင်တယ်။ တန်ပြန် မုဆိုး ဒါမှမဟုတ် ပုံမှန်မုဆိုး လျှောက်ထားချင်တာလား"

ရန်လင်းက မေးလိုက်သည်။

“မင်းဆီမှာ ပုံမှန်မုဆိုး တစ်ယောက်တောင် လုပ်လို့ရတာလား”

လင်းဟွမ်သည် မမျှော်လင့်ထားသဖြင့် အံ့အော သင့်သွားသည်။

“ဟုတ်တယ်၊ ငါက ဘယ်သူလဲဆိုတာ မင်း မသိဘူးလား”

ရန်လင်းက သူ့ကိုယ်သူ ဂုဏ်ယူစွာ ပြောလိုက်သည်။

“အထူး လေ့ကျင့်ရေးရော”

လင်းဟွမ်က မေးလိုက်သည်။

“အဲ့ဒါက ဖြစ်နိုင်တယ်၊ ဒါပေမယ့် ငါ မလုပ်ဘူး။”

ရန်လင်းက မျက်ခုံးပင့်ပြီး ပြန်ပြောလိုက်သည်။

“ဘာဖြစ်လို့လဲ၊ ဒါလည်း ပိုက်ဆံပဲလေ”

လင်းဟွမ်က ပြန်ပြောသည် ။

“ဌာနခွဲတစ်ခု စီတိုင်းမှာ အထူး လေ့ကျင့်ရေးအတွက် ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်လောင်းက နည်းနည်းလေးပဲ ရှိတယ်၊

ငါသာ အဲဒီလိုလုပ်လိုက်ရင် သိသာသွားလိမ့်တယ်။ ဖော်ထုတ်ခံရဖို့ အခွင့်အလမ်း များတယ်၊ ဒီလိုပြဿနာမျိုး မဖြစ်ချင်ဘူး”

ရန်လင်းက ပြောလိုက်သည်။

“မင်း မုဆိုးအဖွဲ့အစည်းထဲဝင်ဖို့ လုပ်ပိုင်ခွင့် လိုချင်ရင် အမှုဆောင်အရာရှိ တစ်ယောက်ရဲ့ အထောက်အထားကို ငါ လုပ်ပေးနိုင်တယ်။ ဒါပေမယ့် အရမ်း ဈေးကြီးတယ်။”

"ငါ နားလည်ပြီ။ ကြေးအဆင့်၊ ငွေအဆင့်နဲ့ ရွှေအဆင့်မုဆိုးတွေရဲ့ ဈေးက ဘယ်လောက်လဲ"

လင်းဟွမ်သည် ခရီးသွားတစ်ယောက် အနေဖြင့် ရန်လင်း၏ ရွှေလက်ချောင်း စနစ်သည် မှုရင်း ဟုတ်မဟုတ် ယုံကြည်မှု ကင်းမဲ့လာသည်။

"ကြေးအဆင့်က (၅၀၀)၊ ငွေအဆင့်က (၁,၀၀၀)၊ ရွှေအဆင့်က (၁,၅၀၀) ငါ ပြောနေတာ ဘယ်ငွေကြေးလဲဆိုတာ မင်း ကောင်းကောင်း သိပါတယ်"

ရန်လင်းက သူ၏ခြေထောက်ကို လှုပ်ခါရင်း ပြန်ဖြေလိုက်သည်။

လင်းဟွမ်သည် ကိစ္စအချို့ကို တွေးတော ပြီးနောက်

"ငါ့ကို ရွှေမုဆိုးအဆင့် တစ်ခု လုပ်ပေး"

လင်းရှမ်၏ အခြေအနေမှာ ထူးခြားနေသည်။

လင်းဟွမ်သည် သူ့ကို မုဆိုးတိုက်ပွဲကွင်းပြင်ထဲသို့ ခေါ်ဆောင်သွားရန် စဥ်စားနေပြီး ထိုနေရာမှ

လင်းရွှမ်က မည်မျှ သင်ယူနိုင်မလဲ ဆိုသည်ကို သိချင်နေသည် ။

"ငါ့ဆီကို နာမည်၊ အသက်နဲ့ ဓာတ်ပုံ ပို့ပေးလိုက်။ သိပ် ရယ်စရာ မကောင်းသရွေ့ မင်းဖန်တီးချင်တဲ့ နောက်ခံဇာတ်လမ်းပါ ပို့ပေးလို့ ရတယ်။ မင်းက ငါ့ဆီကို နောက်ခံဇာတ်လမ်း မပို့ပေးခဲ့ရင် ငါ့ဘာသာငါ ဖန်တီးလိုက်မယ်"

ရန်လင်းက သတိပေးလိုက်သည်။

"နောက်ပြီးတော့ ငါတို့သုံးနေကျ ငွေကြေးကိုပဲ အသုံးပြုမယ်နော်"

“ငါ နားလည်တယ်၊ အကျိုးဆောင်အမှတ်ဗျူရိုက အခုလက်ရှိ ပိတ်နေတဲ့အတွက် မနက်ဖြန်မှပဲ ပို့ပေးလိုက်မယ်။”

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

“နောက်မှ ပေးလို့ရတယ်၊ မင်းအခု နေနေတဲ့ လိပ်စာက ဘာလဲ”

ရန်လင်းက မေးလိုက်သည်။

“အရင် လိပ်စာအတိုင်းပဲ ပို့ပေးလိုက်”

လင်းဟွမ်သည် ရန်လင်းထံတွင် သူ့လိပ်စာရှိနေကြောင်း သိနေသည်။

"အင်း"

ရန်လင်းသည် ခေါင်းညိတ်ပြီးနောက် တစ်ချက်တုံ့ဆိုင်း သွားသော်လည်း မေးဖြစ်အောင် မေးလိုက်သေးသည်။။

"ဒါက ငါ့ကိစ္စ မဟုတ်မှန်းတော့ သိပါတယ်။ ဒါပေမယ့် မေးရအုံးမယ် မင်းရဲ့ အရင် အင်ပါယာ နှလုံးသားလက်စွပ်ကို ဖျက်ဆီးလိုက်ပြီလား"

"ဖျက်ဆီးလိုက်ပြီ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"ဒါ အရမ်းကောင်းတယ်၊ ဒါပေမဲ့ မင်းနေနေတဲ့ နေရာကနေ အမြန်ဆုံး ပြောင်းဖို့ အကြံပေးချင်တယ်"

ရန်လင်းက သတိပေးလိုက်သည်။

"ငါလည်း ပြောင်းချင်ပါတယ်။ (ဘီ) အဆင့်နဲ့ (အေ) အဆင့် ဝပ်ကျင်းတွေမှာ နေဖို့အတွက် ခွင့်ပြုချက် မရဘူး ဖြစ်နေတယ်"

လင်းဟွမ်က သာမန်ကာလျှံကာ ပြောလိုက်သည်။

"ငါက မင်းကို နေထိုင်ခွင့် လုပ်ပေးမယ်။ ဒါပေမယ့် ဈေးမကြီးဘူး"

ရန်လင်းက ဂုဏ်ယူဝံ့ကြွားစွာ ပြောလာသည်။

"ငါ့ကို အရူးမလုပ်နဲ့၊ မင်းဟာက သေချာလို့လား။ ငါ အိမ်ဝယ်တဲ့အခါ မှတ်ပုံတင် လိုလိမ့်မယ်"

လင်းဟွမ်သည် ရန်လင်း လုပ်နိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"မင်းကို မေးပါရစေ၊ မင်းက ငါ့ဆီကရတဲ့ အင်ပါယာ နှလုံးသားလက်စွပ်က ဘယ်တုန်းက မအောင်မြင်တာ ဖြစ်ခဲ့ဖူးလဲ"

ရန်လင်းက ပြန်မေးလိုက်သည်။

"စိတ်မပူနဲ့၊ အဲဒါ အဆင်ပြေကြောင်း မင်းကို ငါအာမခံတယ်။ အနည်းဆုံး အကြိမ် (၈၀၀) လုပ်ပြီးပြီ၊ တစ်ခုမှ မကျရှုံး ဖူးသေးဘူး"

"ဘယ်လောက်လဲ"

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"(အေ) အဆင့်ဝပ်ကျင်းရဲ့ နေထိုင်ခွင့်က သိန်း တစ်သိန်းကနေ တစ်သန်းအထိ ရှိတယ်။"

"(ဘီ) အဆင့် ဝပ်ကျင်းရဲ့ နေထိုင်ခွင့်က တစ်သောင်းကနေ သုံးသောင်းကြား ရှိတယ်။ ဈေးနှုန်းအတိအကျ ကတော့ မင်းလိုချင်တဲ့ ဝပ်ကျင်းအပေါ်မှာ မူတည်တယ်။ ဒါက ပို့ဆောင်ခကို ထည့် မတောင်းထားဘူး။ သုံးမိနစ်ပဲ အချိန် လိုတယ်။"

ရန်လင်းက သူ့လုပ်ငန်းအပေါ်တွင် ယုံကြည်ချက်အပြည့် ရှိနေသည်။

"(အေ) အဆင့် ဝပ်ကျင်းက အရမ်းဈေးကြီးတယ်..."

လင်းဟွမ်က ရန်လင်းပြောနေသော ငွေကြေးမှာ ကံကြမ္မာ သလင်းကျောက် ဖြစ်နေသဖြင့် မမျှော်လင့်ထားသောကြောင့် အံ့အော သင့်သွားသည်။

"(ဘီ) အဆင့် ဝပ်ကျင်းကတော့ ဈေးမကြီးပါဘူးကွာ"

ယခုလက်ရှိ၌ လင်းဟွမ်လက်ထဲတွင် ကံကြမ္မာသလင်းကျောက် (၈,၀၀၀) သာရှိသည်။

လင်း၍ရှမ်၏ အင်ပါယာနှလုံးသား လက်စွပ်အသစ်အတွက် (၁,၅၀၀) ကို ဖယ်လိုက်ပါက (ဘီ) အဆင့် ဝပ်ကျင်းအတွက် နေထိုင်ခွင့်ပင် မတတ်နိုင်တော့ချေ။

ရန်လင်းသည် လင်းဟွအ်၏ တုံ့ဆိုင်းနေသည်ကို သတိထားလိုက်မိသည်။

"ကဲ မင်းက ပုံမှန်ဖောက်သည် တစ်ယောက်ဖြစ်နေလို့၊ မင်းမှာ ကံကြမ္မာသလင်းကျောက်

အလုံအလောက် မရှိရင် အရစ်ကျ ပေးလို့ရတယ်။ အတိုး တစ်ပြားမှ မယူဘူး"

လင်းဟွမ်က ခပ်ရှက်ရှက် ပြုံးလိုက်ပြီး

"ကျေးဇူး အများကြီးတင်ပါတယ်"

"မင်းက ဘယ်ဝပ်ကျင်းကို ကြည့်ချင်လဲ၊ ငါ မင်းအတွက် ပြီးအောင်လုပ်ပေးမယ်"

ရင်လင်းသည် လင်းဟွမ်က အခု ချက်ချင်း မပေးနိုင်သော်လည်း မစိုးရိမ်ပေ။

"ငါ မဆုံးဖြတ်ရသေးဘူး။ အကြိုက်ဆုံးကတော့ (အေ) အဆင့်ဝပ်ကျင်း ချင်တန်မြို့ပဲ။ ဒါပေမယ့် ဈေးနှုန်းအရတော့ ဘေးဖယ်ထားရမှာပဲ"

လင်းဟွမ်က အနေရခက်စွာ ပြုံးလိုက်သည်။

"(ဘီ) အဆင့် ဝပ်ကျင်းတွေထဲမှာ သင့်တော်တဲ့ နေရာ မဆုံးဖြတ်ရသေးဘူး၊ ဆုံးဖြတ်ပြီးရင် မင်းဆီ ဆက်သွယ်လိုက်မယ်"

"မင်းက ဖင်ခေါင်း ကျယ်တာပဲ၊ အခုလက်ရှိ ချင်တန်မြို့ရဲ့ တိုက်ခန်းဈေးက ပေါက်ဈေး ဘယ်လောက်ရှိလဲဆိုတာ မင်းသိလား"

ရန်လင်းက လျှောင်သလိုလို ပြုံးလိုက်ပြီး

"၈၀၀,၀၀၀"

လင်းဟွမ်သည် ဈေးနှုန်းကို ကြားလိုက်သောအခါ တုန်လှုပ်သွားသည်။ မုဆိုးအဖွဲ့အစည်းကို ရွှေအဆင့်မွန်းစတား တစ်ကောင်ပို့ပါက ကံကြမ္မာသလင်းကျောက် နှစ်ခုသာ ရရှိသည်။

(၈၀၀,၀၀၀) ရရှိရန် ရွှေအဆင့် မွန်းစတားပေါင်း ရာပေါင်းများစွာ သတ်ပစ်ရန် လိုအပ်သည်။

"ကောင်းပြီ၊ မင်းဆုံးဖြတ်ပြီးရင် ငါ့ကိုပြော။ အင်ပါယာနှလုံးသား လက်စွပ်ကို အရင်ဆုံး လုပ်လိုက်မယ်။ အသေးစိတ် အချက်အလက်တွေ မြန်မြန် ပို့ပေးလိုက်"

ရန်လင်းသည် စကားပြောပြီးသည်နှင့် ဖုန်းချသွားသည်။

လင်းဟွမ်သည် လင်း၅ွမ်၏ အခြေခံ အသေးစိတ် အချက်အလက်များနှင့် ခေတ်ပုံတစ်ပုံကို ရန်လင်းထံသို့ ချက်ချင်း ပေးပို့လိုက်သည်။

လင်းဟွမ်သည် အလုပ်ကိစ္စများ ပြီးစီး သွားသောအခါ ညနေ ခြောက်နာရီ ကျော်နေပြီ။

လင်းရှင်သည် လင်းရွှယ်အတွက် အသားသွားကင်ပြီး ပြန်ယူလာသည်။ အသားကင်ကို အစောပိုင်းက လင်းဟွမ်ဝယ်ခဲ့သော အသားကင် စက်ဖြင့် ကင်ထားပြီး လင်းရွှမ်သည် အသားများကိုသာ စားသောကြောင့် စက်ကိုသာ အားကိုးနေရသည်။

လင်းဟွမ်တို့က ဘာမှ လုပ်စရာ မလိုပေ။

တစ်ချိန်တည်းမှာပင် နေ့တိုင်း အသားကင်ချည်းပဲ မစားနိုင်သောကြောင့် လင်းရှင်နှင့် လင်းဟွမ်တို့သည် အစားအစာများကို ပါဆယ် လှမ်းမှာလိုက်ကြသည်။ အရသာ မဆိုးသော်လည်း နေ့တိုင်း စားပါက ငြီးငွေ့သွားလိမ့်မည်။

လင်းဟွမ်သည် ညစာ စားပြီးသောအခါ သူ့အခန်းထဲသို့ ပြန်သွားပြီး မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲသို့ ဝင်သွားခဲ့သည်။

ဗီဒီယိုများကို ပြန်လည် ကြည့်ရှုပြီးနောက် (၁၀) ရက်ကြာ ခွဲခြမ်းစိတ်ဖြာကာ သင်ယူခဲ့သည်။

နောက်ဆုံးတွင် သူ သင်ယူခဲ့သည့် အရာများကို လက်တွေ့ စမ်းကြည့်ရန် မစောင့်နိုင်အောင် ဖြစ်နေသည်။

ခြောက်ထပ်မြောက်သို့ ဝင်ပြီးနောက် စိန်ခေါ်သည့်ခလုတ်ကို နှိပ်လိုက်သည်။

မကြာခင် လင်းဟွမ်ကို စင်အလွတ် တစ်ခုပေါ်သို့ ပို့ဆောင်လိုက်သည်။

လင်းဟွမ်က ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်အောင် လုပ်နေစဉ် ပရိသတ် ထိုင်ခုံတွင် ပရိတ်သတ်များ ဝင်ရောက်လာသည်။

တစ်ယောက်တည်း မဟုတ်ဘဲ လူတစ်ရာကျော် ရှိနေသည်။ လင်းဟွမ်သည် သူတို့ထဲမှ အချို့ကို မှတ်မိလိုက်သည်။ သူတို့သည် လွန်ခဲ့သော (၁၀) ရက်က သူ့ကို စောင့်ကြည့်ခဲ့သော လူအုပ်ကြီးနှင့် အတူတူပင်။

သို့သော်လည်း စင်ပေါ်ရှိ တိုက်ခိုက်ရေး သမားများကို စိတ်အနှောက်အယှက် မဖြစ်စေချင်သော ရည်ရွယ်ချက်နှင့် ပရိသတ်များ၏ အသံကို သက်သက် ခွဲထုတ်ထားသည်။

လင်းဟွမ်သည် လူနှစ်ယောက်က သူ့ကို လှမ်းအော်နေကြောင်း မြင်နေရသော်လည်း ဘာ အော်နေမှန်း မသိပေ။

ထို့စဉ် ပြိုင်ဘက်က စင်ပေါ်ရောက်လာသည်။ ထိုလူ၏ အရွယ်အစားအရ လင်းဟွမ်ကဲ့သို့ လူငယ်တစ်ယောက် ဖြစ်နိုင်သည်။ သူ့လက်ထဲတွင် ငွေရောင် သေနတ်တစ်လက်ကို ကိုင်ထားပြီး ငွေရောင်မျက်နှာဖုံးကို ဝတ်ဆင်ထားသည်။ အဖြူရောင်ဝတ်စုံကို ဂတ်ဆင် ထားသောကြောင့်

ကြည့်လိုက်လျှင် ကျွမ်းကျင်သူ တစ်ယောက်နှင့် တူနေသည်။

လင်းဟွမ်သည် မျက်ခုံးပင့်ပြီး ပြိုင်ဘက်၏ ရမှတ်ကို စစ်ဆေးလိုက်သည်။

“အမည်ပြောင် - သေနတ်ဖြူ”

“တိုက်ခိုက်ရေး အဆင့် - ငွေ အဆင့် (၃)”

“တိုက်ပွဲ အရေအတွက်- (၁၂၈) ပွဲ”

“စုဆောင်း အမှတ် - (၂၉၉) မှတ်”

“အနိုင်ရတဲ့ ရာခိုင်နှုန်း - (၉၁) %”

ထိုလူသည် တိုက်ပွဲ အရေအတွက် မများသော်လည်း အနိုင်ရသည့် ရာခိုင်နှုန်း မြင့်မားသည်။ ထူးချွန် ထက်မြက်သော အရည်အချင်းရှိ နေနိုင်သည်။

လင်းဟွမ်သည် သူ၏ ရမှတ်များကို စစ်ဆေးနေသလို သူကလည်း လင်းဟွမ်ကို စစ်ဆေးနေသည်။ ထို့နောက် သူက ပြုံးလိုက်ပြီး

"တိုက်ပွဲ (၃၀) ဆက်တိုက် အနိုင်ရဖို့ဆိုတာ မလွယ်ဘူး။ ဒါပေမယ့် ဒီနေ့တော့ ငါနဲ့တွေ့တာ

ကံဆိုးတာပဲ။ မင်းရဲ့ ဆက်တိုက် နိုင်ပွဲက ဒီနေရာမှာပဲ အဆုံးသတ်သွားပြီ"

"ငါတော့ မင်း စိတ်ပျက်သွားမှာပဲ ကြောက်မိတယ်။ တိုက်ပွဲ (၉၀) ဆက်တိုက် အနိုင်မရမခြင်း ငါမှာ ရပ်တန့်ဖို့ အစီအစဉ် မရှိဘူး"

လင်းဟွမ်က သူ့ပန်းတိုင်ကို ပြောပြလိုက်သည်။

"ဝိုး မင်းက တကယ် မာနကြီးတာပဲ"

လင်းဟွမ်၏ ရယ်စရာကောင်းသော ပန်းတိုင်ကို ကြားလိုက်လျှင် 'သေနတ်ဖြူ' က လှောင်ပြောင်လိုက်သည်။

ရေတွက်မှု ပြီးဆုံးသွားသည်နှင့် သူတို့၏ စကားဝိုင်းလည်း အဆုံးသတ်သွားသည်။

သေနတ်ဖြူက ပထမဆုံး လှုပ်ရှားလိုက်သည်။ ပုံမှန်အတိုင်း ရှေ့သို့ ပြေးတက်ရမည့်အစား သူထံ ပြေးဝင်လာသော လင်းဟွမ်ကို ရပ်စောင့်နေသည်။

သေနတ်ဖြူသည် အားသာချက်ကို မြင်လိုက်သည်နှင့် လင်းပွှမ်ကို သေနတ်နှင့်ချိန်ပြီး ပြုံးလိုက်သည်။

ဒါသည် တော်တော်လေး ကောင်းမွန်းသော သေနတ် တစ်လက်ဖြစ်ပြီး မြန်ဆန်ကာ တည်ငြိမ်သည်။ ယခုမူ ထိုသေနတ်နှင့် လင်းပွှမ်၏ နှလုံးနေရာကို တိုက်ရိုက် ချိန်ထားသည်။

သူ၏ ငွေရောင် ကံကြမ္မာ စွမ်းအားများသည် သေနတ်တစ်ခုလုံးကို အထူးသဖြင့် သေနတ်ထိပ်ဝကို ဖုံးလွှမ်းသွားကာ လေတိုးသံ တစ်ချက်

ထွက်ပေါ်လာပြီး ကျည်ဆံက လေထဲတွင် ရွေ့လျားသွားသည်။

လင်းဟွမ် အထင်ကြီးသွားသည်။

ဤသေနတ်သမားသည် ယခင်က လင်းဟွမ် တိုက်ခိုက်ဖူးသော လူ (၃၀) စံနှုန်းထက် သာလွန်သည်။

အကယ်၍ လွန်ခဲ့သော (၁၀) ရက်က ဖြစ်ခဲ့လျှင် လင်းဟွမ်သည် အခွင့်အရေး အယူခံရပြီး ရှောင်တိမ်းရန် ရွေးချယ်ခံရလိမ့်မည်။ သို့သော်

ယခုလက်ရှိ လင်းပွမ်သည် လွန်ခဲ့သော (၁၀) ရက်က လင်းပွမ် မဟုတ်တော့ပေ။

ခြေဖျားထောက်ပြီး ခုန်လိုက်ကာ ထိုပစ်ခတ်မှုကို ရှောင်တိမ်းလိုက်သည်။ သူ၏ ဘယ်ဘက်လက်က သေနတ်သမားကို အရှိန်အဟုန် ပြင်းထန်စွာ ထိမှန်သွားသည်။

သေနတ်ဖြူသည် သူ့ထံ ပြင်းထန်သော တွန်းအားတစ်ခု ရောက်ရှိလာကြောင်း ခံစားလိုက်ရပြီး သူ့လက်ထဲမှ သေနတ်သည်

ပြုတ်ကျလုနီးပါး ဖြစ်သွားသည်။ တုန်လှုပ်သွားပြီး သေနတ်ကို ချက်ချင်း တင်းကျပ်စွာ ကိုင်လိုက်သည်။

သို့သော်လည်း လင်းဟွမ်က သူ့အနီးသို့ ရောက်လာသည်နှင့် သူ့ရင်ဘတ်တွင် ပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရသည်။ အောက်သို့ ငုံ့ကြည့်လိုက်ရာ လင်းဟွမ်က သူ့နှလုံးကို လက်နှစ်ချောင်းနှင့် ကိုင်ထားသည်။

ထို့နောက် သေနတ်ဖြူသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီး ခန္ဓာကိုယ် မေးမှိန်သွားသည်။ လင်းဟွမ်၏ တိုက်ခိုက်ရေးပုံစံ ပြောင်းလဲ

သွားသည်ကို ပရိသတ်များက သတိထားမိလိုက်ပြီး ခံစားချက်သည် လွန်ခဲ့သော (၁၀) ရက်ကနှင့် လုံးဝ မတူတော့ပေ။

"သူက အရင်တုန်းကထက်တောင် ပိုပြီး အန္တရာယ် များလာတယ်" ရွှေရောင် ဝတ်ရုံဝတ် ဆင်ထားသော လူငယ်တစ်ဦးက မှတ်ချက် ချလိုက်သည်။

# အခန်း(၁၈၈) - ပွဲ (၅၀) မြောက် တိုက်ပွဲ၏ ဝါးဆီးရေးသမား။

လင်းဟွမ်သည် ပြိုင်ဘက်၏ နှလုံးကို လက်နှစ်ချောင်းဖြင့် ညှစ်လိုက်ရာ ဧရာမ ခန္ဓာကိုယ်ကြီးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

"တိုက်ပွဲကို အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

" မင်းရဲ့ ပြိုင်ဘက်ကို တစ်ချက်တည်းနဲ့ သတ်နိုင်ခဲ့တဲ့အတွက် (၂) မှတ်ရမယ်"

"တိုက်ပွဲ (၄၀) ဆက်တိုက် အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် တိုက်ပွဲ (၄၀) မြောက် ဆက်တိုက် အနိုင်ရပြီးနောက် ခြောက်ထပ်တစ်ခုလုံးတွင် ကြေငြာချက်သည် ပဲ့တင်သံ ထပ်သွားသည်။

ထိုကြေငြာချက်ကို ကြားပြီးနောက် လူ အများအပြားသည် လင်းဟွမ်ကို စောင့်ကြည့်ရန် အခန်းထဲသို့ လာခဲ့ကြသည်။

သို့သော်လည်း စင်ပေါ်မှ ပျောက်ကွယ်သွားသော လင်းဟွမ်ကိုသာ သူတို့ မြင်လိုက်ရသည်။

တိုက်ပွဲပေါင်း (၄၀) ဆက်တိုက် အနိုင်ရရန် မဆိုထားနှင့် တိုက်ပွဲပေါင်း (၃၀) ကိုပင် ဆက်တိုက် အနိုင်ရသောလူများက များများစားစား မရှိပေ။ တိုက်ပွဲပေါင်း (၄၀) ကို ဆက်တိုက်အနိုင်ရရှိသော လူအားလုံးသည် ကျွမ်းကျင်သူများသာ ဖြစ်ကြသည်။

အကယ်၍ လူတစ်ယောက်က တိုက်ပွဲပေါင်း (၅၀)ကို ဆက်တိုက် အနိုင်ရခဲ့ပါက ထိုကြေငြာချက်သည် ခြောက်ထပ် တစ်ခုလုံးသာမက

ပထမထပ်မှ ကိုးထပ်အထိ ကြေငြာပေးမည်ဖြစ်သည်။ အဖွဲ့ခွဲ (၇) တွင် ပထမထပ်မှ ကိုးထပ်အထိ အားလုံးပေါင်းလိုက်ပါက တိုက်ပွဲပေါင်း (၅၀) ကို ဆက်တိုက်အနိုင်ရသော လူအရေအတွက်သည် ဂဏန်းတစ်လုံးတည်းသာ ရှိသည်။

မျက်နှာဖုံး ဝတ်ဆင်ထားသော လင်းဟွမ်သည် ခြောက်လွှာရှိ ခန်းမထဲတွင် သူ၏ရမှတ်များကို စစ်ဆေးရန် မတ်တပ်ရပ်လိုက်သည်။

"အမည်ပြောင်- ဓါးပါရမီရှင်"

"တိုက်ခိုက်ရေး အဆင့် - ငွေအဆင့် (၃)"

"တိုက်ပွဲ အရေအတွက်- (၄၀) ပွဲ"

"စုဆောင်း အမှတ် - (၆၀၀) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း - (၁၀၀) %"

“အမှတ် (၆၀၀) ပဲ ရှိသေးတယ်။ သွားရမယ့် လမ်းက အဝေးကြီး ကျန်နေသေးတာပဲ”

လင်းဟွမ်သည် မျက်မှောင် ကြုတ်လိုက်ပြီး ဂိမ်းထဲမှ ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။ မုဆိုး တိုက်ပွဲကွင်းပြင်ထဲရှိ ပရိတ်သတ်

တော်တော်များများသည် သူ့အကြောင်း ပြောဆိုနေကြဆဲ ရှိသေးသည်ကို သူမသိခဲ့ပေ။

"ဒီခါးပါရမီရှင်က ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက် ခဲ့ဖူးတယ်။ အခုတော့ လုံးဝ ပြောင်းလဲသွားပြီ။ တည်ငြိမ်ရုံပဲ မဟုတ်ဘူး သူ့ရဲ့ ဗျူဟာကလည်း ချို့ယွင်းချက် မရှိတော့ဘူး၊ သူ့ရဲ့ တိုက်ခိုက်ရေး စိတ်ဓာတ်က အရင်ကနဲ့ မတူတော့ဘူး"

“အမှန်ပဲ၊ အရင်တုန်းက သူ့ရဲ့ဗျူဟာတွေထဲမှာ ချို့ယွင်းချက်တွေ ရှိနေတယ်။ သူ့ရဲ့ တိုက်ခိုက်ရေး

စည်းချက်ကလည်း ပြသနာတွေ ရှိခဲ့တယ်။ အခုတော့ ပြိုင်ဘက်တွေကို အခွင့်အရေးတောင် မပေးတဲ့ လူသတ်စက်ကြီး တစ်ခုလိုပဲ”

ရွှေရောင် ဝတ်စုံ ဝတ်ဆင်ထားသော လူငယ်လေးက တိုတိုတုတ်တုတ် မှတ်ချက်ပေးလိုက်သည်။

"သူက လူတစ်ယောက် ပြောင်းထားတာပဲ"

...

တိုက်ပွဲကွင်းပြင်ထဲမှ ကစားသမား အကောင့်ကို အခြားတစ်ယောက်က ဝင်သုံးနိုင်သည်။ လင်းဟွမ်၏ ခါးပါရမီရှင် အကောင့်ကို အခြားလူတစ်ယောက်က ဝင်သုံးခဲ့သည်ဟု လူအများက ထင်မြင် ယူဆနေကြသည်။

မုဆိုး တိုက်ပွဲကွင်းပြင်ထဲတွင် လူတော်တော် များများက သူ့အကြောင်း ဆွေးနွေးနေကြစဉ် လင်းဟွမ်က ဂိမ်းကို ပိတ်လိုက်သည်။

လင်းဟွမ်သည် သူတိုက်ခိုက်ခဲ့သော နောက်ဆုံး တိုက်ပွဲ (၁၀) ခုကို ဆယ်ကြိမ်ထက်မက ထိုင်ကြည့်

နေခဲ့သည်။ ယခင်ကထက် နှစ်ဆ ပိုကောင်းလာသော်လည်း တိုးတက်နိုင်သေးသည့် အချက်အလက်များကို ရှာတွေ့နေသေးသည်။

"ပိတ်ဆို့တဲ့နေရာက အား အကောင်းဆုံး ထောင့် မဟုတ်ဘူး၊ ငါသာ နှစ်စင်တီမီတာလောက် နောက်ဆုတ်လိုက်ရင် အကျိုး သက်ရောက်မှု ပိုကောင်းလာလိမ့်မယ်။ တိုက်ခိုက်မှုကို ရှောင်ရှားပြီး အနည်းငယ်ဝေးတဲ့ နေရာကနေ ဆယ်စင်တီမီတာ လောက် ပို နီးကပ်နိုင်ခဲ့ရင် တိကျမှုက ပိုမို

ကောင်းလာလိမ့်မယ်။ တန်ပြန် တိုက်စစ်လား ဒီထောင့်က လက်သီးထိုးတာ ပြဿနာ ရှိနေတယ်...”

လင်းဟွမ်သည် သူ၏ ကိုယ်ပိုင်တိုက်ပွဲများကို အကြမ်းဖျင်း သုံးသပ်နေသည်။ သူ့ကိုယ်သူ ပို၍ ရှင်းရှင်းလင်းလင်း မြင်ချင်ပြီး ပို၍တိကျကာ၊ ပို၍ မြန်ဆန်လာအောင် ပြုလုပ်ချင်သည်။ သို့မှသာ တိုက်ခိုက်မှု တစ်ခုစီတိုင်း၏ အကျိုးသက်ရောက်မှုကို အမြင့်ဆုံး ရရှိနိုင်လိမ့်မည်။

လင်းဟွမ်သည် ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ပြီးနောက် အဆင့် (၁) နေရာတွင် ရှိနေသော 'တောင်ပိုင်း

နန်းတော် ရယ်သံ' ၏ တိုက်ပွဲဗီဒီယိုများကို ကြည့်နေခဲ့သည်။ သန်းခေါင်ကျော်မှသာ အိပ်ရာဝင်ခဲ့သည်။

နောက်တစ်နေ့ နေ့လည်ခင်းတွင် သေနတ်မစ္စတာဂိမ်းလက်စွပ် ရောက်ရှိလာသည်။

လင်းဟွမ်က လင်းရွှမ်ကို ပေးလိုက်ပြီး နောက်တစ်ကွင်းကို သူ့အတွက် သိမ်းထားလိုက်သည်။ သို့သော်လည်း လင်းရွှမ်သည် အကောင့်တစ်ခု မဖန်တီးနိုင်သေးသဖြင့် လင်းရှင်၏ လက်စွပ်ကို အသုံးပြုနေရဆဲ ဖြစ်သည်။

လင်း၍မြှမ်အတွက် ဝယ်ယူထားသော အင်ပါယာနှလုံးသားလက်စွပ်သည် အနည်းဆုံး တစ်ပတ်ခန့်ကြာပြီးမှသာ ရောက်ရှိ လာလိမ့်မည်။ နောက်ရက်များတွင် လင်းဟွမ်သည် ဂိမ်းထဲသို့ မဝင်ခင် တောင်ပိုင်း နန်းတော်ရယ်သံ၏ ဗီဒီယိုများကို လေ့လာနေခဲ့သည်။

စိန်ခေါ်မှုခလုတ်ကို နှိပ်လိုက်သည်နှင့် မကြာခင် လူများ ဝန်းရံထားသည့် စင်မြင့်တစ်ခုသို့ စေလွှတ်ခြင်း ခံလိုက်ရသည်။

လင်းဟွမ်သည် သူတို့၏ အသံကို မကြားနိုင်သော်လည်း နောက်ဆုံး အချိန်ကထက် လူများ ပိုများလာကြောင်း တွေ့နေရသည်။ လူအုပ်ထဲတွင် အနည်းဆုံး လူ (၂,၀၀၀) ခန့်ရှိပြီး အရေအတွက်က ထိုထက် ပိုများနိုင်သည်။ သို့သော်လည်း ပရိတ်သတ်များက သူ့ပရိတ်သတ် ထက်စာလျှင် ပြိုင်ဘက်၏ ပရိသတ်များနှင့် ပိုတူနေသည်။

ထို့နောက် သူ၏ပြိုင်ဘက်ကို စတင် အကဲခတ် လိုက်သည်။ အရပ်က ၂.၅ မီတာရှိကာ အသား

ခပ်ကြမ်းကြမ်းရှိသူ ဖြစ်သည်။ တစ်ဝက်တစ်ပျက် ဝတ်ဆင်ထားသော ခန္ဓာကိုယ် အပေါ်ပိုင်းတွင် ကြောက်စရာကောင်းသော ကြွက်သားများ ဖော်ပြထားသည်။ ရုပ်ချောသည်ဟု မယူဆနိုင်ဘဲ ကြမ်းတမ်းသော ခံစားချက်ကိုသာ ပေးစွမ်းနေသည်။ အထူးသဖြင့် သူ့မျက်လုံးများက ရူးသွပ်ပြီး အန္တရာယ်များနေသည်။

"ဒါက  အန္တရာယ်များတဲ့ လူပဲ..."

လင်းဟွမ်သည် ပြိုင်ဘက်ကို မြင်သည်နှင့် အရင်ဆုံး စိတ်ဝင်စားလာသည်။ ထို့နောက် ပြိုင်ဘက်၏ရမှတ်ကို တစ်ချက် ကြည့်လိုက်သည်။

"အမည်ပြောင် - ကျားရူး"

"တိုက်ပွဲစွမ်းအား - ငွေအဆင့် (၃)"

"တိုက်ပွဲ အရေအတွက် - (၉၈၉) ပွဲ"

"စုဆောင်း အမှတ် - (၇၁၁) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း -(၈၃) %"

သူသည် တိုက်ပွဲပေါင်း (၁,၀၀၀) နီးပါး တိုက်ပွဲဝင်ခဲ့သောကြောင့် လူဟောင်း တစ်ယောက်ပင်။ ထို့အပြင် အနိုင်ရသည့် ရာခိုင်နှုန်းကို (၈၃) ရာခိုင်နှုန်းတွင် ထိန်းသိမ်းထား နိုင်သောကြောင့် ပရော်ဖက်ရှင်နယ် ကျွမ်းကျင်သူတစ်ယောက် ဖြစ်ကြောင်း ပြသ နေသည်။

"တိုက်ပွဲ (၄၀) ဆက်တိုက် အနိုင်ရတယ်၊ အားလုံးက တစ်ချက်တည်းနဲ့ သေသွားတယ်..."

ကျားရှူးသည် လင်းဟွမ်၏ ရမှတ်များကို စစ်ဆေးပြီးနောက် နှုတ်ခမ်းကို လျှာနှင့် သပ်လိုက်သည်။

လင်းဟွမ်သည် တိုက်ပွဲများစွာ မတိုက်ခိုက်ခဲ့ရသေးသော်လည်း တိုက်ပွဲပေါင်း (၄၀) ကို ဆက်တိုက် အနိုင်ယူရန် မလွယ်ကူလှပေ။

ထို့အပြင် သူ၏စံနှုန်းအရ ပြိုင်ဘက်အားလုံးကို တစ်ချက်တည်းဖြင့် သတ်ပစ်ခဲ့ကြောင်း ပြောနိုင်ရန် မခဲယဉ်းလှပေ။

ဒါသည် 'ကျားရူး' ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့သည်။

စောင့်ကြည့်နေသော ပရိတ်သတ်များ ပိုများလာသည်။ ရမှတ်နှစ်ခုလုံးက တိုက်ပွဲအတွက် ပို၍ စိတ်လှုပ်ရှားစေသည်။

တစ်ယောက်က အားကောင်း မောင်းသန် အရွယ်အစား ကြီးမားသူ ဖြစ်ပြီး နောက်တစ်ယောက်မှာ တိုက်ပွဲ မရှုံးဖူးသေးသော လူသစ် တစ်ယောက်ပင်။ မည်သူ အနိုင်ရမည်နည်း။

လင်းဟွမ်သည် သူ၏ဓါးကို အသုံးမပြုသဖြင့် ရေတွက်မှု ပြီးသည်နှင့် 'ကျားရူး' က အော်ဟစ်လိုက်သည်။

"ဓါးပါရမီရှင်လို့ မင်းကိုယ်မင်း ပြောထားတယ် မဟုတ်လား။ ဒါကြောင့် မင်းက ဓါးကျွမ်းကျင်တဲ့ ပညာရှင် ဖြစ်ရမယ်။ အခုချိန် ဓားထုတ်ရင်ထုတ်၊ ဒီလိုမှမဟုတ်ရင် မင်းမှာ နောင်တရဖို့ အချိန်ရှိလိုက်မှာ မဟုတ်ဘူး။"

"ဒါက အဆင်ပြေတယ်၊ မင်းရဲ့ သတိပေးမှု အတွက်လည်း ကျေးဇူးတင်တယ်"

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

သူက ဓါးပညာတွင် ကျွမ်းကျင်သူဖြစ်ကြောင်း အမှန်တရားကို မငြင်းခဲ့သဖြင့် လူအများက သိချင်စိတ် တိုးမြှင့်လာသည်။

"ဒီလို ပြောတယ်ဆိုတော့ သူက ဓါးပညာကို တကယ် ကျွမ်းကျင်နေတာလား"

"တိုက်ပွဲ (၄၀) တစ်လျှောက်လုံးမှာ ဓါးသုံးတာ တစ်ခါမှ မတွေ့ဖူးဘူး"

" သူ့က ဓါးသုံးဖို့အတွက် မာန ကြီးနေတာလား"

...

စင်ပေါ်တွင်ရှိနေသော ကျားရူးသည် ဒေါသပေါက်ကွဲသွားသည်။ လင်းဟွမ်က ဓါးကျွမ်းကျင်သူဖြစ်ကြောင်းကို မပြင်းဆန် ခဲ့ရုံသာမက ဓါးကို အသုံးပြုရန်လည်း ငြင်းဆန်ခဲ့သည်။

ကျားရူးသည် လင်းဟွမ်က သူ့အတွက် ဓါးအသုံးပြုရန် မထိုက်တန်သလို သဘောထားနေကြောင်း ရိပ်မိလိုက်သည်။

"ကလေး၊ မင်းမာနက မင်းကိုသတ်လိမ့်မယ်"

လင်းဟွမ်က သူ ဘာကြောင့် ရှုးသွပ်သွားသည်ကို ရှင်းရှင်းလင်းလင်း သိနေသော်လည်း ရှင်းပြချင်စိတ် မရှိပေ။ သူ့ပြိုင်ဘက်သည် သန်မာသော်လည်း သူ့သာခါးကို အမှန်တကယ် အသုံးပြုလိုက်ပါက ကျားရှုးကို သေချာပေါက် သတ်နိုင်လိမ့်မည်။

သို့သော် လင်းဟွမ်သည် ကျားရှုးကဲ့သို့သော ပြိုင်ဘက်ကို ရင်ဆိုင်ရသောအခါ လေးစားကြောင်း ပြသရန် အနီးကပ် တိုက်ခိုက်သင့်သည်ဟု တွေးနေခဲ့သည်။ အဝေးမှ မဟုတ်ပေ။

ရေတွက်မှု ပြီးဆုံးသွားသည်နှင့် ကျားရှူးက အမှန်တကယ် ရှူးသွပ်စွာ တင့်ကားတစ်စီးကဲ့သို့ ပြေးတက်လာသည်။

"သူ့ရဲ့အရှိန်က လက်ခံလို့ရတယ်၊ ဒါပေမယ့် မျဉ်းဖြောင့်အတိုင်း ပြေးနေတော့ သူ့ရဲ့ လမ်းကြောင်းကို ခန့်မှန်းရ လွယ်ကူသွားစေတယ်။ သူပြေးရင်း ထိုးတာဆိုတော့ သူ့လက်သီးမှာ အားတွေပါလာလိမ့်မယ်။ အရပ်ရှည်တော့ ခန္ဓာကိုယ် အောက်ပိုင်းက မတည်ငြိမ်ဘူး"

လင်းဟွမ်သည် ကျားရှူးထံမှ အားနည်းချက်များစွာ မြင်နေရသည်။ အကယ်၍ ကွင်းထဲတွင် အခြားသူ တစ်ယောက်သာဆိုပါက တင့်ကားကဲ့သို့ ပြေးဝင်လာသော အငွေ့အသက်ကြောင့် ထိတ်လန့်ကြောက်ရွံ့နေလိမ့်မည်။

ကျားရှူးသည် ကြောက်စရာကောင်းသော အင်အားနှင့် လင်းဟွမ်ရှေ့သို့ ရောက်လာသည်။ သူသည် လင်းဟွမ်ကို လက်သီးနှင့် တည့်တည့် ချိန်ထိုးသော်လည်း လင်းဟွမ်က နောက်ဆုံးအချိန်မှ ကပ်၍ ခန္ဓာကိုယ်ကို အနည်းငယ်

လှုပ်ရှားလိုက်သည်နှင့် တိုက်ခိုက်မှုက လွဲချော်သွားသည်။ ကျားရူးသည် အရှိန်လွန်ပြီး ပစ်လဲကျသွားသည်။ ပြန်ထရန် လုပ်လိုက်စဉ် တိုက်ခတ်လာသော လေအေးတစ်ချက်ကို ခံစားလိုက်ရသည်။

သူ၏ခေါင်းကို ကြီးမားသော ခွန်အားတစ်ခုက ဖိချသွားသည်။ မျက်နှာသည် ကြမ်းပြင်နှင့် ရိုက်ခတ်ကာ ကြေမွသွားသည်။

ဘုန်း.....

တိုက်ပွဲစင်မြင့်၏ နေရာတိုင်းတွင် အက်ကွဲနေသော ကျောက်စရစ်ခဲများ ပြန့်ကျဲသွားသည်။ ကြမ်းပြင်ပေါ်တွင် အပေါက်တစ်ခု ရှိနေသည်။ ထိုအချိန် အတောအတွင်း ကျားရှူး၏ ခေါင်းသည် ကြမ်းပြင်ပေါ်တွင် တစ်စစီ ကြေမွ သွားသည်။

လင်းဟွမ်သည် လက်ကို ကျားရှူး၏ခေါင်းပေါ်မှ ဖယ်ရှားလိုက်သည်။

လင်းဟွမ် အနိုင်ရသည်ဟု ကြေငြာချက်ကို ကြေငြာဘုတ်ပေါ်တွင် မြင်လိုက်ရသောအခါ

ပရိသတ်များသည် ပါးစပ် အဟောင်းသား ဖြစ်နေကြသည်။

သူတို့ မြင်လိုက်သောအရာမှာ ကျားရှူးက ခါးပါရမီရှင်ထံ အရှိန်အဟုန်ဖြင့် ပြေးဝင်သွားပြီး ခါးပါရမီရှင်က တိုက်ခိုက်မှုကို ရှောင်လိုက်သည်။ သို့သော် ထိုအခိုက်အတန့်သည် လျှင်မြန် လွန်းသောကြောင့် ရိပ်ခနဲသာ မြင်ခဲ့ရသည်။

ထို့နောက် လျှင်မြန်ပြီး ပြင်းထန်သောအရှိန်ဖြင့် ကျားရှူး၏ခေါင်းကို ရိုက်ချလိုက်သည်။ အဖြစ်အပျက် အားလုံးသည် သုံးစက္ကန့် အတွင်းသာ

ဖြစ်ပျက်သွားသည်။ ပရိသတ်များသည် အံ့အော မှင်တက်နေသော စိတ်ဖြင့် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် မိုးခြိမ်းသံအလား ကျယ်လောင်သော လက်ခုပ်သံများ ထွက်ပေါ် လာသည်။

"တိုက်ပွဲကို အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ပြိုင်ဘက်ကို တစ်ချက်တည်းနဲ့ သတ်နိုင်ခဲ့တဲ့ အတွက် အမှတ် (၂) မှတ် ရရှိပါတယ်"

လင်းဟွမ်သည် ကြေငြာချက်ကို ကြားသော်လည်း အမူအရာ ထုတ်ပြခြင်း မရှိပေ။ ပြိုင်ဘက်သည် လုံးဝ မအားနည်းခဲ့ပေ။

လင်းဟွမ်ကို လျော့တွက် ခဲ့ခြင်းသာ။ နောက်တစ်ကြိမ် ထပ်လုပ်ပါက ရလဒ်က တူနိုင်သော်လည်း အနည်းဆုံး ဤကဲ့သို့ အကျည်းတန် သောပုံစံဖြင့် ရှုံးနိမ့်လိမ့်မည် မဟုတ်ပေ။

"ဒီ ခါးပါရမီရှင်က ခန့်မှန်းလို့ မရတော့ဘူး”

လင်းဟွမ်၏ တိုက်ပွဲများကို စောင့်ကြည့်နေခဲ့သော ရွှေရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်လေးက လေးလေးနက်နက် ရေရွတ်လိုက်သည်။

နောက်ပိုင်း တိုက်ပွဲများတွင် လင်းဟွမ်သည် လွယ်ကူစွာ အနိုင်ရခဲ့သည်။

(၄၉) ကြိမ်မြောက် တိုက်ပွဲအထိ ကျားရှူးလောက် အစွမ်းထက်သော ပြိုင်ဘက်များ မရှိခဲ့ပေ။ လင်းဟွမ်သည် ပြိုင်ဘက်အားလုံးကို တစ်ချက်တည်း

သတ်ဖြတ်ပြီးနောက် ပွဲ (၅၀) မြောက် တိုက်ပွဲသို့ ရောက်ရှိလာခဲ့သည်။

တိုက်ပွဲ (၅၀) မြောက် ဆက်တိုက် အနိုင်ရခြင်းသည် မုဆိုး တိုက်ပွဲကွင်းပြင်တွင် ကြီးကျယ်သော ဂုဏ်ကျက်သရေတစ်ခု ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း လူပေါင်းများစွာ ရရှိနိုင်သောအရာ မဟုတ်ပေ။ ပထမထပ်မှ ကိုးထပ်အထိ တိုက်ခိုက်ရေးသမား အားလုံးကို ပေါင်းလိုက်လျှင်ပင် လူ (၁၀) ယောက်ထက် မပိုချေ။

တိုက်ပွဲ (၅၀) ဆက်တိုက်အနိုင်ရရန် ခက်ခဲပြီး (၄၉) ပွဲမြောက် ပြီးသည့်နောက် ပွဲ (၅၀) မြောက် တိုက်ပွဲတွင် စနစ်က ကစားသမားတစ်ဦးနှင့် ပုံမှန် နည်းလမ်းအတိုင်း တွဲဖက်ပေးမည် မဟုတ်တော့ပေ။ ထိုအစား အနိုင်ရသည့် တိုက်ခိုက်ရေးသမားကို တားဆီးရန်အတွက် အားကောင်းသော ပြိုင်ဘက်ကို ရွေးချယ်ပေးလိမ့်မည်။

ဦးဆောင်သူစာရင်း ထိပ်ဆုံး အယောက် (၁၀၀) မှ တစ်ယောက်ကို တားဆီးသူ အဖြစ် ရွေးချယ်ပေးလိမ့်မည်။

သို့သော်လည်း ပုံမှန်အားဖြင့် ရွေးချယ်ပေးသော တိုက်ခိုက်ရေး သမားများသည် အဆင့် (၅၀) ထက် နိမ့်ကြသည်။ အဆင့် (၅၀) အတွင်းရှိ လူများကို တားဆီးသူအဖြစ် ရွေးချယ်ခြင်းမှာ ရှားပါးသည်။

စနစ်က လင်းဟွမ်အတွက် ပွဲ (၅၀) မြောက် ပြိုင်ဘက်ကို ရွေးချယ်နေစဉ် ပရိသတ်များသည် မျက်တောင် တစ်ချက်မခတ်ဘဲ စင်ပေါ်ကို စိုက်ကြည့်နေကြသည်။

မကြာခင် ရွေးချယ်မှု ပြီးဆုံးပြီး လူတစ်ယောက်ကို စင်ပေါ်သို့ ပို့လိုက်သည်။

ပြိုင်ဘက်၏ အသွင်အပြင်ကြောင့် ပရိသတ်များ အံ့အားသင့်သွားကြသည်။

## အခန်း(၁၈၉) - ခါးပါရမီရှင်၏ အသွင်အပြင်။

လင်းဟွမ်၏ မျက်နှာချင်းဆိုင်တွင် အဖြူရောင်ဝတ်ထားသော လူငယ်လေးတစ်ယောက် ရှိနေသည်။ လင်းဟွမ်ထက် အသက် အနည်းငယ်ပိုကြီးပြီး (၁၆) နှစ် ၊(၁၇) နှစ် ခန့် ရှိသည်။

အရပ်က (၁.၇) မီတာခန့် မြင့်ပြီး ဆံပင်က မေးစေ့ထိ ကျဆင်းနေကာ ခေါင်းအနောက်ဘက်တွင် ကျစ်ဆံမြီးလေး ကျစ်ထားသေးသည်။ မျက်နှာရှေ့ဘက်တွင် ဆံပင်အနည်းငယ်နှင့် ရှုတ်ယှက်

ခတ်နေသော်လည်း သူက ချောမောသည်ဟု ဝန်ခံရမည်။ သူ့ကို ကမ္ဘာမြေပေါ်သို့ ပို့လိုက်လျှင် မိန်းကလေးများက သူ့နောက်ကို ကောက်ကောက်ပါအောင် လိုက်ကြလိမ့်မည်။ သူနှင့်ပတ်သက်၍ အထူးခြားဆုံး အပိုင်းမှာ သေးငယ်ပြီး ရှည်လျားသော မျက်လုံးများ =ဖြစ်ကာ လျှို့ဝှက်ဆန်းကြယ် နေပုံရသည်။

လင်းဟွမ်က သူ့ခါးတွင်ပါးလွှာပြီး ရှည်လျားသော ဓါးတစ်ချောင်း ချိတ်ဆွဲထားသည်ကို သတိ ထားလိုက်မိသည်။ ဓါးအိမ်၏ အရွယ်အစားအရ

ခါးသည် ပုံမှန်ခါးနှင့် ကွဲပြားသည်။ စိတ်ကြိုက်ပြုလုပ်ထား ပုံရသည်။ လင်းဟွမ်သည် စစ်ဆေးပြီးနောက် ဤလူငယ်လေးထံမှ အန္တရာယ်ရှိသော အငွေ့အသက်ကို ခံစားရသောကြောင့် ကောက်ချက်ချလိုက်သည်ပြီး ဤလူငယ်က အစွမ်း ထက်လှသည်။ တိုက်ပွဲကွင်းပြင်ထဲတွင် ဤကဲ့သို့ ခံစားချက်မျိုး ခံစားဖူးသည်မှာ ပထမဆုံး အကြိမ်ပင်။ ထိုလူငယ်သည် မည်သူမည်ဝါ ဖြစ်ကြောင်း သူမသိသော်လည်း ပရိသတ်များက သိနေပုံရသည်။

ထိုလူငယ်ကို စင်ပေါ်သို့ ပို့လိုက်ပြီးနောက် သုံးစက္ကန့်အတွင်းမှာပင် ထိုင်ခုံ (၁၀,၀၀၀) လုံး လူပြည့်သွားသည်။

"မျက်နှာဖုံး ဝတ်ထားတဲ့ ဒီကလေးက ဘယ်သူလဲ၊ သူက ဘာလို့ ဆရာဖြူကို စိန်ခေါ်နေတာလဲ။"

လူတစ်ယောက်က မေးလိုက်သည်။

"သူက ဆရာဖြူကို စိန်ခေါ်တာ မဟုတ်ဘူး၊ ဆရာဖြူကို ပွဲ (၅၀) မြောက်တိုက်ပွဲရဲ့ တားဆီးသူအဖြစ် စနစ်က ရွေးချယ်လိုက်တာပဲ"

လူတစ်ယောက်က ရှင်းပြလိုက်သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။ အများအားဖြင့် တားဆီးသူကို ထိပ်ဆုံး (၅၀) ကနေ (၁၀၀) အတွင်းကိုပဲ ရွေးချယ်တာပါ။ ထိပ်ဆုံး (၃၀) လောက် အထိတော့ နှစ်ကြိမ်၊ သုံးကြိမ်လောက် ရွေးခဲ့ဖူးတယ်။ ဒါပေမဲ့ ဆရာဖြူက နံပါတ် (၁၈) လေ။ သူ့ကို ဘာလို့တားဆီးသူအဖြစ် တားဆီးဖို့ ရွေးချယ်လိုက်တာလဲ”

လူတစ်ယောက်သည် မယုံနိုင်စရာကောင်းသော အချက်တစ်ချက်ကို တွေ့ရှိသွားသည်။

"အမှန်ပဲ၊ ဒီ ဓါးပါရမီရှင်က အစွမ်းထက်လွန်းလို့လည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ဒါပေမယ့် ဆရာဖြူကို တားဆီးသူအဖြစ် စေလွှတ်လိုက်တာကတော့ စနစ်က ရက်စက လွန်းပါတယ်၊ သူ့ရဲ့ ဆက်တိုက်အနိုင်ကတော့ အခုပဲ အဆုံးသတ်သွားပြီ"

လင်းဟွမ်သည် သူ့ကို အကဲခတ်ပြီးနောက် ရမှတ်များကို ကြည့်လိုက်သည်။

"အမည်ပြောင် - ဆရာဖြူ"

"တိုက်ပွဲအဆင့် - ငွေ အဆင့် (၃)"

"တိုက်ပွဲ အရေအတွက် - (၁,၂၇၃) ပွဲ"

"စုဆောင်းရမှတ်များ - (၈,၇၆၁) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း - (၉၈) %"

သူသည် တိုက်ပွဲတစ်ထောင်ကျော် တိုက်ခိုက်ခဲ့သော်လည်း အနိုင်ရသည့် ရာခိုင်နှုန်းက မြင့်မားလွန်းသည်။

လင်းဟွမ်သည် သူက မည်သူမည်ဝါဖြစ်ကြောင်း မသိသော်လည်း ဤပွဲကို ကြည့်ရှုနေကြသော လူ အရေအတွက်ကြောင့် ဤလူသည် တိုက်ပွဲကွင်းပြင်

ထဲတွင် ရေပန်းစားနေသူ တစ်ယောက်ဖြစ်ကြောင်း ပြောနိုင်သည်။

"ဒါဆို စနစ်က ငါ့ကို စိန်ခေါ်တာလား။"

လင်းဟွမ်သည် လှောင်သလိုလို ပြုံးလိုက်သည်။

တိုက်ပွဲကို ဆက်တိုက်အနိုင်ရခဲ့၍ ပွဲ (၅၀) နှင့် အထက်ကို ရောက်သည်နှင့် အစွမ်းထက်သော တားဆီးသူ တစ်ယောက်ကို စေလွှတ်တတ်ကြောင်း သူသိထားသည်။

လင်းဟွမ်သည် သူ့ခါးပေါ်က ဓါးကို ကြည့်ပြီးနောက် သူ၏ကံကြမ္မာကို မစွန့်စားချင်ပေ။ ထို့ကြောင့် ငွေအဆင့် တိုက်ပွဲဝင်ဓါးကို ထုတ်ယူလိုက်သည်။

"နောက်ဆုံးတော့ ဓါးပါရမီရှင်က သူ့ဓါးကို ထုတ်လိုက်ပြီ"

လူတစ်ယောက်က စိတ်လှုပ်ရှားစွာ အော်ပြောလိုက်သည်။ ထိုလူသည် လင်းဟွမ်၏ ပွဲများကို စောင့်ကြည့်နေခဲ့ပြီး လင်းဟွမ်က တိုက်ပွဲများအတွင်း ဓါးသုံးသည်ကို တစ်ခါမှ မမြင်ဖူးပေ။

ပရိသတ်များကြားတွင် လင်းဟွမ်၏ ယခင်က ပြိုင်ဘက်ဟောင်းများ ရှိနေကြသည်။ ကျားရှူးနှင့် သေနတ်ဖြူ အပါအဝင် စသည့်လူများသည် တိုက်ပွဲကိုရှုံးပြီး ကတည်းက လင်းဟွမ်၏ တိုက်ပွဲများကို စောင့်ကြည့် နေခဲ့ကြသည်။

သူတို့သည် လင်းဟွမ်က ဓါ ဆွဲထုတ်လိုက်သည်ကို မြင်သောအခါ ဒေါသ ထွက်သွားကြပြီး လင်းဟွမ်က အစောပိုင်း တိုက်ပွဲများတွင် သူတို့နှင့် မထိုက်တန်၍ ဓါး မသုံးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြနေသည်။

"စိတ်ဝင်စားစရာပဲ..."

လင်းဟွမ်က ဓါး ဆွဲထုတ်လိုက်သည်ကို မြင်လိုက်လျှင် ဆရာဖြူက မအံ့အောပေ။ ထိုအစား စိတ်လှုပ်ရှားနေသည်။

သူက လင်းဟွမ်ကို မျက်လုံးမှေး၍ အကဲခတ်နေသည်။

ထိုအချိန်တွင် လင်းဟွမ်သည် ခံစားချက် ကင်းမဲ့သော မျက်နှာနှင့် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မတ်တပ်ရပ်နေသည်။

ရေတွက်မှု ပြီးဆုံးသွားပြီးနောက် ဆရာဖြူက စတင် တိုက်ခိုက်လိုက်သည်။ အသက်တစ်ကြိမ်

ရှူချိန်အတွင်းမှာပင် ဓါးကို ဓားအိမ်ထဲမှ ဖြတ်ခနဲ ဆွဲထုတ်ပြီး ဆယ်မီတာအကွာတွင် ရှိနေသော လင်းဟွမ်ရှေ့သို့ ဖြတ်ခနဲ ရောက်ရှိသွားသည်။

သူ၏ဓားသည် သူ၏ခြေထောက်ထက်ပင် ပို၍ မြန်ဆန် နေသေးသည်။ ထို့နောက် လင်းဟွမ်၏ လည်ချောင်းကိုချိန်ပြီး ထိုးသွင်းလိုက်သည်။

"မြန်လိုက်တာ"

ဒါသည် ပရိသတ် တော်တော်များများ၏ အတွေးပင်။

ပရိတ်သတ်ထဲမှ လူအချို့သည် လင်းဟွမ်က လည်ပင်းကို ဓါးအထိုးခံရပြီး သေသွားမည်ကို စိုးရိမ်နေကြသည်။

သို့သော် ရွှေရောင်ဝတ်ရုံ ဝတ်ဆင်ထားသော လူငယ်သည် လင်းဟွမ်က ထိုတိုက်ခိုက်မှု အောက်တွင် သေဆုံးသွားလိမ့်မည်ဟု မထင်ပေ။

တိုက်ခိုက်မှု အရှိန်သည် လင်းဟွမ် နားလည်နိုင်သည်ထက် ပို၍ မြန်ဆန်နေသည်။

ဆရာဖြူသည် အချိန်ကုန်လာသည်နှင့် အမျှ တိုးတက်လာသော စွမ်းရည်နှင့် ပေါင်းစပ်ခဲ့ပြီး

အရှိန်အဟုန် မြင့်မားသော လက်ဆောင်တစ်ခုကို ရရှိခဲ့သည်။

အမြန်နှုန်းသည် သေချာပေါက် သူ၏အားသာချက် ဖြစ်သည်။ ထို့အပြင် သူ၏အရှိန်ကို မြှင့်တင်နိုင်ရန် ဓါးပုံစံကိုပင် ပြုပြင်ခဲ့သည်။ ပိုရှည်၍ ပါးလွှာသောဓါးသည် လေဖိအားကို လျှော့ချနိုင်သည်။

အကယ်၍ ဒါသည် အတိတ်တုန်းက ဖြစ်ခဲ့လျှင် လင်းဟွမ်သည် တိုက်ပွဲစည်းချက်အတွင်း သူ၏ မြန်ဆန်သော အရှိန်ကြောင့် ထိခိုက်နိုင်ပြီး

လင်းဟွမ်လည်း အရှိန်အဟုန်ဖြင့် ပြန်လည် တိုက်ခိုက်နိုင်သော်လည်း အရှိန်အဟုန် ဘက်တွင် အားနည်းချက် ရှိနေသော လင်းဟွမ်သာ ကျိန်းသေပေါက် ရှုံးလိမ့်မည်။ သို့သော် ယခုမူ လင်းဟွမ်သည် ပြောင်းလဲသွားခဲ့ပြီ။

လင်းဟွမ်သည် လျှပ်စီးကဲ့သို့ လျှင်မြန်သောဓါးကို မြင်နေရသော်လည်း မြေပြင်ပေါ်တွင် ကျောက်ရုပ်ကြီးကဲ့သို့ မားမားမတ်မတ် မတ်တပ် ရပ်နေသည်။

ဓားသည် လည်ချောင်းအနီးသို့ ရောက်ခါနီးတွင် တိမ်ခြေလှမ်း၏ အကူအညီဖြင့် ကပ်၍ ရှောင်တိမ်းလိုက်သည်။ တစ်ချိန်တည်းမှာပင် သူ၏ တိုက်ပွဲဝင်ဓားကို ဆွဲထုတ်ပြီး မဟာဓါးကျမ်းဖြင့် ဆရာဖြူ၏ ခါးကို ခုတ်ချလိုက်သည်။

ဆရာဖြူက သူ၏တိုက်ခိုက်မှုကို မရှောင်ရှားနိုင်မည့်အချိန် ရောက်သည်အထိ စောင့်ဆိုင်းနေခဲ့ခြင်းပင်။ တစ်စက္ကန့်စောပြီး တိုက်ခိုက်မိခဲ့လျှင် ဆရာဖြူက သူ၏တိုက်ခိုက်ရေး နည်းလမ်းကို အချိန်မရွေး ပြောင်းလဲသွားနိုင်သည်။

လင်းဟွမ်၏ ရည်ရွယ်ချက်မှာ ဆရာဖြူကို သူ၏လျှပ်စီးကဲ့သို့ လျှင်မြန်သော ဓါးချက်က လွဲချော်ခြင်း မရှိကြောင်း ထင်ယောင်ထင်မှား အတွေးကို ဖန်တီးပေးခြင်းပင်။ ထိမှန်သွားပြီဟု စိတ်ဒုံးဒုံး ချလိုက်သည့်အချိန်ကို ရောက်ခါမှ လင်းဟွမ်က ရှောင်ထွက်သွားသည်ကို မြင်လိုက်သောအခါ ဆရာဖြူ တုန်လှုပ်သွားသည်။

သူ့ခွားသည် လင်းဟွမ်၏ လည်ပင်းကို အနည်းငယ် ပွတ်သပ်သွားသော်လည်း လွတ်မြောက် သွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

သို့သော် နောက်ကျသွားခဲ့ပြီ။ သူ၏ ကိုယ်ပိုင်အရှိန်ဖြင့် ပြန်၍ အနိုင်ယူခြင်း ခံလိုက်ရသည်။

ပိုနေးလျှင်ပင် လင်းဟွမ်၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်သေးသည်။ လင်းဟွမ်က ဆရာဖြူ၏ ဓါးကို ရှောင်တိမ်းလိုက်စဉ် သူ့လက်ထဲမှ ငွေအဆင့် တိုက်ပွဲဝင်ဓါးသည် ဆရာဖြူ၏ဓါးကို ပိုင်း ဖြတ်သွားသည်။

ဆရာဖြူ ကြောင်သွားသည်။ သိပ်မကြာခင် သူ၏ခန္ဓာကိုယ် အပေါ်ပိုင်းက ကြမ်းပြင်ပေါ်

ပြုတ်ကျသွားပြီး တိုက်ပွဲ ကြမ်းပြင်ပေါ်တွင် သွေးများစီးကျလာသည်။

ပရိသတ်များသည် သူတို့ မြင်ရလိုက်ရသော မြင်ကွင်းကြောင့် ပါးစပ် အဟောင်းသား ဖြစ်သွားကြသည်။

ဦးဆောင်သူ စာရင်းတွင် အဆင့် (၁၈) ရှိနေသော ဆရာဖြူသည် ခန္ဓာကိုယ် နှစ်ပိုင်း အပိုင်း ခံလိုက်ရသည်။ သူတို့ အားလုံးအတွက် အံ့ဩသင့်စရာကြီး တစ်ခုပင်။

ကြေငြာဆိုင်းဘုတ်ပေါ်တွင် ဓါးပါရမီရှင် အနိုင်ရသည် ဟူသော ကြေငြာချက်ကို တွေ့သောအခါ အိပ်မက် မဟုတ်ကြောင်း သိလိုက်ရသည်။

ထိုအချိန်ကို ရောက်ခါမှ သူတို့မြင်ခဲ့ရသော အရာသည် အမှန်တရား ဖြစ်ကြောင်း လက်ခံလိုက်ရသည်။

ဆရာဖြူသည် တစ်ချက်တည်း ရှုံးနိမ့်သွားခဲ့သည်။

"တိုက်ပွဲကို အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ပြိုင်ဘက်ကို တစ်ချက်တည်း သတ်နိုင်ခဲ့တဲ့ အတွက် အမှတ် (၂) မှတ်ရမယ်"

လင်းဟွမ်သည် ထိုကြေငြာချက်ကို ကြားသော်လည်း အမူအရာ ထုတ်ပြခြင်း မရှိပေ။ မကြာခင် စနစ်ထံမှ ကွဲပြားသော ကြေငြာချက်တစ်ခု ထွက်ပေါ်လာသည်။

"ကစားသမား ဓါးပါမီရှင်က ခြောက်ထပ်မြောက်ရဲ့ တားဆီးသူ ဆရာဖြူကို အနိုင်ရပြီး ပွဲ (၅၀) ဆက်တိုက် အနိုင်ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

"ကစားသမား ဓါးပါမီရှင်က ခြောက်ထပ်မြောက်ရဲ့ တားဆီးသူ ဆရာဖြူကို အနိုင်ရပြီး ပွဲ (၅၀) ဆက်တိုက်အနိုင်ရခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်"

"ကစားသမား ဓါးပါမီရှင်က ခြောက်ထပ်မြောက်ရဲ့ တားဆီးသူ ဆရာဖြူကို အနိုင်ရပြီး ပွဲ (၅၀) ဆက်တိုက်အနိုင်ရခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်"

ထိုအသံသည် လူအိုကြီးတစ်ယောက်၏ အသံနှင့် တူနေသည်။ ယခင် ကြေငြာခဲ့သော မိန်းမ တစ်ယောက်၏အသံနှင့် ကွဲပြားသည်။ သုံးကြိမ် တိုင်တိုင် ကြေငြာပြီးနောက် ရပ်တန့်သွားသည်။

ထိုကြေငြာချက်ကို ခြောက်ထပ်တွင် ရှိနေသော လူများသာမက ပထမထပ်မှ ကိုးထပ်အထိ လူများလည်း ကြားလိုက်ရသည်။

ပွဲ (၅၁) ဆက်တိုက် အနိုင်ရခြင်းသည် အခြားအဆင့် အနိုင်ရခြင်းနှင့် ကွဲပြားသည်။ ထို ကြေငြာချက်ကို အဖွဲ့ခွဲ (၇) မှ ကစားသမားများ အားလုံး ကြားနိုင်သည်။

ကွဲပြားသော ကြေငြာချက်ကို ကြားသောအခါ လင်းဟွမ်သည် လည်ပင်းမှဒဏ်ရာကို ကိုင်ရင်း မျက်မှောင် ကြုတ်လိုက်သည်။

ထို့နောက် စင်မြင့်ပေါ်မှ ထွက်ခွာပြီး ခြောက်ထပ်မြောက် ခန်းမထဲသို့ ပြန်လာခဲ့သည်။

ခြောက်ထပ်မြောက်တွင် အကြိမ်ကြိမ် အခါခါ ပြသနေသည့် ဆရာဖြူ၏ခါး လှီးဖြတ်ခဲ့ရသော မြင်ကွင်းကို ကြည့်ရင်း ဆွံ့အသွားသည်။ ဒါကို မြင်ပြီးနောက် ဆရာဖြူက သူ့ကို သေချာပေါက် မုန်းတီး နေမည့်အကြောင်းကို သိလိုက်သည်။ ခေါင်းခါပြီးနောက် သူ၏ရမှတ်ကို ကြည့်လိုက်သည်။

"အမည်ပြောင် - ဓါး ပါရမီရှင်"

"တိုက်ပွဲ အဆင့် - ငွေ အဆင့် (၃)"

"တိုက်ပွဲ အရေအတွက်- (၅၀)"

"စုဆောင်း အမှတ် - (၁,၂၄၀) မှတ်"

"အနိုင်ရတဲ့ ရာခိုင်နှုန်း - (၁၀၀) %"

"ဂုဏ်ထူးဆောင် - (၅၀) ဆက်တိုက် အနိုင်ရရှိခြင်း"

သူ၏ အမှတ်စာရင်းတွင် ဂုဏ်ထူးဆောင် ဘွဲ့တစ်ခု ထည့်သွင်းထားပြီး ရွှေရောင် တောက်ပနေသည်။ တောက်ပ လွန်းသောကြောင့် လူအများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

လင်းဟွမ်သည် တိုက်ပွဲဗီဒီယိုများကို ဒေါင်းလုဒ် လုပ်ပြီးနောက် တိုက်ပွဲကွင်းပြင်ထဲမှ ထွက်လာ ခဲ့သည်။

ထို့နောက် သူနှင့်ဆရာဖြူ တို့ကြားက တိုက်ပွဲကို အစမှအဆုံးထိ ထပ်ခါ တလဲလဲ ပြန်ကြည့်ခဲ့သည်။ ပိုကြည့် လာသည်နှင့်အမျှ မျက်မှောင် ကြုတ်လာသည်။ သူ၏ ကိုယ်ပိုင် စွမ်းဆောင်ချက်အပေါ် မကျေမနပ် ဖြစ်နေသည်။

"ငါက အန္တရာယ်များတဲ့ လှုပ်ရှားမှုတစ်ခု လုပ်ခဲ့တာပဲ၊ ဒါက ငါ့ရဲ့အကောင်းဆုံး လှုပ်ရှားမှု

တစ်ခုတော့ မဟုတ်ဘူး။ တကယ်လို့ လူတစ်ယောက်က သူ့ခါးရှည်ကို အရှိန်မြှင့်ဖို့ ဒါမှမဟုတ် နည်းနည်းလေး အရှိန်မြှင့်နိုင်ရင် တိုက်ပွဲထဲမှာ ငါ သေသွားလိမ့်မယ်။ သူ့ကိုရင်ဆိုင်ဖို့ ဒီထက်ပိုကောင်းတဲ့ နည်းလမ်းတွေ ရှိသေးတယ်”

လင်းဟွမ်သည် သူ၏ အမှားများကို ကောက်ချက်ပြီးနောက် လုပ်ဆောင်ရမည့် နည်းဗျူဟာများကို ချရေး လိုက်သည်။ နောက်ပိုင်းတွင် ပြောင်းရွှေ့ခြင်း ခလုတ်ကို

နှိပ်လိုက်ရာ ဦးဆောင်သူစာရင်းတွင် အဖြူရောင် ဆရာကြီး၏ နာမည်ကို တွေ့လိုက်ရသည်။

"အဆင့် (၁၈) လား"

လင်းဟွမ်သည် သူသတ်ခဲ့သော ဆရာဖြူသည် ဦးဆောင်သူ စာရင်းတွင် အလွန်မြင့်မားသော နေရာတွင် ရှိနေကြောင်း သိလိုက်ရသည်။

ထို့နောက် ငွေအဆင့် (၃) တိုက်ပွဲ ကွင်းပြင်ထဲတွင် တိုက်ခိုက်ခဲ့သော ဆရာဖြူ၏ တိုက်ပွဲဗီဒီယို အားလုံးကို ဒေါင်းလုဒ် လုပ်လိုက်သည်။

ဆရာဖြူက အခြားသူများကို မည်ကဲ့သို့ အနိုင်ယူခဲ့ကြောင်း သူမြင်ချင်သည်။ ထိုသို့ဆိုလျှင် သူ ယခင်က မတွေးခဲ့ဖူးသော အခြား နည်းဗျူဟာများကို ရှာဖွေတွေ့ရှိနိုင်သည်။

နောက်ထပ် နည်းဗျူဟာများကို ရှာမတွေ့ခဲ့လျှင်ပင် ဗီဒီယိုများကို ကြည့်ခြင်းအားဖြင့် လျှပ်စီးကဲ့သို့ အမြန်နှုန်းရှိသည့် ပြိုင်ဘက်များနှင့် ရင်ဆိုင်ရသောအခါ အသုံးပြုရမည့် ဗျူဟာကောင်းကောင်းကို စဉ်းစားနိုင်သောကြောင့် သူ့အတွက် အကျိုးရှိစေလိမ့်မည်။

## အခန်း(၁၉၀) – ပါဆယ်ထုပ် နှစ်ခု။

လင်းဟွမ်သည် ဗီဒီယိုကို ပိတ်လိုက်သည့် အချိန်တွင် ညသန်းခေါင်ကျော် (၁၂) နာရီ ရှိနေပြီ။

ရေချိုးရန် လုပ်လိုက်နေစဥ် သူနှင့်မနီးမဝေးတွင် ရှိနေသော ကုတင်ကို သတိထားလိုက်မိသည်။

လင်းရှမ်၏ ခန္ဓာကိုယ်ပေါ်တွင် ငွေရောင် အလင်းတန်းတစ်ခု စီးဆင်း နေသည်။ အလင်းရောင်သည် တောက်ပခြင်း မရှိဘဲ

မှိန်ဖျော့ဖျော့သာ မြင်ရသည်။ လင်းဟွမ်သာ သေသေချာချာ မကြည့်မိပါက လွဲချော်သွားလိမ့်မည်။

"ဒါက ကံကြမ္မာ စွမ်းအားလား.."

လင်းဟွမ်သည် နေ့ခင်းဘက်က လင်းရှမ်ကို စစ်ဆေးကြည့်ခဲ့ရာ လင်းရှမ်၏ ခန္ဓာကိုယ်ထဲတွင် ကံကြမ္မာစွမ်းအား မရှိသေးကြောင်း သိခဲ့ရသည်။

ဒါသည် မယုံကြည် နိုင်စရာပင်။

သို့သော် လင်းရှမ် အိပ်ပျော်နေစဉ် သူ့ခန္ဓာကိုယ်ထဲတွင် ကံကြမ္မာ စွမ်းအားများက ကြီးထွားနေခဲ့သည်။

အမှန်တကယ်ဆို ဒါသည် ငွေအဆင့် ကျင့်ကြံသူတစ်ယောက်၏ ကံကြမ္မာစွမ်းအားပင်။

လင်းဟွမ်သည် ထိုကံကြမ္မာစွမ်းအားက သူနှင့်ပင် ဆင်တူနေကြောင်း သတိထား လိုက်မိသည်။ လင်းရှမ်ကို စစ်ဆေးခဲ့သည့်အချိန်က သူ၏ ကံကြမ္မာ စွမ်းအားများ ပင်ပန်း နွမ်းနယ်သွားခဲ့သော ခံစားချက်ကို ပြန် သတိရသွားသည်။

"ဒီကလေးက ငါ့ရဲ့ ကံကြမ္မာစွမ်းအား တစ်စိတ်တစ်ပိုင်းကို စုပ်ယူပြီး ကိုယ့်ကိုယ်ကို ပြုစုပျိုးထောင်နေတာ ဖြစ်နေမလား"

လင်းဟွမ် ခန့်မှန်းလိုက်သည်။ အကယ်၍ သူသာ ခရီးသွားတစ်ယောက် မဟုတ်ခဲ့လျှင် ဤကဲ့သို့ ဖြစ်နိုင်ချေကို စိတ်ကူးမိမည် မဟုတ်ချေ။

လင်းဟွမ်သည် ကိုယ်လက် ဆေးကြောပြီးနောက် အိပ်ရာထဲသို့ တန်းမဝင်တော့ပေ။ ထိုအစား အခါအားလျော်စွာ လင်းရှမ်ကို လှည့်လှည့် ကြည့်နေခဲ့ပြီး ဗီဒီယိုများကို ထိုင် ကြည့်နေခဲ့သည်။

ထိုညတွင် လင်း၍ရှမ်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့ပြီး သူ့ကိုယ်ပေါ်ရှိ ကံကြမ္မာ စွမ်းအားများက ပိုမို အားကောင်းလာခဲ့သည်။ နောက်ဆုံးတွင် ငွေအဆင့်နှင့် တူသော အဆင့်အတန်းသို့ ရောက်ရှိသောအခါ ရပ်တန့်သွားသည်။ ထို့နောက် တစ်ခါမှ မပေါ်ဖူးသကဲ့သို့ ပျောက်ကွယ်သွားသည်။

နောက်တစ်နေ့ မနက်တွင် လင်း၍ရှမ်သည် အိပ်ရာမှ နိုးလာသောအခါ လင်းဟွမ်ကို

မြင်လိုက်ရသည်။ လင်းဟွမ်က တစ်ညလုံး မအိပ်ခဲ့ကြောင်း သူမသိပေ။

လင်းရှမ် နိုးလာသည်ကို မြင်လိုက်လျှင် လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"မင်း ညက အနေရ ခက်သေးလား.."

လင်းရှမ်က ဇဝေဇဝါ ခေါင်းခါလိုက်သည်။ လင်းဟွမ်က ဘာကြောင့် ဤမေးခွန်းကို မေးနေလဲဆိုသည်ကို သူ နားမလည်ပေ။

"ဒီကိုလာအုံး၊ မင်းလက်ပေးစမ်း"

လင်းဟွမ်က သူ့လက်ကို ဇွေ့ယမ်းပြီး ခေါ်လိုက်သည်။

လင်းရှမ်သည် အူကြောင်ကြောင် ဖြစ်နေသော်လည်း သူ၏လက်ကို လင်းဟွမ်ထံ လှမ်းပေးလိုက်သည်။ ထို့နောက် လင်းဟွမ်၏ လက်ဖဝါးပေါ် လက်ညှိုးတင်လိုက်သည်။ မကြာခင် လင်းဟွမ်၏ ကံကြမ္မာစွမ်းအားက လင်းရှမ်၏ ခန္ဓာကိုယ်ထဲသို့ စီးဝင်သွားသည်။

ဒီတစ်ကြိမ်တွင် ကံကြမ္မာ စွမ်းအား စီးဝင်သွားသည်နှင့် လင်းရှမ်၏ ကံကြမ္မာ

စွမ်းအားက ငွေအဆင့် (၃)တွင် ရှိနေပြီ ဖြစ်ကြောင်း ခံစားလိုက်ရသည်။ လင်းရှမ်၏ ကံကြမ္မာစွမ်းအားသည် သူ့ထက် အားနည်းခြင်း မရှိပေ။

'ငါ သိနေတယ်..'

လင်းဟွမ်သည် လင်းရှမ်၏ လက်ကို လွှတ်ပေးပြီးနောက် လင်းရှမ်က သူ၏ ကံကြမ္မာ စွမ်းအားကို ကူးယူပြီး သူ့ဘာသာသူ ကျင့်ကြံခဲ့ကြောင်း အတည်ပြု နိုင်ခဲ့သည်။

လင်း၍မ်က လက်ဆောင်ရခဲ့သည်ဟု ပြောနိုင်သည်။ အကယ်၍ ခရီးသွားတစ်ယောက်၏ ရွှေလက်ချောင်း စနစ်က ဤကမ္ဘာပေါ်တွင် ရေသွယ်ပြွန်ကဲ့သို့ ဖြစ်ခဲ့လျှင် လင်း၍မ်၏ ခန္ဓာကိုယ်သည် အစွမ်းထက်သော ရေသွယ်ပြွန်တစ်ခု ဖြစ်လာလိမ့်မည်။

"တကယ်လို့ ငါ့ရဲ့ ကံကြမ္မာစွမ်းအားကို သူက ကူးယူနိုင်ရင် ငါက ရွှေအဆင့်ကို တက်လှမ်းသွားတာနဲ့ သူကလည်း ရွှေအဆင့် ကံကြမ္မာစွမ်းအားကို ပိုင်ဆိုင်နိုင်မှာပဲ။ သူ့မှာ ကူးယူနိုင်တဲ့

စွမ်းရည် ရှိ မရှိက မသေချာသေးဘူး။ တကယ်လို့ သူသာ သာလွန်အဆင့် ဒါမှမဟုတ် နတ်ဘုရား တစ်ပိုင်း လူတစ်ပိုင်း အဆင့်ကို ရောက်သွားရင် သာမန်လူ တစ်ယောက်ကနေ ပြောင်းလဲ သွားမှာလား..”

လင်းဟွမ်သည် လင်းရှမ်၏ မူလဇစ်မြစ်က ပို၍ ဆန်းကြယ်လာသည့် အတွက် စိုးရိမ်လာခဲ့သည်။

“ငါတို့တွေ တတ်နိုင်သလောက် အဝေးကို ထွက်သွားရမယ်..”

ဤကဲ့သို့ဖြင့် ရက်သတ္တပတ် တစ်ပတ် ကုန်ဆုံးသွားခဲ့သည်။

လင်းဟွမ်သည် နောက်တစ်နေ့ မနက်ခင်းစောစောတွင် ရန်လင်းထံသို့ ကံကြမ္မာသလင်းကျောက် (၁,၅၀၀) လွှဲပြောင်းပေးရန် အကျိုးဆောင် အမှတ်ဗျူရိုသို့ သွားခဲ့သည်။

အိမ်သို့ ပြန်ရောက်သောအခါ လင်းရှင်ကို လှမ်းခေါ်လိုက်သည်။

“ရှင်းအာ.. ငါတို့တွေ (ဘီ) အဆင့်ဝပ်ကျင်းကို ပြောင်းကြမလား..”

လင်းဟွမ်က ပြုံးပြီး မေးလိုက်သည်။

"ဒါပေမယ့် (ဘီ) အဆင့် ဝပ်ကျင်းအတွက် နေထိုင်ခွင့်က......."

လင်းရှင်သည် နေထိုင်ခွင့် ခွင့်ပြုချက် မရှိကြောင်း သိနေသည်။ ထိုသို့ဆိုလျှင် သူမသည် စာကို ဆက်သင်နိုင်တော့မည် မဟုတ်ပေ။

"ငါ့မှာ နေထိုင်ခွင့်ရမယ့်နည်းလမ်း ရှိပါတယ်။ ဆောင်းရာသီ အားလပ်ရက်မှာ သွားကြမယ်။ ဘယ်(ဘီ) အဆင့်ဝပ်ကျင်းမှာ နေချင်လဲဆိုတာ ဆုံးဖြတ်ထား။ လုံခြုံရေးက ဝူလင်မြို့လိုမျိုး (ဒီ)

အဆင့် ဝပ်ကျင်းတွေထက် အများကြီး ပိုမြင့်တယ်။ အိမ်ကထွက်သွားတာနဲ့ စိတ်ပူစရာ မလိုတော့ဘူး”

လင်းဟွမ်သည် သူ ပြောင်းရွှေ့ရသော အကြောင်းအရင်း အမှန်ကို မပြောခဲ့ပေ။

“ဒါဆို နှစ်ရက်လောက် ကြာရင် ကျောင်းအုပ်ကြီးနဲ့ ကျောင်းမှာ လျှောက်လွှာ တင်လိုက်မယ်..”

လင်းရှင်က ဆက်မမေးတော့ပေ။ ထိုသို့ ရုတ်တရက် တောင်းဆိုမှုကို သူမက မမျှော်လင့်ထားသဖြင့် အံ့အားသင့်ခဲ့သော်လည်း လင်းဟွမ်

ထံတွင် အကြောင်းပြချက်များစွာ ရှိနေလိမ့်မည်ကို သိနေသောကြောင့် သူမ၏အစ်ကိုကို ယုံကြည်ရန် ဆုံးဖြတ်ခဲ့သည်။

အိမ်ကို လှည့်ပတ်ကြည့်ပြီးနောက် ..

"အစ်ကို.. အငေးကိုပြောင်းသွားရင် ဒီအိမ်ကို ရောင်းခဲ့မှာလား"

"အချိန်တိုလေး အတွင်းနဲ့ အိမ်မရောင်းနိုင်ဘူး။ ဒီလိုဆိုမှတော့ မရောင်းတော့ ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ပိုက်ဆံလည်း မလိုသေးဘူး။

ဒီအိမ်လေးကို ငါတို့ အားလပ်ရက်အတွက် အပန်းဖြေစခန်း လုပ်လို့ရတာပေါ့”

လင်းဟွမ်သည် အိမ်ရောင်းရန် မည်သည့်အခါမှ စိတ်မကူးခဲ့ပေ။

“သေချာလား..”

လင်းရှင်သည် အိမ် မရောင်းသည့်အကြောင်းကို ကြားလိုက်လျှင် စိတ်အခြေအနေ ပြန်လည်ကောင်းမွန်လာသည်။

"ဒါပေမယ့် ကျောင်းက မင်းရဲ့သူငယ်ချင်းတွေနဲ့ မတွေ့ရတော့ဘူး မဟုတ်လား"

လင်းဟွမ်သည် ညီမဖြစ်သူအတွက် စာနာနေသည်။

"ဒါ အဆင်ပြေပါတယ်။ ငါတို့က ဒီမြို့ကို ဘယ်တော့မှ ပြန်မလာတော့ဘူး.."

လင်းရှင်က ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

"ငါတို့ မပြောင်းခဲ့ရင်တောင် ဘွဲ့ရပြီး တစ်နှစ်ခွဲလောက် ကြာရင် အားလုံးက

ထွက်သွားကြမှာပဲ။ မကြာခဏ မတွေ့ဖြစ်ကြတော့ဘူးလေ။ ကိစ္စမရှိပါဘူး”

“ဒါဆိုလည်း ကောင်းပြီလေ၊ ဆောင်းရာသီ အားလပ်ရက် မတိုင်ခင် ဒီရက်ပိုင်းအတွင်း မင်းကျောင်းမှာ လျှောက်လွှာကိစ္စကို ပြေလည်အောင် ဖြေရှင်းထားလိုက်။ ငါတို့တွေ နေထိုင်ခွင့်လက်မှတ် ရတာနဲ့ ပြောင်းကြမယ်။ နှင်းတံတားမြို့ကိုပဲ သွားရအောင်။ အဲ့ဒါက (ဘီ)အဆင့် ဆောင်းရာသီ မြို့လေ၊ သွားကြမလား၊ အဲ့ဒီဝပ်ကျင်းကိုကြိုက်ရင် အဲ့ဒီမှာနေမယ်၊ မကြိုက်ရင် တခြား (ဘီ) အဆင့်

ဝပ်ကျင်းတွေနဲ့ နှင်းကျတဲ့နေရာတွေ လိုက်ကြည့် လို့ရတယ်”

လင်းဟွမ်က သူ၏ အစီအစဉ်ကို ထုတ်ပြောလိုက်သည်။

လင်းရှင်က ခေါင်းညိတ်လိုက်သည်။ သူမသည် နှင်းများကို ချစ်မြတ်နိုးသော မိန်းကလေး တစ်ယောက်ဖြစ်သည်။ ဆောင်းရာသီသည် သူမ အကြိုက်ဆုံး ရာသီဖြစ်ပြီး နှင်းမြို့တော်တွင် နေထိုင်ရမည့် အကြောင်းကို ကြားသောအခါ စိတ်လှုပ်ရှားသွားသည်။

.........

နောက်တစ်နေ့တွင် လင်းဟွမ်က လင်းရှွမ်ကို သူ၏သေနတ်မစွတာ ဂိမ်းအကောင့် ပေးလိုက်သည်။ လင်းရှွမ်သည် သမန်ဇုန်တွင် ပြိုင်ဘက် မရှိတော့ပေ။

လင်းဟွမ်သည် လင်းရှွမ်အတွက် သင်ထောက်ကူအဖြစ် ပြုလုပ်ရန် ဗီဒီယို တော်တော်များများကို ဒေါင်းလုဒ် လုပ်ခဲ့သည်။

ယခုမူ လင်းရှွမ်တွင် ကံကြမ္မာစွမ်းအားများ ရှိနေသောကြောင့် မုဆိုးများအတွက် သီးသန့်ဇုန်သို့

ဝင်ရောက်နိုင်ခဲ့သည်။ ဒါကြောင့် လင်းဟွမ်က သူ၏ကိုယ်ပိုင်အကောင့်ကို ပေးခဲ့ခြင်းပင်။

ဤအတောအတွင်းတွင် လင်းဟွမ်သည် အရှိန်အဟုန်နှင့် တိုက်ခိုက် တတ်သော ပြိုင်ဘက်များကို တိုက်ခိုက်နိုင်ရန် နည်းဗျူဟာတစ်ခု ရရှိစေရန် ဆရာဖြူ၏ တိုက်ပွဲ ဗီဒီယိုများကို ဆက်လက် လေ့လာနေခဲ့သည်။

တိုက်ပွဲ ဗီဒီယိုများမှ တစ်ဆင့် တိုက်ပွဲ အတွေ့အကြုံများစွာကို သင်ယူနိုင်ခဲ့ပြီး

သူနှင့်သင့်တော်သော နည်းဗျူဟာ အချို့ကို ကောက်ချက် ချနိုင်ခဲ့သည်။

မကြာခင် (၅) ရက် ကုန်ဆုံးသွားခဲ့ပြီး ငွေလျှော ငှက်လေးသည် သူတို့၏အိမ်တံခါးဝကို ရောက်ရှိလာသည်။

“မစ္စတာလင်းဟွမ်၊ မင်းအတွက် ပါဆယ်ထုပ် ပါတယ်”

ငှက်ကလေးက ပါဆယ်ထုပ် နှစ်ထုပ်ကို ချပြီးနောက် လင်းဟွမ်က ငှက်ကလေးကို ချီးချဉ်သကြားလုံး ကျွေးလိုက်သည်။

လက်သီးဆုပ် အရွယ်ရှိသော အထုပ်တစ်ထုပ် ဖြစ်သည်။ လင်းဟွမ်သည် ရန်လင်း ပို့ပေးလိုက်သော အင်ပါယာ နှလုံးသားလက်စွပ် ဖြစ်လိမ့်မည်ဟု တွေးနေခဲ့သည်။ နောက်ထပ် သေတ္တာတစ်လုံးသည် အမြင့် (၃၀) စင်တီမီတာ ရှိသည်။

လင်းဟွမ်သည် သေတ္တာနှစ်လုံးကို အခန်းထဲသို့ သယ်သွားပြီးနောက် လက်သီးဆုပ် အရွယ် သေတ္တာလေးကို အရင်ဆုံး ဖွင့်လိုက်သည်။ အပေါ်တွင် တုန်ခါမှုခံနိုင်သော သတ္တုများ ဖုံးအုပ်ထားသည်။ အထဲတွင် အင်ပါယာနှလုံးသား

လက်စွပ် ဖြစ်သည်။ လင်းဟွမ်က လင်းရွှမ်ကို ချက်ချင်း လှမ်းအော်ခေါ်ပြီး လက်စွပ် ပေးလိုက်သည်။

ထို့နောက် လင်းရွှမ်ကို မည်သို့မည်ပုံ အသက်သွင်းရမလဲ ဆိုသည်ကို သင်ကြား ပေးပြီးနောက် လင်းရွှမ်အတွက် သေနတ်မစ္စတာ ဂိမ်းအကောင့်တစ်ခု ဖန်တီးပေးလိုက်သည်။

ထို့နောက် လင်းဟွမ်သည် အပေါ်ထပ်သို့ ပြန်သွားပြီးနောက် မရင်းနှီးသော သေတ္တာကို ကြည့်လိုက်သည်။ သေတ္တာပုံကို ဖွင့်လိုက်သည်။

အထဲတွင် ပါဝင်သောပစ္စည်းများကို ကြည့်ပြီးနောက် အံ့အားသင့်သွားသည်။ အနက်ရောင် အိုးတစ်လုံး ရှိနေပြီး ပုလင်းပုံစံက ရိုးရှင်းသည်။

လင်းဟွမ်သည် ခရမ်းရောင်ကျီးကန်း အဖွဲ့ထဲတွင် ရှိနေစဉ်က တစ္ဆေအဖြစ် ပြောင်းပြီး ချောင်းကြည့်နေတုန်းက အမာရွတ်မျက်နှာနှင့် လူ ထည့်ပေးလိုက်သော ပြာအိုး ဖြစ်ကြောင်း သိရှိလိုက်သည်။

အိုးအဖုံးကို ဖွင့်၍ အထဲကို ကြည့်လိုက်ရာ လှည့်စားခြင်း အကျိုးသက်ရောက်မှု ပျောက်ကွယ်သွားသဖြင့် အလွတ်ကြီး ဖြစ်နေသည်။

ထို့နောက် သေတ္တာကို သယ်ထုတ်ပြီး ပုလင်း အပိုင်းအစများနှင့်အတူ အမှိုက်ပုံးထဲသို့ ပစ်လိုက်သည်။

## အခန်း(၁၉၁) – အန္တရာယ် ကျရောက်လာခြင်း။

လင်းဟွမ်သည် တိုက်ပွဲ (၅၀) မြောက်ကို ဆက်တိုက် အနိုင်ပြီးကတည်းက မုဆိုး တိုက်ပွဲ ကွင်းပြင်ထဲသို့ ရက်အနည်းငယ် ကြာအောင် မဝင်ရောက်ဖြစ်ခဲ့ပေ။ ထိုရက်ပိုင်း အတွင်း၌ မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲတွင် လူများ စည်ကား နေခဲ့သည်။

နှစ်သစ်ကူးအချိန် နီးကပ်လာပြီ ဖြစ်သော်လည်း ယခုနှစ်တွင် တိုက်ပွဲပေါင်း (၅၀)ကို ဆက်တိုက်

အနိုင်ရခဲ့သော လင်းဟွမ်သည် စတုတ္ထမြောက် အောင်မြင်ခဲ့သော လူတစ်ယောက် ဖြစ်လာခဲ့သည်။

ဒါတွင်သာမက တစ်ကြိမ်တည်းပင် တိုက်ပွဲပေါင်း (၅၀)ကျော်ကို ဆက်တိုက် အနိုင်ရခဲ့ခြင်းပင်။ ထို့ကြောင့် ဓါးပါရမီရှင် ဟူသော နာမည်သည် ပျံ့နှံ့လာသည်။

မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲတွင် နှစ်စဉ်နှစ်တိုင်း ပွဲ(၅၀) ဆက်တိုက် အနိုင်ရရှိသော လူသည် အနည်းငယ်သာ ရှိခဲ့သည်။ သို့သော် ပြိုင်ဘက် (၅၀)ကို တစ်ချက်တည်း သတ်ခဲ့နိုင်သောလူသည်

လွန်ခဲ့သော (၁၁) နှစ်က နောက်ဆုံးဖြစ်သည်။ ယခုအခါ ထိုပုဂ္ဂိုလ်သည် သာလွန်လူသား တစ်ယောက် ဖြစ်နေသလို အဖွဲ့အစည်းကြီးတစ်ခု၏ အမှုဆောင်အရာရှိ တစ်ဦးလည်း ဖြစ်နေသည်။

နောက်ထပ် ထူးခြားသည့်အချက်မှာ ပွဲ (၅၈) မြောက် တိုက်ပွဲတွင် တိုက်ပွဲကွင်းပြင်၏ ထိပ်ဆုံး အယောက် (၂၀) ထဲရှိနေသော လူတစ်ယောက်ကို တားဆီးသူအဖြစ် စေလွှတ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်နေသည်။ ပထမထပ်မှ ကိုးထပ်အထိ ဩဇာ

အကြီးဆုံး တားဆီးသူမှာ အဆင့် (၃၃) သာဖြစ်ခဲ့ပြီး အဆင့်(၃၀)ကိုပင် မရောက်ခဲ့ကြချေ။

လင်းဟွမ် ကြုံတွေ့ခဲ့ရသော တားဆီးသမားသည် ပထမဦးဆုံး အကြိမ်ပင်။

ယခုအခါတွင် ဓါးပါရမီရှင် ဟူသော နာမည်သည် ရေပန်းအစားဆုံး အကြောင်းအရာတစ်ခု ဖြစ်လာခဲ့သည်။ လူတော်တော်များများသည် ဓါးပါရမီရှင်၏ အထောက်အထား အစစ်အမှန်ကို ခန့်မှန်းရန်၊ စုံစမ်းရန် ကြိုးစား လာခဲ့ကြသည်။

လင်းဟွမ်က ကြမ်းတမ်းခြင်း နည်းစနစ်ကို အသုံးပြုခဲ့သောကြောင့် ပြည်ထောင်စုအစိုးရ၏ စစ်ဘက်ဆိုင်ရာ အဖွဲ့ဝင်တစ်ယောက် ဖြစ်နိုင်သည်ဟု အများစုက ထင်ကြေးပေးနေကြသည်။

ကြမ်းတမ်းခြင်း နည်းစနစ်နှင့် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်တို့ကို ပေါင်းစပ် အသုံးပြုမှုသည် စစ်တပ်တွင် မကြာခဏ အသုံးပြုလေ့ရှိသော လှုပ်ရှားမှုစွမ်းရည် တစ်မျိုး ဖြစ်သည်။ ပြည်ထောင်စုအစိုးရ စစ်တပ်မှ

လူအများစုသည် မုဆိုးလိုင်စင် ရထားသောကြောင့် မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲသို့ ဝင်လေ့ရှိကြသည်။

လူအချို့ကမူ လင်းဟွမ်က တော်ဝင်မျိုးနွယ် တစ်ယောက်ဟု ယူဆနေကြပြီး သူ၏ပုံရိပ် အစစ်အမှန်ကို ဖုံးကွယ်ရန် ကြမ်းတမ်းခြင်း နည်းစနစ်ကို အသုံးပြုခဲ့သည်ဟု ယူဆနေကြသည်။ ဓါးသိုင်းကို တစ်ကြိမ်သာ အသုံးပြုခဲ့သောကြောင့် မည်သည့် ဓါးနည်းစနစ်ကို အသုံးပြုခဲ့ကြောင်း အတည် မပြုနိုင်ကြပေ။ သူတို့ သိထားသမျှအရ

ခါးကျင့်စဉ်သည် ကြမ်းတမ်းလွန်းပြီး ထိုတိုက်ခိုက်မှု အတွင်းမှ သဲလွန်စ ရှာမရပေ။

သို့သော်လည်း လွန်ခဲ့သော ရက်ပိုင်းက လင်းဟွမ်ကို ရှုံးနိမ့်ခဲ့သော လူများ၊ ဆရာဖြူ အပါအဝင် လူတော်တော်များများသည် လင်းဟွမ်၏ ကျော်ကြားမှုကို မြင်ရ၊ တွေ့ရ ကြားနေရ သောကြောင့် မကျေမနပ် ဖြစ်နေကြသည်။

တိုက်ပွဲ ကွင်းပြင်ထဲတွင် လူတော်တော် များများသည် ဆရာဖြူ၏ နောက်ခံသမိုင်းကြောင်းကို သိနေကြပြီး သူသည် တော်ဝင်မိသားစု၏

တတိယမြောက်သား ဖြစ်သည်။ ထီးနန်း အမွေခံ တစ်ယောက်လည်း ဖြစ်သည်။

ဆရာဖြူသည် ယခင်က တိုက်ပွဲများတွင် တစ်ကြိမ်ထက်မက ရှုံးနိမ့်ဖူးသော်လည်း လင်းဟွမ်ကို ရှုံးနိမ့်ရခြင်းအပေါ် ထူးထူးခြားခြား မကျေမနပ် ဖြစ်နေသည်။

ဆရာဖြူသည် ရှုံးနိမ့်ခဲ့ ရရုံသာမက သူ အသတ်ခံရသော မြင်ကွင်းကို ခြောက်ထပ်ရှိ ဖန်သားပြင်ပေါ်တွင် အကြိမ်ကြိမ်အခါခါ ပြသခြင်း ခံခဲ့ရသည်။ သူ့ပတ်ဝန်းကျင်မှ လူများသည်

မကြည့်ချင်လျှင်ပင် အကြိမ်ကြိမ် မြင်နေခဲ့ရပြီး လူအချို့ဆိုလျှင် ပိုက်ဆံအကုန်ခံကာ ထိုဗီဒီယိုကို ဒေါင်းလုဒ် ဆွဲခဲ့ကြသေးသည်။ ယခုလက်ရှိတွင် ဒေါင်းလုဒ် ဆွဲခဲ့သူ (၂) သန်းကျော် ရှိနေခဲ့ပြီ။

"ဒီကောင်လေးက ဘယ်သူလဲဆိုတာ ပြပါအုံး.."

အားကစားခန်း အပြင်ဘက်တွင် ဆရာဖြူသည် သတင်းမှောင်ခို အရောင်းသမားတစ်ယောက်နှင့် တွေ့ဆုံနေသည်။

မကြာခင် သတင်းမှောင်ခိုသမားက ပြန်ရောက် လာပြီး ..

"သူ့ရဲ့ ကိုယ်ရေးကိုယ်တာ အသေးစိတ် အချက်အလက်တွေကို မုဆိုး အဖွဲ့အစည်းက ပိတ်ထားတယ်။ သူက ရွှေအဆင့် မုဆိုးတစ်ယောက်ပဲ.."

"ရွှေအဆင့် မုဆိုးလား"

ဆရာဖြူက ထူးဆန်းသည်ဟု တွေးလိုက်မိသည်။ လင်းဟွမ်၏ အော်ရာအရ ရွှေအဆင့် မဟုတ်ကြောင်း သူသိထားသည်။ ထို့အပြင် ဤနေရာတွင် ရှိနေသော လူတိုင်းသည် သူတို့၏ စွမ်းရည်များကို ဖုံးကွယ်ထားရန် နည်းလမ်းများ မရှိပေ။

အသိစိတ်ဖြင့်သာ ဂိမ်းထဲသို့ ဝင်လာကြခြင်း ဖြစ်သည်။ စနစ်၏ စကင်န်ဖတ်ခြင်းကို မည်သူမျှ မလွတ်ကင်းနိုင်ပေ။

ဆိုလိုသည်မှာ လင်းဟွမ်ကို (၆) ထပ်သို့ ပို့လိုက်သောကြောင့် သူက ငွေအဆင့် (၃) သာ ရှိသေးသည်။ ငွေအဆင့် (၃) စွမ်းရည်ဖြင့် ရွှေမုဆိုးလိုင်စင်ကို ရရှိခြင်းမှာ မုဆိုးအဖွဲ့အစည်းက ရွှေအဆင့် မွန်းစတားများကို သတ်ဖြတ်နိုင်စွမ်း ရှိသည်ဟု အတည်ပြု လိုက်သောကြောင့် ဖြစ်နိုင်သည်။

မုဆိုးအဖွဲ့အစည်းတွင် မုဆိုးများကို အကဲဖြတ်ရန်အတွက် အခြေခံစံနှုန်းများ ရှိသည်။ ထိုစံနှုန်းကို အောင်မြင်မှသာ လိုင်စင်ထုတ်ပေးခြင်း ဖြစ်သည်။

"နည်းလမ်း မရှိဘူးလား ငါ မင်းကို ပို ပေးမယ်လေ"

ဆရာဖြူက သတင်းမှောင်ခိုသမားကို ပြောလိုက်သည်။

"နည်းလမ်း မရှိဘူး.. အမှုဆောင် အရာရှိတွေရဲ့ ကိုယ်ရေးကိုယ်တာ အသေးစိတ်

အချက်အလက်တွေကို မမြင်နိုင်ဘူး။ သူ့ရဲ့ နာမည်အရင်းတောင် မသိရဘူး”

သတင်း မှောင်ခိုသမားက ခေါင်းခါလိုက်ပြီး ..

“မင်းက တခြားတစ်ယောက်ကို ရှာရင်လည်း ဒီအတိုင်းပဲ ပြောလိမ့်မယ်။ သူ့ရဲ့ အထောက်အထားကို ရည်ရွယ်ချက်ရှိရှိ ဖုံးအုပ်ထားတယ်”

“ဒါဆို ဒီ ခါးပါရမီရှင်က မုဆိုးအဖွဲ့အစည်းရဲ့ အမှုဆောင်အရာရှိ တစ်ယောက်လို့ ပြောချင်တာလား”

ဆရာဖြူသည် မျက်မှောင် ကြုတ်နေသည်။

လင်းဟွမ်သည် တိုက်ပွဲကွင်းပြင်ထဲတွင် ဘာတွေဖြစ်ပျက်နေလည်း ဆိုသည့်ကို မသိပေ။

မစ္စတာဖူးက လင်းဟွမ်၏ အသေးစိတ်အချက်အလက်များကို ပိတ်ထားရန် လူအိုကြီးလီကို ညွှန်ကြားခဲ့ကြောင်းလည်း မသိပေ။ လူအိုကြီးလီက ပြောသည့်အတိုင်း လုပ်ဆောင်ခဲ့သဖြင့် ဆရာဖြူက လင်းဟွမ်က မည်သူမည်ဝါ ဖြစ်ကြောင်း မစုံစမ်းနိုင်ခဲ့ပေ။

သို့သော်လည်း လင်းဟွမ်သည် သူ၏ တားဆီးသူက ဆရာဖြူဖြစ်ခဲ့သောကြောင့် သတိ နိုးကြား လာခဲ့သည်။

"သူတို့က ပွဲ (၅၀) ခြောက် တိုက်ပွဲရဲ့တားဆီးသူ အဖြစ် အဆင့် (၁၈) ကို လွှတ်ခဲ့တယ်။ အနာဂတ်မှာ တွေ့တဲ့ တားဆီးသူက ပိုပြီး အဆင့်မြင့်လာမှာပဲ။ စနစ်က စိတ်ဆန္ဒရှိရင် ထိပ်ဆုံး (၁၀) ယောက်ထဲက တစ်ယောက်ကိုတောင် လွှတ်နိုင်သေးတယ်"

လင်းဟွမ်သည် တိုက်ပွဲ ကွင်းပြင်ထဲသို့ နောက်တစ်ကြိမ် ပြန်မဝင်ဘဲ ထိပ်ဆုံး (၁၀)

ယောက်၏ တိုက်ပွဲ ဗီဒီယိုများကိုကြည့်ရန် ဆုံးဖြတ်ခဲ့သည်။

လင်းဟွမ်သည် တိုက်ပွဲများ ဆက်တိုက် အနိုင်ရရှိခြင်းကို မရပ်တန့်စေချင်ပေ။ ထိုကဲ့သို့ ရပ်တန့်သွားပါက အရာအားလုံးကို အစမှ ပြန် စတင်ရလိမ့်မည်။

သူ့ကို တာဝန် ပြီးစီးအောင်လုပ်ရန် နှစ်လသာ အချိန်ပေးထားသည်။ ထို့ကြောင့် အချိန်သိပ်မရှိပေ။ နောက်ပိုင်း ရက်များတွင် စားသောက်ခြင်း၊

အိပ်စက်ခြင်းများ အပြင် ကျန်သည့်အချိန် အားလုံးကို ဗီဒီယိုများ ကြည့်ရှုခြင်းဖြင့် ကုန်ဆုံးခဲ့သည်။

သို့သော် အန္တရာယ်တစ်ခုက သူ့ထံ ရောက်လာကြောင်း သူမသိခဲ့ပေ။

......................

မီးခိုးရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော လူငယ်လေး နှစ်ယောက်သည် ပချီမြို့ရှိ ပလာဇာပေါ်သို့ အာကာသယာဥ်ပေါ်မှ ဆင်း လာကြသည်။

"ဟုန်မင်း၊ ဒါက ငါတို့တွေ လေ့ကျင့်ရေး စခန်းထဲက ထွက်လာပြီးနောက် ပထမဦးဆုံး တာဝန်ပဲ။ လေ့ကျင့်ရေးစခန်းထဲမှာ မှားခဲ့ရင် ခွင့်လွှတ်ပေးလို့၊ နားလည်ပေးလို့ ရတယ်။ တာဝန်ကိုတော့ ပြီးဆုံးအောင် အတူတူလုပ်ဖို့ အာရုံစိုက်ထား။ ကျန်တဲ့ ကိစ္စတွေကို ငါတို့ နောက်ကျမှ ပြောကြမယ်"

အရပ်ရှည်သည့်လူက အရပ်ပုသည့် လူကို ပြောလိုက်သည်။

“ဘာတွေ ဖြစ်နေတာလဲ။ သံအဆင့်တောင် မရှိသေးတဲ့ မိန်းကလေးတစ်ယောက်ကို ရင်ဆိုင်ဖို့ ငါတို့က ဒီကို ရောက်နေတာပဲ။ ဘယ်လိုလုပ်ပြီး ကျရှုံးနိုင်မှာလဲ”

ဟုန်မင်း ဟုခေါ်သော အရပ်ရှည်သည့်လူက အရပ်ပုသည့်လူကို စိုက်ကြည့်ပြီး ပြန်ပြော လိုက်သည်။

"ငါတို့အားလုံးက လေ့ကျင့်ရေး စခန်းထဲမှာ သူရဲကောင်းတွေ မဟုတ်ဘူးလား။ ဘာဖြစ်လို့ ဒီလောက် စိတ်ပူနေရတာလဲ"

"ဘာကို ပွစိပွစိ လုပ်နေတယ်လို့ ပြောတာလဲ။ ဒါသတိထားတာကွ"

ရမ်ရန်က ပြန်အော်သည်။

"မလိုပါဘူးကွာ။ ငါတို့ နှစ်ယောက်လုံးက ခရမ်းရောင်ကျီးကန်း အဖွဲ့ရဲ့ ရွှေအဆင့် အရံအဖွဲ့ဝင်တွေပဲ။ လင်းရှင်က ဒီနှစ်မှ အသက် (၁၄)နှစ်ပဲ ရှိသေးတယ်။ သူမက တန်ပြန်မုဆိုး

ကောလိပ်က ဘွဲ့မရသေးဘူး၊ သံအဆင့်တောင် မရောက်သေးဘူး။ ဘာဖြစ်လို့ ခက်ခဲရမှာလဲ”

ဤတာဝန်သည် ဟုန်မင်းအတွက် စာမဖွဲ့လောက်ပေ။

“ငါတို့တာဝန်ကို မြန်မြန်ပြီး၊ မြန်မြန်ဖြတ်ပြီး တစ်ပတ်လောက် အနားယူလို့ရတယ်.. ပြီးတော့ ကောင်မလေးက အရွယ်ကောင်းလေးပဲ”

ဟုန်မင်းက နှုတ်ခမ်းကို လျှာနဲ့သပ်ရင်း ပြောလိုက်သည်။

"မင်း မသေချင်ဘူးဆိုရင် မရှုပ်နဲ့။ အထက်လူကြီးတွေက ဒီကောင်မလေးကို လိုချင်နေတယ်။ တစ်ခုခုမှားခဲ့ရင် အပြစ်ပေးခံရမယ့်လူက မင်းပဲ။ ငါ့ကို လာဆွဲမထည့်နဲ့"

ရမ်ရန်က ဟုန်မင်း၏မျက်နှာကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မင်းကိုယ်မင်း ထိန်းထားပါ။ ဒီလိုမှမဟုတ်ရင် မင်းရဲ့အချောင်းကို ငါလှီးဖြတ်ပစ်မယ်"

"ဘာလို ဒေါသထွက်နေတာလဲ။ အော် ဟုတ်ပြီ မြို့ရဲ့နာမည်က ဘယ်လိုခေါ်တာလဲ၊ ကောင်မလေးနေတဲ့ မြို့လေ"

ဟုန်မင်းက မေးလိုက်သည်။

"ဝူလင်မြို့.."

ရမ်ရန်က ဖြတ်သန်းသွားသော မွန်းစတားကား တစ်စီးကို တားလိုက်သည်။ ဟုန်မင်းလည်း နောက်မှလိုက်ပါလာခဲ့သည်။

"မင်းတို့နှစ်ယောက် ဘယ်သွားမှာလဲ.."

မွန်းစတားကားကို မောင်းလာသော အဘိုးအိုက မေးလိုက်သည်။

“လင်းယုန် ဘူတာ”

ရမ်ရန်က ပြောလိုက်သည်။

“ရတာပေါ့”

အဘိုးအိုသည် ဤလူနှစ်ယောက် ရန်လိုကြောင်း ပြောနိုင်သည်။ ထို့ကြောင့် စကားမပြောတော့ဘဲ လင်းယုန်ဘူတာသို့ တိတ်တိတ်လေး မောင်းပေးလိုက်သည်။

ရမ်ရန်နှင့် ဟုန်မင်းတို့သည် လင်းယုန်ဘူတာသို့ ရောက်ပြီးနောက် ဝူလင်မြို့သို့ ဦးတည် ထွက်သွားကြသည်။

# အခန်း(၁၉၂) – ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း ရောက်ရှိလာရသော အကြောင်းအရင်း။

လင်းဟွမ်သည် ဆိုဖာထိုင်ခုံပေါ် ထိုင်နေပြီး ဗီဒီယိုကိုကြည့်ကာ မှတ်စုများရေးနေစဉ် တစ်စုံတစ်ယောက်က တံခါးလာခေါက်သည်။

"ဘယ်သူပါလိမ့်..."

လင်းဟွမ်သည် မျက်မှောင်ကြုတ်လိုက်သည်။

သူနှင့်လင်းရှင်သည် မိဘမဲ့များ ဖြစ်သောကြောင့် ဤကမ္ဘာသို့ ရောက်ရှိလာခဲ့သည့် အချိန်ကာလ (၆) လ အတွင်းတွင် သူတို့အိမ်ကို မည်သူ တစ်ဦးတစ်ယောက်ကမှ လာ မလည်ဖူးကြပေ။ သူတို့အိမ်နီးချင်းများကိုသာ မြင်ဖူးခဲ့သော်လည်း ယခင်က တစ်ခါမှ လာမလည်ခဲ့ကြပေ။

လင်းရှင်၏ သူငယ်ချင်းများသာ တစ်ကြိမ်၊ နှစ်ကြိမ် လာရောက် လည်ပတ်ခဲ့ကြဖူးသည်။

သို့သော် လင်းရှင်က ကျောင်းတွင်ရှိနေသဖြင့် သူမသူငယ်ချင်းများလည်း မဖြစ်နိုင်ပေ။

လင်းဟွမ်သည် သံသယစိတ်များနှင့် တံခါး ဖွင့်လိုက်သည်။

မီးခိုးရောင် ကုတ်အင်္ကျီ ဝတ်ထားသော လူနှစ်ယောက်ကို မြင်လိုက်လျှင် သတိ ထားလိုက်မိသည်။ လင်းရှင်၏ သူငယ်ချင်း မဟုတ်ကြောင်း သိသွားသည်။ သူတို့ခန္ဓာကိုယ်ပေါ်မှ အနံ့အသက်အရ လူပေါင်းများစွာ သတ်ခဲ့ဖူးကြောင်း သိလိုက်ရသည်။

လင်းဟွမ်သည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းသို့ တရားဝင် ဝင်ရောက်ခဲ့ဖူးသည်။

ထို့ကြောင့် သူတို့နှစ်ယောက်သည် ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ အရံအဖွဲ့ဝင်များ ဖြစ်ကြောင်း ချက်ချင်း ပြောနိုင်သည်။

သို့သော် လေ့ကျင့်ရေးစခန်းထဲတွင် ရွှေအဆင့် ဝန်ထမ်းအားလုံးက ဤကဲ့သို့ ဝတ်စုံများကို ဝတ်ဆင်ထားသောကြောင့် သူတို့နှစ်ယောက်က မည်သူမည်ဝါ ဖြစ်ကြောင်း မပြောနိုင်ပေ။

"ဘယ်သူ့ကို ရှာတာလဲ..."

လင်းဟွမ်က မေးလိုက်သည်။

သူတို့ နှစ်ယောက်လုံးသည် မိန်းကလေး တစ်ယောက်ကို မျှော်လင့်ထားသော်လည်း လူငယ်လေး တစ်ယောက်က တံခါး ဖွင့်ပေးလိုက်သောကြောင့် ကြောင်သွားသည်။ လင်းဟွမ်က ငွေအဆင့်ရှိသူဖြစ်ကြောင်း ချက်ခြင်း သိလိုက်သည်။

သို့သော် ရမ်ရန်က ချက်ချင်း တုံ့ပြန်လိုက်သည်။

"လင်းရှင်က ဒီမှာနေလားဆိုတာ သိချင်လို့ပါ"

လင်းဟွမ်သည် လင်းရှင်ထံ လာသည်ဟု ကြားသောအခါ စိတ်ထဲ ထင့်သွားသည်။

"မင်းတို့ အိမ်မှားနေပြီထင်တယ်။ သူတို့က အနောက်ဘက်အိမ်မှာ နေတယ်"

လင်းဟွမ်က မဝေးသော နေရာတစ်ခုကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။

"ဒါ ဒီလိပ်စာ မဟုတ်ဘူးလား... လိပ်စာ မှားသွားတာလား"

ရမ်ရန်သည် သူ၏ အင်ပါယာနှလုံးသား လက်စွပ်ထဲတွင် ရေးထားသော လိပ်စာကို ကြည့်လိုက်သည်။ နှစ်ယောက်လုံးက အောက်ငုံ့

ကြည့်နေစဉ် ပိုင်က သူတို့နှစ်ယောက်နောက်တွင် ရုတ်တရက် ပေါ်လာသည်။

သူတို့ သတိထားလိုက်မိသောအချိန်၌ ပိုင်၏ သွေးဝိညာဉ် တောင်ပံများက ခေးနှစ်ချောင်းအဖြစ် ပြောင်းလဲကာ သူတို့၏ လည်ပင်းကို ထောက်ထားသည်။

လင်းဟွမ်က လှောင်သလိုလို ပြုံးလိုက်ပြီး

“အိမ်ထဲမှာ စကားပြောရအောင်…”

"ဟော့။ ငါတို့က ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကဆိုတာ မင်းသိရမယ်။ မင်းက ဘယ်သူလဲဆိုတာ မသိပေမယ့် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကို စော်ကားရင် မင်း ဒုက္ခ ရောက်လိမ့်မယ်"

ဟုန်မင်းက အော်ဟစ်လိုက်သည်။

ရမ်ရန်သည် ဟုန်မင်းကို လူသတ်ချင်သော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

သူတို့က မည်သူမည်ဝါ ဖြစ်ကြောင်း ထုတ်ဖော် မပြောဆိုသင့်ပေ။

"ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းလား"

လင်းဟွမ် မျက်မှောင်ကြုတ်လိုက်သည်။

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက သူ့အတွက် ဒီကိုရောက်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သူက အရာအားလုံးကို ဖုံးကွယ်နိုင်ခဲ့သည်ဟု ထင်နေခဲ့သည်။

ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းသည် သူအသက်ရှင်နေကြောင်း မည်သို့မှ မသိနိုင်ပေ။ သူတို့နှစ်ယောက်က လင်းရှင်အတွက် ဤနေရာသို့ ရောက်လာသည်မှာ ထူးဆန်းနေသည်။

"လာ... ငါမင်းကို မေးစရ ရှိတယ်"

လင်းဟွမ်က တံခါးဖွင့်လိုက်သည်။

ပိုင်က ခါးစခံအဖြစ် ဖမ်းချုပ်ထားသဖြင့် လင်းဟွမ်၏ စကားကိုသာ နာခံလိုက်ရသည်။ လင်းဟွမ်က တံခါးပိတ်ပြီး စားပွဲရှေ့တွင် ရပ်နေသော သူတို့နှစ်ယောက်ကို ကြည့်ရင်း ထိုင်ခုံပေါ် ထိုင်ချလိုက်သည်။

ပိုင်က သူတို့နောက်တွင် မတ်တပ်ရပ်နေသည်။ ပိုင်က အားနည်းနည်းလေး သုံးလိုက်သည်နှင့်

သူတို့နှစ်ယောက်၏ခေါင်း ချက်ချင်း ပြတ်ကျသွားလိမ့်မည်။

“အချိန်တွေ မဖြုန်းနဲ့… ငါတို့က မင်းကို ဘာမှမပြောဘူး”

လင်းဟွမ်က သူတို့ကို စစ်ဆေးနေစဉ် ရမ်ရန်ကဦးဆောင်ပြီး ပြောလိုက်သည်။ သူသည် ဟုန်မင်းကို သူတို့အကြောင်း ဘာမှ ထပ်မပြောစေချင်ပေ။

“တကယ်လား။ ကဲ… ဒါဆိုရင် လူတွေကို ဘယ်လို ပြောအောင်လုပ်ရမလဲဆိုတာ ငါပြမယ်…”

လင်းဟွမ်က အကြံများစွာ ပြုံးလိုက်သည်။

ရုပ်ဆိုးလူရှင်တော်က သူ့တို့ဘေးနားတွင် ရုတ်တရက် ပေါ်လာသည်။

“ဒီလူရှင်တော်...”

သူတို့နှစ်ယောက်သည် ရုပ်ဆိုးလူရှင်တော်ကို မြင်လိုက်သည်နှင့် တုန်လှုပ် သွားကြသည်။ ယခင်တုန်းက ရုပ်ဆိုး လူရှင်တော်သည် ဒက်စီမြို့တွင် ပေါ်ခဲ့ဖူးသည်။ ထိုနေရာသည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း အုပ်စိုးသောနယ်မြေ ဖြစ်သည်။

ထိုနေရာတွင် ရှိနေသော လူများသာမက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် ထိုလူရှင်တော်နှင့် ပတ်သက်သော ပုံပန်းသဏ္ဍာန်ကို သိရှိနေကြသည်။

ယခုအခါ၌ ရွှေအဆင့် ရုပ်ဆိုးလူရှင်တော်သည် ပုံစံအနည်းငယ် ကွဲပြားနေသော်လည်း မှတ်မိနေကြသေးသည်။

“ရုပ်ဆိုးလူရှင်တော်... ဒီကောင့်ကို အရင်ဆုံး မေးကြည့်လိုက်”

လင်းဟွမ်က ပြောလိုက်သည်။

ရုပ်ဆိုး လူရှင်တော်က ခေါင်းညိတ်ပြီး တောက်ပစွာ ပြုံးလိုက်သည်။

ရုပ်ဆိုးလူရှင်တော် လက်ထဲတွင် ဟုန်မင်း၏ မျက်နှာပုံစံ မျက်နှာဖုံးတစ်ခု ပေါ်လာသည်။ မျက်နှာပေါ်ကို မျက်နှာဖုံး တင်လိုက်သည်နှင့် လူရှင်တော်၏ မျက်ခုံး၊ မျက်လုံး၊ မျက်နှာသည် ဟုန်မင်း၏မျက်နှာနှင့် ချွတ်စွပ် တူသွားသည်။

“မင်းနာမည်၊ အသက်”

“ဟုန်မင်း၊ အသက် (၂၁) နှစ်”

ဟုန်မင်းက မျက်နှာ အမူအရာ ကင်းမဲ့စွာ ပြန်ဖြေလိုက်သည်။

"ဘယ်အဖွဲ့အစည်းက လာတာလဲ။ မင်းရဲ့အထောက်အထားက ဘာလဲ"

"ငါက ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကပဲ။ လွန်ခဲ့တဲ့တစ်လက လေ့ကျင့်ရေး စခန်းကနေ ဘွဲ့ရခဲ့တယ်။ ငါက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက အရံအဖွဲ့ဝင် တစ်ယောက်ပါ..."

ရမ်ရန် တုန်လှုပ်သွားသည်။

"ဟုန်မင်း၊ မင်း ဘာတွေလုပ်နေတာလဲ။ ထစမ်း"

ပိုင်၏တောင်ပံသည် လက်အဖြစ် ပြောင်းသွားပြီး ရမ်ရန်ကို စကားမပြောနိုင်စေရန် ပါးစပ်ကို ပိတ်ထားလိုက်သည်။

"မင်းအော်နေလည်း ဘာမှ အကျိုးမရှိဘူး။ လိပ်ခေါင်းထွက်ရုံပဲ ရှိမယ်။ ငါက မင်းကို သတ်လိုက်ရင်တောင် သူပြန်နိုးလာမှာ မဟုတ်ဘူး"

လင်းဟွမ်က ရမ်ရန်ကို စိုက်ကြည့်ပြီး မေးလိုက်သည်။ ထို့နောက် ဟုန်မင်းကို လှည့်ကြည့်လိုက်ပြီး…

“ဘယ်သူမှမသိတဲ့ လျှို့ဝှက်ချက် တစ်ခုပြော”

“ငါ့ရဲ့ညီမကို အသက် (၁၃) နှစ်အရွယ်မှာ မုဒိမ်းကျင့်ပြီး သတ်ခဲ့တယ်။ အလောင်းကို အပိုင်းပိုင်းဖြတ်ပြီး အိမ်နီးနားချင်းရဲ့ ခြံထဲမှာ မြှုပ်ခဲ့တယ်။ ဒါကို ဘယ်သူမှ မသိခဲ့ဘူး။ အလောင်းကိုပြန်ရှာတွေ့တဲ့ အချိန်မှာ

အိမ်နီးနားချင်းကို ပြည်ထောင်စုအစိုးရက သေဒဏ် ချမှတ်လိုက်တယ်”

လင်းဟွမ်သည် ထိုအမှောင် ဇာတ်လမ်းကို ကြားသောအခါ မျက်မှောင် ကြုတ်သွားသည်။ ဟုန်မင်းက လူကောင်းတစ်ယောက် မဟုတ်ကြောင်း သိသာထင်ရှားနေသည်။

ရမ်ရန်သည် မယုံနိုင်စရာတစ်ခုကို တွေ့လိုက် ရသကဲ့သို့ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ဟုန်မင်းက သူ့ညီမကို သတ်ခဲ့ခြင်းကြောင့်

မဟုတ်ပေ။ လင်းဟွမ်က ဤကဲ့သို့ ခိုင်းစေနိုင်သောကြောင့် ဖြစ်သည်။

ဒါသည် လင်းဟွမ်က ဟုန်မင်းထံမှ သူသိချင်သမျှ အရာအားလုံးကို သိနိုင်သည်ဟု ဆိုလိုနေသည်။

“ဒီတစ်ခေါက် မင်းရဲ့တာဝန်က ဘာလဲ…”

လင်းဟွမ်သည် ရုပ်ဆိုးလူရှင်တော်က သူ့ကို အကြွင်းမဲ့ ထိန်းချုပ် ထားကြောင်း အတည်ပြုပြီးနောက် သူ သိချင်သော အကြောင်းအရာကို မေးလိုက်သည်။

"ဝူလင်မြို့မှာနေတဲ့ လင်းရှင်ဆိုတဲ့ မိန်းကလေးကို ခေါ်သွားဖို့"

ဟုန်မင်းက အမူအယာ ကင်းမဲ့နေသော မျက်နှာနှင့် ထုတ်ပြောလိုက်သည်။

"ဘာလို့လဲ…"

လင်းဟွမ်သည် နားမလည်နိုင်ပေ။

"လင်းရှင်ရဲ့ အစ်ကိုက အစွမ်းထက်တဲ့ ထိန်းချုပ်သူ တစ်ယောက်လို့ ပြောတယ်။ သူက ငါတို့ထဲကတစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ ဒါပေမယ့်

မတော်တဆမှု တစ်ခုနဲ့ သေသွားခဲ့တယ်။ ထိန်းချုပ်သူတွေရဲ့ မျိုးရိုးဗီဇက အမွေဆက်ခံတတ်တဲ့အတွက် ခရမ်းရောင် အဖွဲ့အစည်းက လင်းရှင်ဆီမှာလည်း ရှိနေမလားဆိုပြီး သံသယဖြစ်လာတယ်။ တကယ်လို့ သူမမှာ ထိန်းချုပ်သူရဲ့ မျိုးရိုးဗီဇ ပါလာရင် သူမကို လေ့ကျင့်ပေးဖို့ ခေါ်ထားချင်တယ်”

ဟုန်ကျန်းက လုရွှမ်းနှင့် အမာရွတ်မျက်နှာတို့ကို တစ်နှစ်အတွင်း ထိန်းချုပ်သူ နောက်တစ်ယောက် မတွေ့တွေ့အောင် ရှာခိုင်းထားသည့် အကြောင်းကို

လင်းဟွမ်က မသိခဲ့ပေ။ အမာရွတ်မျက်နှာက လင်းဟွမ်ထံတွင် ညီမတစ်ယောက် ရှိနေကြောင်း သတိရလိုက်သည်နှင့် ရှာခိုင်းလိုက်ခြင်းပင်။

ဒါကြောင့် ဤလူနှစ်ယောက်ကို လင်းရှင်ကို ခေါ်လာရန် ဤနေရာသို့ စေလွှတ်လိုက်ခြင်း ဖြစ်သည်။

"မင်းတို့က လင်းရှင်ရဲ့ အစ်ကိုအကြောင်း ဘာသိလဲ"

လင်းဟွမ်က မေးလိုက်သည်။

"ငါတို့ ဘာမှမသိဘူး။ စီမံခန့်ခွဲသူတွေ သဘောကျတဲ့ သန္ဓေ နှစ်ဆင့်ပြောင်း မွန်းစတားတွေကို ထိန်းချုပ်နိုင်တဲ့ ပါရမီရှင် တစ်ယောက်ဆိုတာပဲ သိတယ်။ ဒါပေမယ့် မတော်တဆမှု တစ်ခုခုနဲ့ သေသွားတယ်"

ဟုန်မင်းက လင်းဟွမ်အကြောင်း ဘာမှ မသိသည်မှာ ထင်ရှားနေသည်။

"လင်းရှင်ကို ဘယ်လို သိတာလဲ..."

လင်းဟွမ် စိုးရိမ်နေသည်။

"သူမက သာမန်လူ တစ်ယောက်ပဲ။ အဖွဲ့အစည်းအတွက် ဘာအဓိပ္ပာယ်မှ မရှိဘူး"

လင်းဟွမ်သည် ဟုန်မင်း၏ အဖြေကို ကြားသောအခါ မျက်မှောင် ကြုတ်သွားသည်။ နောက်ထပ် မေးခွန်းနှစ်ခု မေးပြီးနောက် ပိုင်ကို ခေါင်းညိတ်ပြလိုက်သည်။

အနီရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး ဟုန်မင်း၏ခေါင်းသည် ပြုတ်ကျ သွားသည်။ သို့သော် ဒဏ်ရာမှ သွေးလုံးဝ မထွက်ဘဲ

တစ်စုံတစ်ခုက သွေးများ စုပ်ယူသွားသလိုပင်။ ထိုအချိန်တွင် တောင်ပံများက တောက်ပလာသည်။

ရမ်ရန်သည် သူမြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့ဩထိတ်လန့် နေသည်။ ကြမ်းပေါ်တွင် လဲကျနေသော ဟုန်မင်း၏ အလောင်းကို မြင်နေရသည်။

ထိုအချိန်တွင် လင်းဟွမ်က ရမ်ရန်ကို လှည့်ကြည့်လာသည်။ ပိုင်က ရမ်ရန်၏ပါးစပ်ကို အုပ်ထားသော တောင်ပံကို ခွာပေးလိုက်သည်။

"မင်း... မင်းက လင်းရှင်ရဲ့အစ်ကိုလား။ မင်း... မင်း.... မသေဘူးလား"

လင်းဟွမ်က ဟုန်မင်းနှင့် စကားပြောနေစဉ် လင်းဟွမ်၏ အထောက်အထားကို ခန့်မှန်းနိုင်ခဲ့သည်။

"မင်းမှန်တယ်.. ဒါပေမယ့် ဆုမရဘူး.."

လင်းဟွမ်က ခေါင်းညိတ် ပြလိုက်ပြီးနောက် ရုပ်ဆိုးလူရွှင်တော်ကို ခေါင်းညိတ်ပြလိုက်သည်။

ရုပ်ဆိုးလူရှင်တော်၏ လက်ထဲတွင် မျက်နှာဖုံး အသစ်တစ်ခု ပေါ်လာသည်။ ဒါသည် ရမ်ရန်၏ မျက်နှာပင်။

"ဒါက ဒက်စီမြို့ကို ကျူးကျော်လာတဲ့ မွန်းစတားကြီးပဲ"

ရမ်ရန်သည် လင်းဟွမ်ကို ထိတ်လန့် ကြောက်ရွံ့စွာ လှမ်းကြည့်လိုက်ပြီး

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ မင်းကဘယ်သူလဲ"

ရုပ်ဆိုးလူရွှင်တော်က မျက်နှာဖုံး အသစ်ကို ၎င်း၏မျက်နှာပေါ်တွင် ဝတ်ဆင်လိုက်ရာ ရမ်ရန်၏ မျက်လုံးများသည် အသိစိတ် ကင်းမဲ့သွားသည်။

“မင်းနာမည်... အသက်”

“ ရမ်ရန်၊ အသက် (၁၉) နှစ်”

“ဘယ် အဖွဲ့အစည်းက လာတာလဲ။ အထောက်အထားက ဘာလဲ”

“ခရမ်းရောင် အဖွဲ့အစည်း၊ အရံအဖွဲ့ဝင်”

“မင်းမှာ မိသားစုဘယ်နှစ်ယောက် ရှိလဲ”

လင်းဟွမ်က လူတစ်ယောက်ကို အပြည့်အဝ ထိန်းချုပ်ထားကြောင်း အတည်ပြုနိုင်ရန် မေးခွန်း တစ်ခု အမြဲတမ်း မေးလေ့ရှိသည်။

"အမေနဲ့ အစ်ကို..."

လင်းဟွမ်သည် ဟုန်မင်းကို မေးခဲ့သော မေးခွန်းများကို မေးလိုက်လျှင် ရမ်ရန်ထံမှ တူညီသောအဖြေများကို ရသည်။ သို့သော် နောက်ထပ် မေးခွန်းနှစ်ခု ထပ်မေးလိုက်သည်။

"မင်းမှာ ဒီနေ့တာဝန်အတွက် သတ်မှတ်ထားတဲ့ ရက်ရှိလား။ ဘယ်နေ့လဲ"

"ငါတို့ မျှော်လင့်ထားတာထက် အများကြီး စောတယ်။ တစ်ပတ်ပဲ ကျန်တော့တယ်။ တစ်ပတ်အတွင်း လင်းရှင်ကိုဖမ်းပြီးတာနဲ့ ငါတို့ရဲ့ အကြီးအကဲကို ဆက်သွယ်ရမယ်"

ရမ်ရန်က ရှင်းပြလိုက်သည်။

"သတ်မှတ်ရက် ပြည့်သွားရင် ဘာဖြစ်သွားမှာလဲ။ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက မင်းကို ဘာလုပ်မှာလဲ"

လင်းဟွမ်က မေးလိုက်သည်။

"ဒါဆို တာဝန်ကျရှုံးတာပဲ။ တကယ်လို့ ငါတို့ရဲ့ အကြီးအကဲက ငါတို့ကို မဆက်သွယ်နိုင်ရင် ငါတို့ကသေသွားပြီလို့ သတ်မှတ်လိမ့်မယ်။ ဒါဆိုရင် တာဝန်ရဲ့ ခက်ခဲမှုကို အဆင့်တိုးမြှင့်လာလိမ့်မယ်။ တာဝန်မှာပါဝင်တဲ့ အရံအဖွဲ့ဝင် အရေအတွက်လည်း ပိုများ လာလိမ့်မယ်။ ဘာဖြစ်ပျက်ခဲ့လဲဆိုတာ အဖြေရှာဖို့အတွက် တရားဝင် အဖွဲ့ဝင်တွေ စေလွှတ်လိမ့်မယ်"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

ခဏကြာသောအခါ လူ့ရှင်တော်၏ မျက်နှာဖုံးက မှိန်သွားသည်။

ရမ်ရန် ပြန်သတိဝင်လာစဉ် လင်းဟွမ်၏ လက်ထဲတွင် မျက်နှာဖုံး နောက်တစ်ခု ထပ်ပေါ်လာသည်။ ထို့နောက် မျက်နှာဖုံးကို ဝတ်ဆင်လိုက်သည်။ ရမ်ရန်သည် ရွှေအဆင့် (၁) ရှိနေသော်လည်း လင်းဟွမ်က သူ့ကို မျက်နှာဖုံးဖြင့် ထိန်းချုပ်ထား နိုင်သေးသည်။ လူ့ရှင်တော်၏ မျက်နှာဖုံး မေးမှိန်သွားချိန်၌ လင်းဟွမ်က ဆက်လက်တာဝန်ယူပြီး ကိုင်တွယ်ခဲ့သည်။

"မင်းရဲ့ အကြီးအကဲဆီ ဖုန်းခေါ်လိုက်"

လင်းဟွမ်က ချက်ချင်း ညွှန်ကြားလိုက်သည်။

ရမ်ရန်က သူပြောသည့် အတိုင်း လုပ်ဆောင်လိုက်သည်။ ဖုန်းကိုင်လိုက်ပြီးနောက် လင်းဟွမ်သည် ရင်းနှီးနေသော အသံတစ်ခုကို ကြားလိုက်ရသည်။ ဒါသည် အမာရွတ်မျက်နှာနှင့် လူပင်။

" ရမ်ရန် တာဝန် ပြီးသွားပြီလား"

"ဟုတ်ကဲ့... ပြီးသွားပါပြီ... နောက်တစ်ပတ်အတွက် လက်မှတ် ဖြတ်ထားတယ်"

ရမ်ရန်က လင်းဟွမ် လိုချင်သော ပုံစံအတိုင်း အတိအကျ ပြန်ဖြေလိုက်သည်။

"မင်း တော်တယ်..."

"ဆရာက ကောင်းကောင်း လေ့ကျင့်ပေးခဲ့လို့ပါ"

ရမ်ရန်က ပြန်ပြောလိုက်သည်။

"ဒါဆိုလည်း ကောင်းပြီ။ ချက်ချင်း ပြန်လာခဲ့၊ အချိန်မဖြုန်းနဲ့"

အမာရွတ်မျက်နှာနှင့်လူသည် စိတ်လောနေပုံရသည်။

"ဟုတ်ကဲ့…"

ဖုန်းချလိုက်ပြီးနောက် လင်းဟွမ်က သူ့ကို နောက်တစ်ပတ်အကြာတွင် ဖုန်း ထပ်ခေါ်ခိုင်းခဲ့သဖြင့် စိတ်ဆိုးနေသေးသည်။

ထို့နောက် ပိုင်ကို ခေါင်းညိတ်ပြလိုက်ရာ အနီရောင် အလင်းတန်း ဖျတ်ခနဲလက်သွားပြီး ရမ်ရန်၏ခေါင်း ပြတ်ကျသွားသည်။ ဦးခေါင်းသည် သွေးတစ်စက်မှ မထွက်ဘဲ လည်ပင်းမှ

ပြုတ်ကျသွားသည်။ လင်းဟွမ်သည် အစိမ်းရောင် ဝံပုလွေကို ဆင့်ခေါ်ပြီး အလောင်းနှစ်ခုကို စားခိုင်းလိုက်သည်။ အစိမ်းရောင် ဝံပုလွေက စားပြီးသည်နှင့် ပြန်သိမ်းလိုက်သည်။

## အခန်း(၁၉၃) - ဂူလင်မြို့ မှ ထွက်ခွာခြင်း။

လင်းဟွမ်သည် ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ အလောင်း (၂) လောင်းကို ဖြေရှင်းပြီးနောက် မျက်မှောင်ကြုတ် နေသည်။ ဤပုံစံအတိုင်းဆိုလျှင် လင်းရှင်သည် သူမ၏ အထောက်အထားကို မသုံးနိုင်တော့ပေ။

(၁) လကြာပြီးနောက် သူတို့ (၂) ယောက် ပြန်မရောက်လာခဲ့ပါက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက သူမကိုရှာဖွေရန် နောက်တစ်ကြိမ်

ထပ်လာလိမ့်မည်။ မည်သည့်ဝပ်ကျင်းသို့ သွားပါစေ လင်းရှင်သည် သူမ၏အထောက်အထားကို အသုံး မပြုနိုင်တော့ပေ။ အကယ်၍ သူမသာ အသုံးပြု လိုက်မည်ဆိုပါက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက သူမကို အလွယ်တကူ ရှာတွေ့ သွားလိမ့်မည်။

လင်းဟွမ်သည် ရန်လင်းထံ ဖုန်းခေါ်လိုက်သည်။ ရန်လင်းသည် ဖုန်းကိုင်ပြီးနောက် မောကြီးပန်းကြီး အသံနှင့် ပြန်ပြောလိုက်သည်။ ကြည့်ရသည်မှာ ပင်ပန်းနေသလိုပင်။

"မင်း ဘယ်ဝပ်ကျင်း စခန်းမှာနေဖို့ ဆုံးဖြတ်လိုက်တာလဲ။ ဆုံးဖြတ်ပြီးပြီလား"

"မင်းဆီမှာ အင်ပါယာနှလုံးသား လက်စွပ် အသစ်မှာချင်လို့"

လင်းဟွမ်သည် လင်းရှင်အတွက် အထောက်အထား အသစ်တစ်ခု လိုချင်နေသည်။

"မင်းသူငယ်ချင်းကို ထပ်ပြီး ကူညီဖို့လား"

ရန်လင်းက ထူးဆန်းသည်ဟု မတွေးပေ။

"မင်း ပြောနိုင်မယ်လို့ ထင်တယ်"

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

"ကိစ္စမရှိဘူး၊ ဘယ်ဟာလိုချင်လဲ"

"ကံကြမ္မာ သလင်းကျောက် (၁၀၀) တန်လောက်ဆိုရင် အဆင်ပြေတယ်"

လင်းရှင်သည် တန်ပြန်မုဆိုး ကောလိပ်တွင် တစ်နှစ်ခွဲကြာအောင် ပညာ သင်ကြားရအုံးမည် ဖြစ်ပြီး အထင်ကရကျောင်းတွင် ဆက်လက် မလေ့လာခင် ဘွဲ့လွန် အကဲဖြတ်မှုကို ခံယူ ရအုံးမည်။ သူမသည် မုဆိုး အထောက်အထား တစ်ခုကို အသုံးပြုရန် မလိုအပ်ဘဲ သာမန်လူ

တစ်ယောက်အတွက် သင့်တော်သော အထောက်အထား တစ်ခုသာ လိုအပ်သည်။

ရန်လင်းက ခေါင်းငြိမ့်လိုက်သည်။

"အတူတူပဲ နာမည်၊ အသက်၊ ဓါတ်ပုံပို့ပေး။ ပုံမှန်လိပ်စာ အတိုင်းပဲ ပို့ပေးရမှာလား။"

" ကျေးဇူးပြုပြီး နှင်းမြို့တော်ကိုပဲ ပို့ပေး။ ငါ ကိုယ်တိုင် သွားယူမယ်"

လင်းဟွမ်က ကိုယ်ပိုင်အစီအစဉ် ချမှတ်ထားသည်။

“အသေးစိတ် အချက်အလက်တွေကို ညနေ (၅)နာရီကျော်ရင် ပို့ပေးပါ”

“ပို့ပေးလိုက်မယ်”

ရန်လင်းက ထပ်မမေးတော့ချေ။

“အိုး ဟုတ်ပြီ။ ကျောင်းပြောင်းတဲ့ လျှောက်လွှာအတု လုပ်ပေးနိုင်လား”

လင်းဟွမ်က မေးလိုက်သည်။

“ခက်တယ်။ ဒါပေမယ့် ရိုးရှင်းတဲ့ လုပ်ငန်းစဥ်တစ်ခုပါ။ မင်းက ဘယ်ကျောင်းကို

ပြောင်းချင်တာလဲ။ ဈေးသက်သက်သာသာနဲ့ အခမဲ့ လုပ်ပေးမယ်”

ရန်လင်းက စေတနာ ရက်ရောစွာ ကမ်းလှမ်း လာသည်။

“ကျေးဇူးပဲ။ (၅) နာရီ ထိုးခါနီးရင် အချက်အလက်အစုံ ပို့ပေးလိုက်မယ်”

လင်းဟွမ်သည် တစ်ချက် တွေဝေသွားပြီးနောက် စိတ်ထဲက အကြောင်းအရာကို မေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

“မင်းကို မေးချင်နေတာတစ်ခု ရှိတယ်”

“ပြောကြည့်လေ”

ရန်လင်းသည် မျက်မှောင်ကြုတ် သွားသော်လည်း ခေါင်းငြိမ့်လိုက်သည်။

“ငါက ငါသေတာကို အတုလုပ်ပြီး ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းရဲ့ လက်ထဲက လွတ်မြောက်ခဲ့တယ်။ တကယ်လို့ ငါ အသက်ရှင်နေတာ သိသွားရင် ငါ့ကို ရှာဖွေနိုင်ချေရှိလား”

လင်းဟွမ်သည် ရန်လင်းကို အမှန်အတိုင်းပြောရန် ဆုံးဖြတ်လိုက်သည်။

"သဘောတရား အရတော့ ငါက ငါ့ဖောက်သည်တွေရဲ့ ကိုယ်ပိုင် ပြဿနာတွေထဲ ဝင်ရောက်စွက်ဖက်လေ့ မရှိဘူး။ ငါက သူတို့အတွက် အထောက်အထား အတု ဖန်တီးပေးနေတဲ့လူပဲ။ နောက်တစ်ချက်က ငါ ကျွမ်းကျင်ပိုင်နိုင်တဲ့ နယ်ပယ်ထဲမှာပဲ ရှိနေတယ်။ နောက်ပြီးတော့ မင်းက ငါ့ရဲ့ ပုံမှန်ဖောက်သည်လည်း ဖြစ်နေတယ်ဆိုတော့ မင်းရဲ့ ကိုယ်ပိုင်အသေးစိတ်

အချက်အလက်တွေကို မလျှို့ဝှက်ထားသရွေ့ မင်းကို ဖော်ထုတ်နိုင်တဲ့နည်းလမ်း ရှိတယ်။ အများကြီးကို ရှိတယ်။"

" ဒါကို တားဆီးနိုင်တဲ့နည်းလမ်းက (၂) မျိုးပဲ ရှိတယ်။ တစ်ခုက မင်းရဲ့အချက်အလက်ကို စကန် ဖတ်ရမယ့် နေရာတိုင်းကို ရှောင်ရှားရမယ်။ နောက်တစ်ခုက မင်းရဲ့ ကိုယ်ပိုင် အချက်အလက်တွေကို လုံခြုံရေး မြှင့်တင်ရမယ်"

လင်းဟွမ်က မျက်မှောင်ကြုတ်ပြီး နားထောင် နေသော်လည်း

"ဘယ် အဆင့် လုံခြုံရေးက စိတ်ချရမလဲ"

ဟု မေးလိုက်သည်။

"အနည်းဆုံးတော့ အကြီးတန်း အမှုဆောင် အရာရှိ ဒါမှမဟုတ် မုဆိုးအဖွဲ့အစည်းရဲ့ အထူးလေ့ကျင့်ရေးထဲ ပါရင်တော့ မင်းရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေက အကြီးတန်း အမှုဆောင်အရာရှိတွေနဲ့ အတူတူ ဖြစ်သွားလိမ့်မယ်"

"မင်း လုပ်ပေးနိုင်မလား"

လင်းဟွမ်က မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"မလုပ်ပေးနိုင်ဘူး"

ရန်လင်းက ခေါင်းခါလိုက်သည်။

"အထူး လေ့ကျင့်ရေးအစီအစဥ် ဒါမှမဟုတ် ဌာနတိုင်းမှာ အကြီးတန်း အမှုဆောင်အရာရှိ ဖြစ်လာဖို့က ဌာနတိုင်းကို မုဆိုး အဖွဲ့အစည်းရဲ့ စနစ်က နှစ်စဥ်နှစ်တိုင်း ပြန်ပြန် စစ်ဆေးတယ်။ အဲဒီလိုဆိုရင် အလွယ်တကူ ပေါ်သွားလိမ့်မယ်။ နောက်ပြီးတော့ မင်းက အထောက်အထားအတုကို

အသုံးပြုလိုက်တာနဲ့ အလွယ်တကူ ပေါ်သွားလိမ့်မယ်”

“ဒါဆိုရင် နည်းလမ်း မရှိဘူးပေါ့”

လင်းဟွမ်သည် လက် မလျှော့ချင်သေးပေ။

“ငါ့ရဲ့ အတွေ့အကြုံအရတော့ တခြား နည်းလမ်း မရှိဘူး”

ရန်လင်းသည် ခေါင်းရမ်းကာ လင်းဟွမ်၏ရှေ့တွင် စာမျက်နှာတစ်ခု ဖွင့်လိုက်ပြီး

"ငါမင်းကို ပြပေးမယ်။ မင်းရဲ့ အထောက်အထားက မုဆိုးအဖွဲ့အစည်းရဲ့ သာမန်အဆင့်မှာပဲ ပြထားတယ်။ မင်းရဲ့စနစ် ဒါမှမဟုတ် ပြည်ထောင်စုအစိုးရရဲ့ စနစ်ထဲကို ဝင်ဟက်ခ်ပြီး အလွယ်တကူ မင်းရဲ့အချက်အလက်တွေ....."

ရန်လင်းသည် လင်းဟွမ်ကို ပြသရန်လုပ်လိုက်စဉ် လင်းဟွမ်နဲ့ ပတ်သက်သော အချက်အလက်များကို တစ်ခုမှ ရှာမတွေ့ကြောင်း သဘောပေါက်လိုက်သွားပြီး

"အမ် ဘာဖြစ်တာလဲ"

"ဘာ မှားနေလို့လဲ"

လင်းဟွမ်သည် ရန်လင်းက သူ့ကို စာမျက်နှာ အလွတ်ကြီး ပြနေသဖြင့် နားမလည်နိုင် ဖြစ်နေသည်။

"နေပါအုံး"

ရန်လင်းသည် ၂ ကြိမ် တိုင်တိုင် ကြိုးစားပြီးနောက် လင်းဟွမ်နှင့် ပက်သက်သော အကြောင်းအရာများကို တစ်ခုမှ ရှာမတွေ့ခဲ့ပေ။

နောက်ဆုံးတွင် ရန်လင်းက ထူးခြားသော နည်းစနစ်ကို အသုံးပြုလိုက်မှ လင်းဟွမ်၏ အသေးစိတ် အချက်အလက်များကို ရှာတွေ့ခဲ့သည်။ ထို့နောက် သူက လင်းဟွမ်ကို စိုက်ကြည့်လိုက်ပြီး

"မင်းက အထူးလေ့ကျင့်ရေးမှာ စာရင်းသွင်း ခံရလား"

"မခံရဘူး"

လင်းဟွမ်က ခေါင်းခါလိုက်ပြီး

"ငါက ရွှေအဆင့်မုဆိုးလေး တစ်ယောက်ပါပဲ။ အထူးလေ့ကျင့်ရေး အစီအစဥ်ရဲ့ နောက်ဆုံးအဆင့် သုံးသပ်ချက်ကို မဖြတ်ကျော်နိုင်ခဲ့ဘူး"

"ပြောချင်တာကကွာ တစ်ယောက်ယောက်က မင်းအချက်အလက်တွေရဲ့ လုံခြုံရေးကို အဆင့်မြှင့် တင်ပေးခဲ့တယ်"

ရန်လင်းက ပြောလိုက်သည်။

"မင်းရဲ့အဆင့်ကို အကြီးတန်း အမှုဆောင် အရာရှိအဆင့်အထိ မြှင့်တင်ထားတယ်။ အဲဒီ အဆင့်အောက်က လူတွေက မင်းရဲ့ အသေးစိတ်

အချက်အလက်တွေကို ဝင်ကြည့်နိုင်မှာ မဟုတ်ဘူး။ အဲ့ဒါက တရားဝင်ပဲ။ မင်းကို အဆင့်မြှင့်တင်ပေးခဲ့တဲ့ လူက လီမင်ကျန်းပဲ။ မင်းမှာ ဒီလောက် အစွမ်းထက်တဲ့ နောက်ခံရှိတယ်ဆိုတာ ငါမသိခဲ့ဘူး”

“ဒီလီမင်ကျန်းက ဘယ်သူလဲ။ ဘာဖြစ်လို့ ငါ့ရဲ့လုံခြုံရေးအဆင့်ကို မြှင့်ပေးရတာလဲ”

လင်းဟွမ်သည် ထူးဆန်းသည်ဟု တွေးလိုက်မိသော်လည်း မကြာခင် သူ့ဆရာ မစ္စတာဖူးအကြောင်းကို တွေးလိုက်မိသည်။

“ဆရာက တစ်ယောက်ယောက်ကို လုပ်ခိုင်းလိုက်တာလား”

လင်းဟွမ်သည် ဒီဖြစ်နိုင်ခြေ တစ်ခုတည်းကိုသာ တွေးလိုက်မိသည်။

မစ္စတာဖူးသည် မုဆိုးအဖွဲ့အစည်း၏ အဖွဲ့ဝင် မဟုတ်သော်လည်း အကဲဖြတ်မှုကို လာရောက်ခဲ့သော ပုံစံအရ မုဆိုးအဖွဲ့အစည်းနှင့် နီးစပ်နေကြောင်း ညွှန်ပြနေသည်။ လင်းဟွမ်ကို ကာကွယ်ရန်အတွက် မုဆိုးအဖွဲ့အစည်းကို ညွှန်ကြားခဲ့ခြင်း ဖြစ်နိုင်သည်။

သူတစ်ယောက်တည်းသာ ထိုကဲ့သို့ လုပ်ပေးနိုင်မည့်သူ ရှိသည်။

“ခရမ်းရောင်ကျိုးကန်း အဖွဲ့စည်းက ငါ့ကို ရှာတွေ့သွားမှာ စိုးရိမ်စရာ မလိုတော့ဘူး မဟုတ်လား”

လင်းဟွမ်က မေးလိုက်သည်။

“အမှန်ပဲ။ အခုလက်ရှိ မင်းရဲ့လုံခြုံရေး အဆင့်နဲ့ဆိုရင် စိုးရိမ်စရာ မလိုတော့ဘူး။ မုဆိုး အဖွဲ့အစည်းရဲ့ အကြီးတန်း အမှုဆောင်အရာရှိ ဒါမှမဟုတ် သူတို့ထက် အဆင့်မြင့်တဲ့လူတွေကပဲ

ဝင်ကြည့်လို့ ရတယ်။ လီမင်ကျန်းဆီကနေ ခွင့်ပြုချက်မရရင် ပြင်ပလူတွေ၊ ပြည်ထောင်စု အစိုးရ အပါအဝင် ဘယ်သူမှ ဝင်ကြည့်လို့မရဘူး”

ရန်လင်းက ခေါင်းငြိမ့်ပြီး ပြောလိုက်သည်။

“မင်းတောင် လုပ်နိုင်သေးတာပဲ။ တခြားလူတွေ မဝင်နိုင်ဘူးဆိုတာ သေချာ လိုလား”

လင်းဟွမ်က သံသယ ဖြစ်နေသည်။

“ဟင်းဟင်း ငါနဲ့တော့ မတူဘူးလေ။ ငါ့ကိစ္စက တမူထူးခြားတယ်။ စိတ်မပူနဲ့။ ခရမ်းရောင်ကျီးကန်း

အဖွဲ့အစည်းထဲမှာ အကြီးတန်း အမှုဆောင် ရာထူးထက် အဆင့်မြင့်တဲ့လူ တစ်ယောက်မှ မရှိဘူး။ ဒါကြောင့် အပြင်လူတွေက မင်းရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်ကို ဝင်ကြည့်နိုင်မှာ မဟုတ်ဘူး။ မင်းကို ဘယ်တော့မှ ရှာမတွေ့ဘူး”

ရန်လင်းက လင်းဟွမ်ကို ပြတ်ပြတ်သားသား အဖြေပေးလိုက်သည်။

လင်းဟွမ်သည် သူ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်က ဤမျှ အဆင့်မြင့်နေကြောင်း မသိခဲ့ပေ။

"ကောင်းပြီလေ ငါမင်းကို ယုံလိုက်မယ်။ ကျေးဇူးတင်ပါတယ်"

"ဒါဆို အခုပဲ ဖုန်းချလိုက်တော့မယ်။ အထောက် အထားအသစ်နဲ့ ကျောင်းပြောင်းတဲ့ လျှောက်လွှာ အချက်အလက်ကို တတ်နိုင်သလောက် အမြန်ဆုံး ပို့ပေးလိုက်မယ်"

"အဲ့ဒီလို ဖြစ်စေရမယ်။ ငါ မင်းဆီကို နောက်ထပ်(၂) နာရီကြာရင် ပို့ပေးလိုက်မယ်"

ရန်လင်းက ပြန်ပြောလိုက်သည်။

လင်းဟွမ်သည် ဖုန်းချပြီးနောက် တော်တော်လေး စိတ်အေးသွားပြီး ရင်ထဲမှအလုံးကြီး ကျသွားသည်။

ညနေ ငါးနာရီထိုးပြီးနောက် လင်းရှင်သည် ကျောင်းမှ ပြန်ရောက်လာသည်။

"ရှင်အာရေ၊ မင်းရဲ့ပစ္စည်းတွေ ယူလာပေး။ ဒီညဝူလင်မြို့ကနေ ထွက်သွားကြမယ်"

လင်းဟွမ်က လင်းရှင် ဝင်လာသည်ကို မြင်လိုက်သည်နှင့် ပြောလိုက်သည်။

"ငါက တစ်ပတ်လောက် အချိန်ရအုံးမယ်လို့ ထင်နေတာ။ ဆရာနဲ့ စကားပြောဖို့ အခွင့်အရေးတောင် မရသေးဘူး"

လင်းရှင်သည် တုန်လှုပ်သွားသည်။

"ငါ့မှာ မင်းကို ကျောင်းပြောင်းပေးဖို့အတွက် သူငယ်ချင်းတစ်ယောက် ရထားတယ်။"

လင်းဟွမ်သည် တစ်ချက် တွေဝေသွားပြီးနောက် လင်းရှင်ကို ပြောလိုက်သည်။

“ငါ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကို အစောပိုင်းတုန်းက ရန်စခဲ့မိတယ်။ သူတို့က ငါတို့ဆီကို လူတွေ လွှတ်လိုက်လို့ ငါ သတ်ပစ်လိုက်ပြီ။ အခုမှ မထွက်သွားရင် ငါတို့ဆီကို လာမယ့်လူတွေ ပိုများ လာလိမ့်မယ်”

“ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း ဟုတ်လား။ မြေအောက်ကလား”

လင်းရှင်သည် လင်းဟွမ်၏ စကားကို ကြားလိုက်သောအခါ ထိတ်လန့် တုန်လှုပ်သွားသည်။

လင်းဟွမ်က ခေါင်းငြိမ့်လိုက်ပြီး

"ဒါက အဝေးကို ထွက်သွားရမယ့် ငါ့ရဲ့ တကယ့်အကြောင်း ပြချက်ပဲ။ သူတို့က မကြာခင် ရောက်လာလိမ့်မယ်လို့ ငါလည်း မထင်ထားမိဘူး"

"ဒါဆို အပေါ်ထပ်တက်ပြီး ပစ္စည်းတွေ သိမ်းလိုက်မယ်။"

လင်းရှင်သည် အခြေအနေက အရေးကြီးကြောင်း သတိထားမိပြီး အပေါ်ထပ်သို့ ပြေးတက်သွားသည်။

လင်းဟွမ်လည်း သူ့အခန်းထဲသို့ လျှောက်သွားသည်။ လင်းရွှမ်ကို အကြောင်းအရာများ အကျဉ်းချုပ် ပြောပြီးနောက် ပစ္စည်းများ စတင်သိမ်းဆည်း ကြသည်။ ဤကိစ္စကို ပြီးမြောက်စေရန် (၂) နာရီခန့် အချိန်ယူခဲ့ရပြီး လင်းရွှမ်၏ ပစ္စည်းများကိုလည်း ယူဆောင်လာခဲ့သည်။

လင်း၍ရွှမ်တွင် သိမ်းစရာပစ္စည်း အများကြီး မရှိပေ။ သူ့ထံတွင် လင်းဟွမ်နှင့် လင်းရှင်တို့က ဝယ်ပေးထားသော လက်ဆောင်အရုပ်များသာ ရှိသည်။

လင်းဟွမ်သည် စတုတ္ထ အထပ်ရှိ လေသာဆောင်သို့ သွားကာ အသားကင်စက်ကို ယူလိုက်သည်။

ဆင်းလာစဥ် တံခါးနှင့်ပြတင်းပေါက် အားလုံးကို ပိတ်ခဲ့သည်။

လင်းဟွမ်သည် ပထမထပ်သို့ ရောက်သောအခါ သူလိုသမျှ ပစ္စည်းအားလုံးကို သိမ်းဆည်းလိုက်သည်။

နောက်ဆုံးတွင် (၁၀) မိနစ်ခန့် ကြာသောအခါ လင်းရှင်လည်း ပြီးဆုံးသွားသည်။

လင်းဟွမ်သည် လင်းရှင် ဆင်းလာသည်ကို မြင်လိုက်လျှင်

"ရှင်အာ၊ မင်းရဲ့ ပစ္စည်းအားလုံးကို ငါ့ရဲ့ အင်ပါယာနှလုံးသား လက်စွပ်ထဲ ထည့်လိုက်။ မင်းရဲ့လက်စွပ်ကို အသုံးမပြုနဲ့တော့။ ဒီလိုမှ

မဟုတ်ရင် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက မင်းကို ခြေရာခံမိသွားလိမ့်မယ်”

“ဒါပေမယ့် ငါ့ဆီမှာ သုံးနိုင်တဲ့ အကျိုးဆောင် အမှတ်တွေ အများကြီးပဲ ကျန်သေးတယ်”

လင်းရှင်သည် သူမတွင်ရှိနေသော အကျိုးဆောင် အမှတ်များကို နှမြောနေသည်။

“ဒါက ဘာမှမဟုတ်ပါဘူး။ ရယ်စရာလေးပါ။ မင်းက ငွေလွှဲလိုက်ရင် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက သိသွားလိမ့်မယ်။ မင်းအကောင့်ထဲက

အဲဒီလောက် ငွေပမာဏကို ငါတစ်ရက်တည်း ရှာနိုင်တယ်”

လင်းဟွမ်က ခေါင်းခါရင်း ပြုံးလိုက်သည်။

ထို့နောက် လင်းရှင်က သူမ၏ပစ္စည်းများကို ဆိုဖာနှင့်စားပွဲပေါ်တွင် တင်လိုက်သည်။

လင်းဟွမ်က သူမ၏ပစ္စည်းများကို သူ၏ သိုလှောင်ရာ နေရာလွတ်ထဲတွင် သိမ်းဆည်းလိုက်သည်။

လင်းရှင်သည် ပစ္စည်းအားလုံးကို ထုတ်ပေးပြီးနောက် လေးလံသော စိတ်များဖြင့် သူမ၏ အင်ပါယာနန်းလုံးသား လက်စွပ်ကို ချွတ်ပေးလိုက်သည်။

သူမသည် ဤလောကထဲသို့ ရောက်ရှိလာသည့်နေ့ကတည်းက ဒီလက်စွပ်ကို ဝတ်ဆင်ခဲ့သည်။ အခြားတစ်ဖက်တွင်မူ လင်းဟွမ်သည် လက်စွပ်နှင့် ပတ်သက်၍ ခံစားချက် မရှိပေ။

ကြမ်းပြင်ပေါ်သို့ ပစ်ချပြီးနောက် ဖနောင့်နှင့် ပေါက်ကာ ချေမွလိုက်သည်။ အမှိုက်များကို

အမှိုက်ပုံးထဲသို့ စွန့်ပစ်ပြီးနောက် (၃) ယောက်သား အိမ်ထဲမှ ထွက်လာကြသည်။

လင်းဟွမ်က တံခါးပိတ်လိုက်စဉ် လင်းရှင်က ခေါင်းယမ်းနေပြီး အိမ်ကို နောက်ဆုံးအနေနှင့် ကြည့်နေခဲ့သည်။သည်။ အမှိုက်အိတ် (၂) အိတ်ကို အပေါက်ဝရှိ အမှိုက်ပုံးထဲသို့ ပစ်ထည့်လိုက်သည်။

လင်းဟွမ်သည် (၄) ထပ် ဇိမ်ခံအိမ်ကြီးကို လှည့်ကြည့်လိုက်သည်။

ထို့နောက် သူတို့သုံးယောက်သည် အစိမ်းရောင် ဝံပုလွေကို ဆင့်ခေါ်ကာ အရှေ့ဘက်တံခါးသို့ ဦးတည်ထွက်သွားကြသည်။

"အစ်ကို၊ ငါတို့ ဘယ်ကိုသွားကြမှာလဲ"

လင်းရှင်သည် သူတို့ မည်သည့်နေရာကို သွားနေကြောင်း မသိသဖြင့် မေးလိုက်သည်။

"ဝပ်ကျင်းအမှတ် (၇) စီ (၈၈) ၊ လီမြို့ကို သွားကြမယ်"

လင်းဟွမ်သည် ရန်လင်းထံ ဆက်သွယ်ပြီးနောက် အစီအစဥ် အားလုံးကို ချမှတ်ခဲ့သည်။

"ပချီမြို့လား။ ပချီမြို့က မလုံခြုံဘူးဆိုတာ ငါသိပါတယ်။ ဒါပေမယ့် ဒီဝပ်ကျင်းအမှတ် (၇) စီ (၈၈) နဲ့ (၇) စီ (၈၉) ထက်စာရင် ပိုဝေးတယ်"

လင်းရှင် နားမလည်နိုင်ပေ။

"ဟုတ်တယ်။ ဒါပေမယ့် ပိုလုံခြုံတယ်။ ငါတို့က အဲ့ဒီကိုရောက်အောင် ပျံသန်းဖို့ (၃) ရက်လောက် အချိန်ယူရမယ်။ တောထဲမှာ (၂) လောက် အိပ်ရမယ်"

လင်းဟွမ်က အတိုချုံးပြီး ရှင်းပြလိုက်သည်။

မိနစ်အနည်းငယ် ကြာသောအခါ အရှေ့ဘက်တံခါးသို့ ရောက်ရှိလာကြသည်။

လင်းဟွမ်သည် သူတို့၏ ပစ္စည်းအားလုံးကို ချွတ်ပြီး အစိမ်းရောင် ဝံပုလွေကို ပြန်သိမ်းလိုက်သည်။ ထို့နောက် အလက်ဖြွား လင်းယုန်ကို ဆင့်ခေါ်လိုက်သည်။

လင်းဟွမ်သည် လင်းယုန်၏ နောက်ကျောပေါ်တွင် ထိုင်ခုံ (၂) လုံး တပ်ဆင်လိုက်ပြီး လင်းရှင်နှင့် လင်ရွှမ်တို့ကို

ထိုင်စီးခိုင်းလိုက်သည်။ ထို့နောက် လီမြို့သို့ ဦးတည်ပြီး ထွက်ခွာသွားကြသည်။

## အခန်း(၁၉၄) - နှင်းမြို့သို့ ရောက်ရှိခြင်း။

လင်းဟွမ်တို့အဖွဲ့သည် တောရိုင်းဇုန်ထဲတွင် (၃) ညတာ နေခဲ့ကြပြီး နောက်ဆုံးတွင် ဝပ်ကျင်းအမှတ် (၇) စီ (၈၈)၊ လီမြို့သို့ ရောက်လာကြသည်။

လင်းဟွမ်သည် လင်းရှမ်နှင့် ရီရှင်းတို့၏ ကိုယ်ပိုင် အထောက်အထားများကို အသုံးပြုပြီး လက်မှတ်များ ဝယ်ယူခဲ့သည်။ အခန်းများကို မတူညီသော အထပ်များတွင် ဝယ်ယူခဲ့သည်။

ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းသည် လင်းရှမ်၏ တည်ရှိမှုကို မသိသလို လင်းရှမ်၏ တည်ရှိမှုကိုလည်း မသိပေ။ ထိုအချိန်တွင် အပြင်လူများက လင်းဟွမ်၏ အထောက်အထားကို မဖော်ထုတ်နိုင်ကြပေ။

နတ်ဆိုး သလင်းကျောက် အာကာသယာဉ်၏ ကွန်ယက်က အဟက်ခ်ခံရလျှင်ပင် လင်းဟွမ်၏ အထောက်အထားကို ရရှိနိုင်မည် မဟုတ်သလို လင်းဟွမ်၏ နာမည်ကို သူတို့ ရှာတွေ့မည် မဟုတ်ပေ။

ထိုအာကာသယာဉ်သည် (၃) ရက် အကြာတွင် ထွက်ခွာမည် ဖြစ်သဖြင့် သူတို့ (၃) ယောက်သည် ထိုကာလအတွင်း ကောင်းမွန်စွာ အနားယူ ခဲ့ကြသည်။

လင်းရှင်သည် တောရိုင်းဇုန်ထဲတွင် အလွန် ပင်ပန်းနွမ်းနယ် ခဲ့သည်။

အာကာသယာဉ် ဆိုက်ကပ်မည့် အနီးအနားရှိ ဟော်တယ်တစ်ခုကို ရွေးချယ် ပြီးနောက် အခန်းများကို မှာယူနေစဉ် လင်းရှမ်၏ အထောက်အထားကို အသုံးပြုခဲ့သည်။

ထို့နောက် သူတို့ (၂) ယောက်လုံးကို အခန်းထဲသို့ ခေါ်ဆောင်သွားသည်။ အိပ်ခန်း (၃) ခန်း ပါရှိသော အခန်းကြီးတစ်ခုဖြစ်ပြီး တစ်ယောက်ချင်းစီ အတွက် ကိုယ်ပိုင်အခန်း ရရှိခဲ့ကြသည်။

လင်းဟွမ်သည် ရင်ထဲမှအလုံးကြီး ကျသွားသည်။

နောက်ဆုံးတွင် ဟိုတယ်၌ တည်းခိုခဲ့ပြီး တိုက်ပွဲဗီဒီယိုများကို ပြန်လည်သုံးသပ်ရန် အချိန် ရခဲ့သည်။ ထိုအချိန် အတောအတွင်းတွင် လင်းရှင်နှင့်လင်းရှမ်တို့သည် အပြင်မထွက်ရန် ကြိုးစား

ခဲ့ကြပြီး အစားအသောက် များကိုလည်း အခန်းထဲမှသာ မှာယူ စားသောက်ခဲ့ကြသည်။

လီမြို့၌ နေထိုင်ခဲ့သော (၃) ရက်တာ အတွင်းတွင် သူတို့သည် (၂) ကြိမ်သာ အပြင် ထွက်ခဲ့ကြသည်။

(၄) ရက်မြောက်နေ့တွင် အာကာသယာဥ်သည် ပလာဇာပေါ်သို့ ဆင်းသက် လာခဲ့သည်။ လင်းဟွမ်တို့အဖွဲ့သည် မနက်စာ စားပြီးနောက် အာကာသယာဥ်ပေါ်သို့ တက်သွားကြသည်။

လင်းရှင်သည် ရီရှင်း၏ အင်ပါယာနှလုံးသား လက်စွပ်ကို အသုံးပြုပြီး အပေါ်ဝကို

ဖြတ်ကျော်ခဲ့သည်။ သူတို့ (၃) ယောက်သည် အာကာသယာဉ်ပေါ်သို့ အောင်မြင်စွာ တက်လာနိုင်ခဲ့ကြသည်။ အာကာသယာဉ်ပေါ်ရှိ (VIP) မဟုတ်သော အခန်းများတွင် ဧည့်ခန်းတစ်ခုနှင့် အိပ်ခန်းတစ်ခန်းသာ ပါရှိသည်။ လင်းရှင်က အိပ်ရာပေါ်တွင်၊ လင်းရွှမ်က ကလေးအိပ်ခန်းတွင် နေရာယူပြီး လင်းဟွမ်က ဧည့်ခန်းထဲက ဆိုဖာပေါ်တွင် အိပ်ခဲ့သည်။

လီမြို့မှနင်းမြို့သို့ ခရီးစဥ်သည် (၁၆) ရက် ကြာမြင့်မည်ဖြစ်ပြီး သူတို့ရောက်ရှိမည့် နေ့သည် နှစ်သစ်ကူး အကြိုည ဖြစ်သည်။

အာကာသယာဥ်ပေါ်ရှိ (၁၆) ရက်တာ ခရီးစဥ်အတွင်း လင်းဟွမ်သည် တိုက်ပွဲ ဗီဒီယိုများထဲတွင် နစ်မြုပ်နေခဲ့သည်။ သို့သော် တိုက်ပွဲကွင်းပြင်ထဲသို့ မဝင်ခဲ့ပေ။ လင်းရှင်နှင့် လင်း၅မ်တို့အတွက် စိတ်ပူ နေခဲ့သောကြောင့် တိုက်ပွဲတိုက်ခိုက်ချင်စိတ် မရှိခဲ့ပေ။

ထိုအချိန်တွင် လင်း၍မိသည် မည်သည့်အရာများ ဖြစ်ပျက်နေကြောင်း သတိမထားမိဘဲ သေနတ် မစ္စတာဂိမ်းထဲတွင် နစ်မျောနေခဲ့သည်။

မုဆိုးဖုန်ထဲသို့ ဝင်ရောက်ခွင့်ရပြီး ကတည်းက ထိုကျွမ်းကျင်သူများထံမှ တစ်ခုမဟုတ် တစ်ခု သင်ယူနိုင်သဖြင့် ပို၍ပင် စိတ်အားထက်သန် နေခဲ့သည်။ စားသောက်ခြင်း၊ အိပ်စက်ခြင်းမှလွဲ၍ ကျန်သည့် အချိန်အများစုကို ဂိမ်းထဲမှာသာ ကုန်ဆုံးနေခဲ့သည်။

လင်းရှင်သည် သူတို့ထံ ဘေးဒုက္ခများ လာနေကြောင်း သိသော်လည်း လင်းဟွမ်ကို ယုံကြည်ရန် ရွေးချယ်ခဲ့သည်။ (ဘီ) အဆင့် ဝပ်ကျင်း၏ သင်ယူမှုစံနှုန်းသည် (ဒီ) အဆင့် ဝပ်ကျင်းထက် ပိုမြင့်မားမည်ကို သိသောကြောင့် အိမ်စာလုပ်ရင်း အချိန်အများစုကို ကုန်ဆုံး နေခဲ့သည်။

တန်ပြန်မုဆိုး ကောလိပ်တွင် သူမ၏ရလဒ်များက ထူးချွန်ခဲ့သော်လည်း (ဘီ) အဆင့် ဝပ်ကျင်းရှိ

ကျောင်းတစ်ခုတွင် အလားတူရလဒ်များ ရရှိရန် ခက်ခဲလိမ့်မည်။

ဤ (၁၆) ရက်တာ ကာလအတွင်းတွင် လင်းဟွမ်သည် အဆင့် (၆) မှ အဆင့် (၃) အထိ ကစားသမားများ၏ တိုက်ပွဲဗီဒီယို အားလုံးကို ကြည့်ရှုခဲ့သည်။

ပို၍လေ့လာ နိုင်ခဲ့သည်။ သို့သော် အာကာသယာဉ်၏ အပြင်ဘက်တွင် နှင်းများ ကျဆင်းနေသည်ကို သတိထားလိုက်မိသည်။

မျှော်လင့်ထားထက် စော၍ နှင်းမြို့သို့ ဘေးကင်းစွာ ရောက်ရှိလာခဲ့သည်။

လင်းဟွမ်တို့သည် အာကာသယာဉ်ပေါ်မှ ဆင်းလာပြီးနောက် ဟိုတယ်သို့သွားပြီး အခန်း မယူခင် လင်းရန်ထံမှ ပါဆယ်ထုတ်ကိုယူရန် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီသို့ သွားလိုက်သည်။

လင်းရှင်၏ အထောက်အထား အသစ်မှာ လင်းရွှယ် ဖြစ်သည်။ ထိုနာမည်ကို သူမကိုယ်တိုင် ရွေးခဲ့ခြင်းပင်။ ဒါသည် နှင်းမြို့၏ နောက်ခံလူမျိုး

သမိုင်းကြောင်းမှ ဆင်းသက်လာသော နာမည်မျိုး ဖြစ်သည်။

လင်းရှင်သည် ကောင်းကင်မှ ကျဆင်းနေသော နှင်းပွင့်များကိုကြည့်ရင်း အင်ပါယာ နှလုံးသား လက်စွပ်အသစ်ကို ဝတ်ဆင်ကာ ပျော်ရွှင်နေသည်။ လင်းရွှမ်လည်း ပြတင်းပေါက် မှတစ်ဆင့် ကျဆင်းနေသော နှင်းများကို ကြည့်၍ ပျော်ရွှင်နေပုံပင်။ နှင်းကို ယခုမှ ပထမဆုံး မြင်ဖူးပုံရသည်။

"တော်ပြီဟေ့။ မင်းတို့ (၂) ယောက်ကြောင့် လမ်းပိတ်နေပြီ။ ငါတို့က ဒီနေရာမှာ နေကြမှာပဲ။ နောက်ဆိုရင် မင်းတို့မှာ နှင်းတွေကိုကြည့်ဖို့ အခွင့်အရေး အများကြီးရှိတယ်"

လင်းဟွမ်က ကလေးနှစ်ယောက်ကို ဟိုတယ်သို့ အမြန်လျှောက် ခိုင်းလိုက်သည်။

ဟိုတယ်အခန်းထဲသို့ ရောက်သောအခါ သူတို့ (၂)ယောက်လုံးသည် လေသာဆောင်သို့ ပြေးထွက်သွားပြီး ပျော်ရွှင်နေကြသည်။

"ဒီအထဲမှာနေပြီး နှင်းကြည့်လို့ ရတယ်။ မအေးကြဘူးလား"

လင်းဟွမ်သည် သူတို့ (၂) ယောက်လုံးကို ဆွယ်တာအကျႌများ ဝတ်ခိုင်းပြီး ညှေ့ခန်းထဲသို့ ပြန်ခေါ်လာခဲ့သည်။

လင်းဟွမ်သည် ထွင်းဖောက် မြင်နေရသော ပြတင်းပေါက်မှတစ်ဆင့် ကျဆင်းနေသော နှင်းများကို ကြည့်ပြီး အံ့အောသင့်သွားသည်။ ဤကဲ့သို့ မြင်ကွင်းကို နောက်ဆုံး မြင်ခဲ့ရသည်မှာ နှစ်အတော်လေး ကြာနေခဲ့ပြီ။ အရှေ့မြောက်ပိုင်း

တက္ကသိုလ်တွင် သင်ကြားခဲ့စဥ် ဘွဲ့ရပြီးနောက်ပိုင်း ကာလတစ်လျှောက်တွင် အိမ်သို့ တစ်ခါမှ မပြန်ဖြစ်ခဲ့ပေ။

ပွက်ပွက်ဆူနေသော ရေနွေးသံကို ကြားလိုက်မှ အတွေးထဲက နိုးလာခဲ့သည်။

"မင်းတို့တွေ ပြီးပြီလား။ လက်ဖက်ရည် ပူပူလေး သောက်လိုက်အုံး"

လင်းဟွမ်က ကလေး (၂) ယောက်ကို ပြောလိုက်သည်။

လက်ဖက်ရည် ခွက် (၃) ခွက်ထဲကို လက်ဖက်ခြောက်ထည့်ပြီး ရေနွေးဖျော်လိုက်သည်။

ကလေး (၂) ယောက်သည် လင်းဟွမ်ကို လျစ်လျူရှုထားပြီး လေသာဆောင်တွင် ကျန်ရစ်ခဲ့ကာ နှင်းများကို ကြည့်နေကြသည်။

"မင်းတို့ (၂) ယောက် ၊ တစ်ကနေ တစ်ဆယ်အထိ ရေလို့မှ ဝင်မလာရင် မင်းတို့ကို မခေါ်တော့ဘူး၊ တစ်....နှစ်....သုံး..."

လင်းရှင်နှင် လင်းရွှမ်တို့သည် ချက်ချင်းနီးပါး အခန်းထဲသို့ ပြန်ဝင်လာကြသည်။ လင်းဟွမ်ထံမှ

လက်ဖက်ရည်ခွက်ကိုယူကာ ဆိုဖာပေါ်တွင်ထိုင်ပြီး ရေနွေးပူပူလေး သောက်လိုက်ကြသည်။

ခဏအကြာ လင်းရှင်က သိပ်မပူတော့သည့် လက်ဖက်ရည်ကို ကုန်အောင် သောက်ချလိုက်ပြီး

“အကို ငါဒီနေရာကို ကြိုက်တယ်။ နှင်းမြို့မှာ နေရအောင်”

လင်းဟွမ်က ပြုံးလိုက်သည်။ ညီမဖြစ်သူက ဤကဲ့သို့ ပြောလာလိမ့်မည်ဟု မျှော်လင့်ပြီးသားပင်။

"လင်းရွှမ်၊ မင်းအစ်မက ဒီနေရာကို ကြိုက်နေတယ် မင်းကရော"

ထို့နောက် လင်းဟွမ်သည် လင်းရွှမ်ကိုကြည့်ပြီး မေးလိုက်သည်။

လင်းရွှမ်က ချက်ချင်း ခေါင်းငြိမ့်ပြသည်။ သူလည်းနှင်းများကို သဘောကျနေသည်။

"ကောင်းပြီ ဒါဆိုလည်း ငါတို့တွေ နှင်းမြို့မှာပဲ နေကြမယ်"

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

လင်းရှင်နှင့် လင်းရွှမ်တို့သည် လက်ဖက်ရည်သောက်ပြီးနောက် လေသာဆောင်သို့ ပြေးသွားကြပြန်သည်။

ထိုအချိန်တွင် လင်းဟွမ်က အခန်းထဲသို့ ပြန်ဝင်ကာ ရန်လင်းထံ ဖုန်းခေါ်လိုက်သည်။

ရန်လင်းသည် အိမ်ခြေရာမဲ့ တစ်ယောက်နှင့်တူနေပြီး ဆံပင်မညှပ်၊ ရေမချိုး အဝတ်စားမလဲဘဲ ရက်ပေါင်းများစွာ မအိပ်ခဲ့ရသည့်ပုံ ရှိနေသည်။

"ငါ ပေးလိုက်တဲ့ ပစ္စည်းတွေရလား"

ရန်လင်းက တက်ကြွမှုကင်းမဲ့စွာ မေးလိုက်သည်။

“ဟုတ်တယ်၊ ရတယ်။ ကျေးဇူးပဲ”

ရန်လင်းသည် လူလိမ်ပုံ ပေါက်နေသော်လည်း ယုံကြည်ထိုက်သူ ဖြစ်သည်။

“မင်း ငါ့ဆီက ဘာလိုသေးလို့လဲ။ ဝပ်ကျင်းစခန်းမှာ နေထိုင်ခွင့် လိုချင်တယ်ဆို ဆုံးဖြတ်ပြီးပြီလား”

ရန်လင်းက မေးလိုက်သည်။

“ငါ ဆုံးဖြတ်ပြီးပြီ။ နှင်းမြို့ပဲ”

လင်းဟွမ်က ပြုံးပြီး ခေါင်းငြိမ့် လိုက်သည်။

"ဘယ်လောက်လဲ"

"နှင်းမြို့က ကောင်းတယ်။ ဆောင်းရာသီမှာ ခရီးသွား အများဆုံးလာကြတဲ့ နေရာတစ်ခုပဲ။ (၁၆,၀၀၀) ကျသင့်တယ်။ ဒါပေမယ့် အပြည့် ပေးချေရင်တော့ (၁၅,၀၀၀) ပဲ ထားလိုက်မယ်။ အရစ်ကျ စနစ်နဲ့ဆိုရင်တော့ ငွေအပြည့်ပေးရမယ်။ ဒါပေမယ့် အတိုး လုံးဝ မရှိဘူး"

ရန်လင်းက ဇွေ့ဝိုက်ခြင်းမရှိဘဲ တိုက်ရိုက် ပြောလိုက်သည်။

"လက်ထဲမှာ ပိုက်ဆံ အများကြီး မရှိသေးလို့ အရစ်ကျပဲပေးမယ်"

လင်းဟွမ်သည် ယခင်က မည်သည့်အရာကိုမှ အရစ်ကျ မဝယ်ခဲ့ဖူးသောကြောင့် ယခုအခါတွင် ကူကယ်ရာမဲ့နေသည်။ သူ့တွင် အကြွေးဝယ်ကတ် တစ်ခု ရှိခဲ့သည့်တိုင်အောင် နှောင့်နှေးခြင်း မရှိဘဲ ဝယ်သည့် ပစ္စည်းတိုင်းကို တစ်ခါတည်း ငွေအပြည့် ချေလေ့ရှိခဲ့သည်။ သို့သော် ယခု တစ်ချိန်တွင်မူ သူ့၌ရွေးချယ်စရာ မရှိပေ။

"ရတယ်။ နောက်မှပဲ ဖြည်းဖြည်းခြင်းဆပ်။ ငွေပမာဏက အရမ်းများလို့ လတိုင်း ပြန်ဆပ်နိုင်အောင် ကြိုးစားပါ။ (၁၂) လ ထားပေးမယ်"

ရန်လင်းက လင်းဟွမ်နှင့် စာချုပ်ချုပ်ရန် စိတ်မဝင်စားဘဲ ဖုန်းချသွားသည် ။

(၃)မိနစ် မှ (၅) မိနစ်ခန့် ကြာသောအခါ လင်းဟွမ်သည် စကားတစ်ခွန်းမှ ပြောစရာမလိုဘဲ မက်ဆေ့ချ်တစ်ခု လက်ခံရရှိလိုက်သည်။

မက်ဆေ့ချ် ဖိုင်ကို ဒေါင်းလုဒ်လုပ်၍ ကြည့်လိုက်ရာ သုံးဖက်မြင် တံဆိပ်တစ်ခု ဖြစ်နေသည်။

ဒါသည် နှင်းမြို့တွင် နေထိုင်ခွင့်ပြုသော တံဆိပ် ဖြစ်သည်။ လင်းဟွမ်သည် ထိုတံဆိပ်ကို နှိပ်လိုက်သည်။ ရီရှင်း၏ နေထိုင်ခွင့် အထောက်အထားကို နှင်းမြို့တွင် ပြထားသည်။

"နောက်နှစ်ရက်ဆို နှစ်ကူးရောက်ပြီ။ ဒီနေ့ အိမ်ရွေးပြီး မနက်ဖြန် ဝယ်မယ်။ အဲ့ဒါမှ အိမ်အသစ်မှာ နှစ်ကူးလို့ ရမယ်"

လင်းဟွမ်သည် အစီအစဥ် ချမှတ်ပြီးနောက် လင်းရှင်နှင့် လင်း၅ွမ်တို့ကို လှမ်းခေါ်လိုက်သည်။

“နောက် (၂) ရက်ဆို နှစ်ကူးတော့မယ်။ ဒီနေ့ မင်းတို့ (၂) ယောက်အတွက် တာဝန်တစ်ခုရှိတယ်”

“အဲ့ဒါက ကွန်ရက်ထဲပေါ်မှာ အိမ် (၂) အိမ် ရွေးဖို့ပဲ။ ငါတို့လိုက်ကြည့်မယ်။ ဒီနေ့ အပြီး ရွေးရမယ်။ အိမ်က သွားကြည့်လို့ အဆင်ပြေရင် မနက်ဖန်ဝယ်ပြီး အဲ့ဒီအိမ်မှာ နေကြမယ်။ နှစ်ကူးကို ဟိုတယ်မှာ မနေဘူး။ ငါတို့အိမ်မှာပဲ နှစ်ကူးကြမယ်”

လင်းဟွမ်က ကလေး (၂) ယောက်ကို ပြောလိုက်သည်။

ထို့နောက် ကလေး (၂) ယောက်သည် ခေါင်းငြိမ့်ပြီး နှလုံးသား ကွန်ရက်ပေါ်တွင် စတင် ရှာဖွေကြတော့သည်။ လင်းဟွမ်လည်း ရှာဖွေ နေသည်။

သူတို့ (၂) ယောက်ကို တာဝန်အရ သူတို့ ကြိုက်သောအိမ်ကို ကြည့်ရန် ပြောခဲ့ခြင်းပင်။ နာရီအနည်းငယ် ကြာပြီးနောက် သူတို့ (၃) ယောက်လုံးသည် ဆိုဖာပေါ်တွင်ထိုင်ပြီး အိမ်များကို

ကြည့်နေကြဆဲ ဖြစ်သည်။ လင်းဟွမ်သည် သူကြိုက်သော အိမ် (၂) လုံးကို တွေ့လိုက်ပြီးနောက် ကလေး (၂) ယောက်ကို လှမ်းမေးလိုက်သည်။

"မင်းတို့ (၂) ယောက်ရော ရှာတွေ့ပြီလား"

"ဒါတွေအားလုံးက အရမ်း ဈေးကြီးတာပဲ"

လင်းရှင်သည် ဝမ်းနည်းနေသည်။ သူမ ကြိုက်သည့်အိမ် အချို့ကို တွေ့ခဲ့သော်လည်း ဈေးအလွန် ကြီးလွန်းသောကြောင့် မရွေးချယ်ခဲ့ပေ။

"ဈေးကို မကြည့်နဲ့ ကြိုက်တာတွေ့ရင်ပြော။ (ဘီ)အဆင့် ဝပ်ကျင်းရဲ့အိမ်တွေက သာမန်လူတွေအတွက် ဈေးကြီးတယ်လို့ ယူဆလို့ရတယ်။ ဒါပေမယ့် မုဆိုးတွေအတွက်တော့ ဘာဆိုဘာမှ မဟုတ်သေးဘူး"

လင်းဟွမ်သည် လင်းရှမ်ကို ကြည့်လိုက်ပြီး

"မင်းရွေးထားတဲ့ အိမ်တွေ ငါ့ကိုပြအုံး"

လင်းရှမ်က ခေါင်းငြိမ့်လိုက်ပြီး သူရွေးထားသော အိမ်များကို ပြလိုက်သည်။ ဈေးနှုန်းကဲ့သို့

အကြောင်းအရာမျိုးကို ထည့်သွင်း စဥ်းစားထားခြင်း မရှိပေ။

လင်းဟွမ်က ဓါတ်ပုံများကို ကြည့်နေစဥ် လင်းရှင်လည်း ကြည့်နေခဲ့သည်။ လင်းရှမ် ရွေးချယ်ထားသော အိမ်သည် အကျိုးဆောင်အမှတ် သန်း (၁၀၀) အထက်တွင် ရှိနေကြောင်း တွေ့လိုက်ရသဖြင့် သူမ အံ့အားသင့်သွားသည်။

လင်းဟွမ်သည် လင်းရှမ် ရွေးချယ်ထားသော အိမ်များကို ကြည့်ပြီးနောက် ကျေနပ်စွာ

ခေါင်းငြိမ့်လိုက်သည်။ သူတို့ (၂) ယောက်လုံးသည် အကောင်းကြိုက်များ ဖြစ်နိုင်သည်။

"ရှင်အာ၊ လင်း၍မ် ရွေးထားတဲ့အထဲမှာ မင်းကြိုက်တာ ရှိသေးလား"

လင်းဟွမ်က လင်းရှင်ကို မေးပြီးနောက်

"စျေးနှုန်းအတွက် စိတ်မပူနဲ့"

"အိမ်တွေအားလုံးက အရမ်းကောင်းတဲ့ ပုံပဲ။ ဒါပေမယ့် ဒီအိမ် (၂) အိမ်ကို ငါအကြိုက်ဆုံးပဲ"

လင်းရှင်က သူမကြိုက်သည့် အိမ် (၂) လုံးကို လက်ညှိုး ထောက်ပြလိုက်သည်။ လင်းဟွမ်က သူတို့ထဲက တစ်ခုကို ရွေးချယ်လိုက်သည်။ အခြားအိမ်သည် ဂူလင်မြို့တွင် နေခဲ့သော သူတို့အိမ်နှင့် ဆင်တူသည်။ ဒါသည် ခြံဝန်းအပို တစ်ခုပါရှိသည့် (၃) ထပ်သာရှိသော အပန်းဖြေ စခန်းမျိုး ဖြစ်နေသည်။

"ဒီလိုဆိုရင် မနက်ဖန်ကျရင် ဒီအိမ် (၃) လုံး သွားကြည့်ကြမယ်"

လင်းဟွမ်သည် အပန်းဖြေစခန်းနှင့် တူနေသော အိမ်နှင့် သူနှစ်သက်သည့် နောက်ထပ် အိမ် (၂) လုံးကို ထပ်မံရွေးချယ်ခဲ့သည်။

# အခန်း(၁၉၅) - အိမ် ဝယ်ယူခြင်း။

လင်းဟွမ်သည် အိမ်သုံးလုံးကို ရွေးချယ်ပြီးနောက် လင်းရှင်နှင့် လင်း၍ွမ်တို့ကို ခေါ်ဆောင်ကာ အလက်ဇန္ဒြားလင်းယုန်ကို စီးပြီး အိမ်ခြံမြေများ ရှိသောအရပ်သို့ ခေါ်ဆောင်သွားသည်။

သူတို့ သုံးယောက်လုံး ရွေးချယ်ခဲ့သော အိမ်များသည် နှင်းမြို့၏ မြောက်ပိုင်းတွင် တည်ရှိသည်။

သူတို့သည် လင်းယုန်ငှက်ကိုစီးပြီး သွားနေရာ မြို့နှင့် ဝေးလွန်းသဖြင့် လင်းဟွမ်သည် မျက်မှောင်ကြုတ်နေသည်။ မြေပုံပေါ်ရှိ အိမ်သည် မြို့လယ်ခေါင်နှင့် ဝေးသည်ကို သတိထားမိသော်လည်း ဤမျှ ဝေးကွာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ အနည်းဆုံးမြို့နှင့် ကီလိုမီတာ နှစ်ဆယ်ခန့် ဝေးကွာနေသည်။ မြောင်ပိုင်းသို့ ခရီးဆက်လာသည်နှင့်အမျှ အဆောက်အဦးများ နည်းပါးလာသည်။ အိမ်ခြေ များများစားစား မရှိဘဲ အိမ်အလုံး လေးဆယ်ခန့်သာ ရှိသည်။

အလက်ဇန္ဒြား လင်းယုန်သည် အရောင်းအဆောက်အဦး၏ ဝင်ပေါက်တွင် ဆင်းသက်လိုက်သည်။

"အစ်ကို တည်နေရာက နည်းနည်းလေး ဝေးနေတယ်"

လင်းရှင်က သူမ၏ အစ်ကိုဖြစ်သူကို ပြောလိုက်သည်။

"ငါလဲ အဲဒီလိုပဲ ထင်နေတယ်။ ဒါပေမယ့် ရောက်လက်စနဲ့ မထူးဘူး။ ဘာပဲဖြစ်ဖြစ် ဝင်ကြည့်လိုက်ရအောင်"

လင်းဟွမ်က ပြုံးပြီး ပြောလိုက်သည်။

သူတို့ စကားပြောနေစဉ် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသား တစ်ယောက်က သူတို့ထံ ချဉ်းကပ်လာသည်။

အလက်ဇန္ဒြား လင်းယုန်ကို မြင်သောအခါ ထိုလူ၏မျက်နှာပေါ်တွင် အပြုံး အကြီးကြီးတစ်ခု ပေါ်လာသည်။

“မင်းတို့က အိမ်လာကြည့်တယ်ဆိုရင် ငါ့ကို ယုံလိုက်ပါ”

ထိုလူက ပြောလိုက်သည်။

“ဒီနေရာမှာ အိမ် များများစားစား မရှိဘူး။ စတိုင်သုံးမျိုးနဲ့ အလှဆင်ထားတဲ့ အိမ် သုံးဆယ်ခြောက်လုံးပဲ ရှိတယ်”

ထိုလူသည် စကားလုံးများကို အဆက်မပြတ် တော်ကီဖုတ်နေပြီး အင်မတန် ပြောင်မြောက်သော စကားလုံးများကို အသုံးပြုကာ လူတစ်ယောက် ယုံကြည်လာအောင် ဆွဲဆောင်နေသည်။

ထိုအချိန်၌ လင်းဟွမ်က တိတ်တဆိတ် နားထောင်နေခဲ့သည်။ ထိုလူက စကားပြော ကောင်းသည်ဟု ဝန်ခံရမည်။

ထိုလူ စကားပြောပြီးသောအခါ လင်းဟွမ်က ပြောလိုက်သည်။

"ဒါဆို အကောင်းဆုံး ပတ်ဝန်းကျင်ရှိတဲ့အိမ်ကို ခေါ်သွားပါ"

"ရတာပေါ့ ငါ့ကို အချိန်ခဏလောက်ပေး ကုလားအုတ် မွန်းစတား နှစ်ကောင်ကို ခေါ်လိုက်ဦးမယ်"

"မလိုဘူး ငါ့မှာ ကိုယ်ပိုင်ရှိတယ်"

ထို့နောက် လင်းဟွမ်သည် အစိမ်းရောင်ဝံပုလွေကို ဆင့်ခေါ်လိုက်သည်။

လင်းဟွမ်က အလက်ဇန္ဒြား လင်းယုန်ကို ပြန်သိမ်းသောအချိန်နှင့် အစိမ်းရောင်ဝံပုလွေကို ဆင့်ခေါ်သောအချိန်တွင် သားရဲ ထိန်းချုပ်ခြင်း တံဆိပ်ကို အသုံးမပြုခဲ့ကြောင်း ထိုလူက သတိထားလိုက်မိသည်။ လင်းဟွမ်သည် သားရဲ ထိန်းချုပ်ခြင်းတံဆိပ် မပါဘဲ အစိမ်းရောင်ဝံပုလွေကို

ဆင့်ခေါ် လိုက်သောကြောင့် ထိန်းချုပ်သူ တစ်ယောက် ဖြစ်နိုင်သည်။

သူတို့သုံးယောက်က အစိမ်းရောင် ဝံပုလွေပေါ် တက်ထိုင်လိုက်စဉ် ထိုလူက လူနှင့်ယဉ်ပါးနေသော မွန်းစတား တစ်ကောင်ကို သားရဲထိန်းချုပ်ရေး တံဆိပ်ထဲမှ ဆင့်ခေါ်လိုက်သည်။

ကုလားအုတ် မွန်းစတားသည် သံအဆင့်ပင် မရှိသော သာမန်မွန်းစတား တစ်ကောင်မျှသာ ဖြစ်သည်။ သူသည် ကုလားအုတ်နှင့် တူသော်လည်း လည်ဘို့ မပါဘဲ အရွယ်အစား ပိုကြီးမားသည်။

ထိုအကောင်သည် နှေးသော်လည်း ကြံ့ခိုင်သည်။ အများအားဖြင့် လူများက ၎င်းတို့ကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အသုံး ပြုကြသည်။

ကုလားအုတ် မွန်းစတားသည် ရွှေရောင် အမွေးရှိပြီး ဆွဲဆောင်အား တော်တော်လေး ကောင်းသော်လည်း အစိမ်းရောင် ဝံပုလွေကို မြင်သောအခါ ကြောက်ဒူး တုန်နေသည်။

အစိမ်းရောင်ဝံပုလွေက ကုလားအုတ် မွန်းစတားကို စိုက်ကြည့်နေသည်။

လင်းဟွမ်လည်း ထိုအချက်ကို သတိပြုမိလိုက်သည်။

“မင်းက လမ်းကို ဦးဆောင်ပြီး သွားလိုက်ပါ။ ငါတို့အနောက်ကနေ လိုက်ခဲ့မယ်”

ထိုလူက တောင်းပန်လိုက်ပြီး ကုလားအုတ် မွန်းစတားကို သူတို့ရှေ့မှ လျှောက်ခိုင်းလိုက်သည်။ ၎င်း၏ မြင်ကွင်းထဲတွင် အစိမ်းရောင် ဝံပုလွေ ပျောက်သွားမှ သာလျှင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။ လင်းဟွမ်တို့အဖွဲ့သည် နောက်မှ လိုက်ပါသွားသည်။

အစိမ်းရောင် ဝံပုလွေသည် အပျော်သဘောနှင့် ကျီစား ချင်သောကြောင့် ကုလားအုတ် မွန်းစတားနောက်သို့ လိုက်နေခဲ့သည်။ ခုနစ် မိနစ်၊ ရှစ်မိနစ်ခန့် ကြာသောအခါ ထိုလူသည် သူ၏ မွန်းစတားကို ရပ်တန့်ရန် ကြိုးစားခဲ့သော်လည်း ကုလားအုတ် မွန်းစတားက နားမထောင်ပေ။ ထိုအစား ပို၍ပင် မြန်မြန်ဆန်ဆန် ပြေးသွားသည်။

“ရပ် ရပ် အခု ချက်ချင်းရပ်”

ထိုလူသည် လိပ်ခေါင်း ထွက်အောင် အော်သော်လည်း အလုပ်မဖြစ်ပေ။

ထို့ကြောင့် ထိုလူသည် လင်းဟွမ်တို့ဘက်သို့ လှည့်ကြည့်ပြီး

"မင်းတို့ ဒီမှာပဲ ရပ်ကျန်ရစ်ခဲ့။ ဒါက မင်းတို့ ရှာနေတဲ့အိမ်ပဲ။ ငါ့ကို ခဏလောက် အချိန်ပေးပါ။ မကြာခင် ရအောင် ပြန်လာခဲ့မယ်"

လင်းဟွမ်သည် ပြေးနေသော အစိမ်းရောင် ဝံပုလွေကို ရပ်ခိုင်းလိုက်သည်။ ထို့နောက် သူတို့ သုံးယောက်သည် ဝံပုလွေပေါ်မှဆင်းပြီး အိမ်ကို ကြည့်လိုက်သည်။

အိမ်ကို အပြင်ဘက်မှ ကြည့်ရသည်မှာ တမူထူးခြားနေသည်။ ခဏအကြာ ထိုလူသည် ဖရိုဖရဲ အဝတ်အစားများဖြင့် အိမ်သို့ ပြန်ရောက်လာသည်။

"နောက်ကျသွားတဲ့ အတွက် တောင်းပန်ပါတယ်။ ငါ့ရဲ့ ကုလားအုတ်မွန်းစတားက တစ်ခါတစ်လေ အကြောက်လွန်တယ်"

"စိတ်မပူပါနဲ့။ ကဲ အိမ်ထဲဝင်ကြည့်ရအောင်"

လင်းဟွမ်က ပြုံးပြီး ခေါင်းငြိမ့်လိုက်သည်။

ထိုအမျိုးသားသည် သူ၏ကုတ်အင်္ကျီကို ချွတ်ပြီး လင်းပွှမ်တို့ သုံးယောက်ကို အိမ်ထဲသို့ ခေါ်ဆောင်သွားသည်။

"အိမ်တွေ အားလုံးရဲ့ အလယ်တည့်တည့်မှာ ရှိနေတဲ့ ဒီအိမ်က ငါတို့ရဲ့ အကောင်းဆုံး အိမ်လေးလုံးထဲက တစ်လုံးပဲ။ အကောင်းဆုံး ပတ်ဝန်းကျင်လို့ ပြောရမယ်။ အိမ်ရှေ့နဲ့ အိမ်နောက်မှာ ဥယျာဉ်တစ်ခု ရှိတယ်။ အဓိက အဆောက်အဦးကတော့ သုံးထပ်တိုက်ပဲ။

တစ်ဖက်မှာ နှစ်ထပ် ဂိုဒေါင်ရှိတယ်။ တတိယထပ်မှာ လေယာပြင် ဥယျာဉ်တစ်ခုလဲ ပါသေးတယ်”

ထိုအမျိုးသားက ရိုးရိုးရှင်းရှင်း မိတ်ဆက်ပြီး သူ၏အိုင်ဒီကတ်ဖြင့် တံခါးကိုဖွင့်ကာ အိမ်ထဲသို့ ခေါ်ဆောင်သွားသည်။

“ဧည့်ခန်းက ကြီးလိုက်တာ”

လင်းရှင်က လမ်းလျှောက်လာရင်း အလန့်တကြား ထပြောသည်။ ဧည့်ခန်းသည် ကျယ်ဝန်းရုံသာမက အမြင့် ဆယ်မီတာရှိသော ထပ်ခိုးတစ်ခုလည်း ပါရှိသေးသည်။

"အဆောက်အဦးရဲ့ ခိုင်ခံ့မှုကို ထည့်သွင်းစဉ်းစားပြီးတော့ အမြင့် ဆယ့်ငါးမီတာ ဖြစ်အောင် ဒီဇိုင်း ထုတ်ထားတယ်။ ညှော်ခန်း အရှေ့ခြမ်းမှာ အပိုင်းနှစ်ပိုင်းရှိတယ် ထပ်ခိုးက လမ်းလျှောက်ရင် ပင်မအခန်းကို မြင်ရမယ်။ အဲ့ဒီအခန်းရဲ့ အမြင့်က သုံးမီတာခွဲ ရှိတယ်"

ထိုလူသည် အိမ်ကိုလိုက်ပြရင်း ရှင်းပြလိုက်သည်။ တတိယထပ်ရှိ လေသာဆောင်သို့ ရောက်သောအခါ လေသာဆောင် ဘက်သို့ မျက်နှာမူထားသော ရေခဲတောင်များကြောင့် အံ့ဩ ဆန်းကြယ်နေသည်။

"ဒီအိမ်မှာ လေသာဆောင် နှစ်ခုရှိတယ်။ ငါတို့က မြောက်ဘက်အရပ်မှာ ရှိနေတော့ မြောက်ဘက်က ရေခဲတောင်တန်း တွေကို တစ်ခါတည်း မြင်နေရတယ်"

မြောက်ဘက်မှ ရေခဲတောင်တန်းဆိုသည်မှာ ယခုလက်ရှိ လင်းဟွမ်တို့ မြင်နေရသော ရေခဲတောင်များကို ရည်ညွှန်းသည်။ တောင်တန်းများကို မြောက်မှတောင် ပိုင်းခြား ထားသည်။ ရေခဲတောင်တန်း၏ မြောက်ပိုင်းတွင် ဆောင်းရာသီ ခြောက်လကြာပြီး တောင်ပိုင်းတွင်

ပုံမှန်ရာသီဥတု လေးမျိုး ရှိသည်။ ရေခဲတောင်တန်းသည် ကီလိုမီတာ သောင်းနှင့်ချီ ရှည်လျားသော်လည်း အဖွဲ့ခွဲ (၇) ၏ အရှေ့ဘက်အခြမ်း အနည်းငယ်ကိုသာ နေရာယူထားသည်။

အရှေ့မြောက် အခြမ်းရှိ ရာသီဥတုသည် အခြားဒေသများနှင့် မတူသောကြောင့် ဒီနေရာတွင် ရေခဲတောင်တန်းများ ဖြစ်ပေါ်ကာ ထူးဆန်းသော မြင်ကွင်းကို ဖြစ်ပေါ်စေသည်။

လင်းရှင်သည် လေသာဆောင်တွင် မတ်တပ်ရပ်ပြီး သဘောကျသွား ပုံရသည်။ သို့သော်လည်း လင်းဟွမ်က

“ဒါက အားလပ်ရပ် ခရီးအိမ်တော်နဲ့ ပိုတူတယ်။ ငါတို့က ဒီမှာ အမြဲတမ်းနေမယ်ဆိုရင်တော့ စံနှုန်းနဲ့ ကိုက်မှာ မဟုတ်ဘူး”

“ငါလဲ အဲ့ဒီလိုပဲ တွေးမိတယ်။ ဒါကြောင့် ဒီနေရာက သာယာမှုနဲ့တော့ ပြည့်စုံနေတဲ့ အတွက် ခြုံငုံကြည့်ရမယ်ဆို အားလက်ရက်ခရီး အပန်းဖြေအိမ်နဲ့ ပိုတူတယ်။ အေးအေးချမ်းချမ်း

နေချင်တဲ့ လူတွေအတွက်တော့ တော်တော်လေး ပြည့်စုံမှာပဲ”

ထိုလူက ပြောလိုက်သည်။

“အပြင်က ပတ်ဝန်းကျင် ရေခဲတောင် ရှုခင်းတွေနဲ့ ဒီအိမ်ရဲ့ ဒီဇိုင်းက ပြီးပြည့်စုံလွန်းတယ် ဒါပေမယ့် နည်းနည်းတော့ ဝေးလွန်းတယ်”

လင်းဟွမ်က သူ့စိတ်ထဲက မကြိုက်သည့် အချက်ကို ထည့်ပြောလိုက်သည်။ အိမ်ကို ကျေနပ်သော်လည်း မြို့နှင့်ဝေးလွန်းသည်။

လင်းဟွမ်သည် ဆူညံသံကို မနှစ်သက်သော်လည်း တစ်ယောက်တည်း အထီးကျန်စွာ နေထိုင်ချင်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ နောက်ဆုံးတွင် လူသားများသည် လူမှုရေး တိရိစ္ဆာန်များသာ ဖြစ်ကြသည်။ အချိန်ကြာမြင့်စွာ လူမှုဆက်ဆံရေးနှင့် ရှောင်ရှားခြင်းသည် ကျန်းမာရေးနှင့် မညီညွတ်ပေ။

လင်းဟွမ်သည် အချိန်အများစုက အိမ်မှာ မရှိပေ။ လင်းရှင်နှင့် လင်းရွှမ်တို့အတွက် စိတ်ပူနေသောကြောင့် စိုးရိမ်နေခြင်းပင်။

ထို့နောက် အလက်ဇန္ဒြားလင်းယုန်ကို ဆင့်ခေါ်ပြီး ဒုတိယအိမ်သို့ ထွက်သွားကြသည်။

ဒုတိယအိမ်ကို လင်းဟွမ်နှင့် လင်း၍ှမ်တို့က ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။

ဝပ်ကျင်း၏ အလယ်တည့်တည့်တွင် တည်ရှိပြီး ဒါသည် မြို့၏အစည်ကားဆုံးနှင့် အချက်အချာ အကျဆုံးနေရာ ဖြစ်သည်။ သို့သော် အိမ်တော် မဟုတ်ဘဲ အဆင့်မြင့်ကွန်ဒို ဖြစ်သည်။ အခန်းက ကြီးမားသည်။ စတုရန်းမီတာ ထောင့်နှစ်ရာခန့်

ကျယ်ဝန်းပြီး နံရံကပ် ပစ္စည်းအသုံးအဆောင်များကို အပြည့်အစုံ တပ်ဆင်ထားသည်။

လင်းဟွမ်နှင့် လင်းရှမ်တို့သည် အိမ်ကို ကျေနပ်ကြသော်လည်း လင်းရှင်ကတော့ မကြိုက်ပေ။ “

ဒါက ကောင်းတော့ ကောင်းပေမယ့်။ တစ်ခုခု ချို့တဲ့နေတဲ့ပုံပဲ။ အိမ်လို့မခံစားရဘူး ဟိုတယ် အခန်းနဲ့တူနေတယ်လို့ ပိုခံစားရတယ်”

လင်းရှင်က မှတ်ချက်ပေးသည်။ လင်းဟွမ်သည် ထိုအချက်ကို စဉ်းစားပြီးနောက် လင်းရှင်နှင့် သဘောတူလိုက်သည်။

"ကဲ အဲ့ဒါဆို နောက်ဆုံး တစ်အိမ်ကို သွားကြည့်ရအောင်"

သူတို့သည် ဒုတိယအိမ်မှ ထွက်လာကာ တတိယနေရာသို့ ဦးတည်သွားသည်။

ဒါသည် နှင်းမြို့၏ အရှေ့ဘက်တည့်တည့်တွင် ရှိသော အိမ်ရာတစ်ခု ဖြစ်သည်။ ထိုနေရာတွင် အိမ်ကြီးပေါင်း ရှစ်ဆယ်ကျော်ခန့် ရှိသော်လည်း

အခန်းအရွယ်အစားမှာ ပထမနေရာတွင် ကြည့်ခဲ့သော အိမ်များထက် များစွာ =သေးငယ်သည်။

အရောင်း အဆောက်အဦးသို့ ရောက်သောအခါ ဆယ်ကျော်သက်အရွယ် အရောင်းမလေးများက နွေးထွေးစွာ ဆက်ဆံကြသည်။ သူမကို ကြည့်ရသည်မှာ မျက်နှာချိုသော မိန်းကလေး တစ်ယောက် ဖြစ်ပုံရသည်။

"ဒီနေရာကို မြို့ရဲ့ ဒုတိယမြောက် အကျော်ကြားဆုံး နေရာလို့ သတ်မှတ်ထားတယ်။ အနီးအနားမှာလဲ အခြားဇိမ်ခံတဲ့ နေရာတွေ

အများကြီးရှိနေပြီး ဒီနေရာက တော်တော်လေး ဘေးကင်းတယ်။ နောက်ပြီးတော့ ငါတို့မှာ အကျိုးဆောင် အမှတ်ဗျူရို၊ ဆေးရုံ၊ ပန်းခြံ စူပါမားကပ်တွေလည်း ပါတယ်။ ပို့ဆောင်ရေး ကုမ္ပဏီတွေနဲ့ လမ်းဘေးဈေးတန်းတွေလဲ ရှိတယ်။ ဒါတွေအားလုံးက နှစ်ကီလိုမီတာ အတွင်းမှာပဲရှိပြီး လမ်းလျှောက်သွားရင်တောင် ရောက်တယ်“

“ဒီမှာ တော်တော်လေး အလုပ်ရှုပ်နေတဲ့ပုံ။ အရောင်းအဝယ် တော်တော်လေး ကောင်းမယ် ထင်တယ်”

လင်းဟွမ်က ပြုံးပြီး မေးလိုက်သည်။

"ဟုတ်တယ် ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ငါတို့တွေ အိမ်အလုံး ရှစ်ဆယ်ကျော် ရောင်းချခဲ့ပြီးပြီ လက်ကျန်တောင် အများကြီး မရှိတော့ဘူး"

အရောင်းသမလေးက ပြုံးပြီး ပြန်ပြောသည်။

"ဒါပေမယ့် အခန်းရဲ့ဈေးနှုန်းတွေက လုံးဝ မသက်သာဘူး။ ဝယ်သူသူ အများစုက မုဆိုးတွေလား"

လင်းဟွမ်က  မေးလိုက်သည်။

“မုဆိုးတွေလဲ ပါတယ် စီးပွားရေးသမားတွေလဲ ပါတယ်။ သူတို့က မုဆိုးတွေနဲ့ အတူတူနေရင် ပိုလုံခြုံလို့ ထင်နေကြတယ်။ ဒါကြောင့် လုပ်ငန်းရှင်တွေက ဒီမှာနေဖို့ ပရီမီယံကြေး ပေးကြတဲ့ အကြောင်းအရင်းပဲ”

ဝန်ထမ်းမလေးက ပြောပြသည်။

“အခု ငါနားလည်ပြီ။ ကဲ ကျေးဇူးပြုပြီး မင်းတို့ရဲ့အကောင်းဆုံးအိမ်ကို ခေါ်သွားပေးပါ”

လင်းဟွမ်သည် နောက်ထပ်အိမ်များကို မရှာချင်တော့ပေ။ ဤနေရာသည် တော်တော်လေး အဆင်ပြေနေသောကြောင့် ဝယ်ယူရန် စီစဉ်ခဲ့သည်။

မကြာခင် သူတို့သည် အိမ်တစ်လုံးကို ရောက်သွားသည်။

ခြံဝန်းပါသော သုံးထပ် အိမ်ကြီးပင်။ ဒုတိယထပ်နှင့် တတိယထပ်တွင် လေသာဆောင်များ ပါရှိသည်။ သူတို့မြင်လိုက်သည်နှင့် ပထမအိမ်ထက် ပိုသေးသည့် အကြောင်းကို ထည့်ပြောစရာပင်

မလိုတော့ချေ။ သို့သော် လင်းရှင်က အလွန်ကြိုက်နေပုံရသည်။

သူတို့ အိမ်ထဲသို့ ဝင်လိုက်သောအခါ ဝူလင်မြို့တွင် နေခဲ့ဖူးသော သူတို့အိမ်၏ ညှော်ခန်းထက် အနည်းဆုံး သုံးဆခန့် ပိုကြီးနေကြောင်း တွေ့လိုက်ရသည်။ ဒီအချက်က လင်းဟွမ်ကို အမြင် ကောင်းသွားစေသည်။

"ကြမ်းခင်းတွေ၊ ဗီရိုတွေ၊ မီးဖိုချောင်သုံးစင်တွေ၊ ထမင်းစားပွဲတွေနဲ့ ကုလားထိုင်တွေကို ပန်ဒိုရာသစ်သားနဲ့ လုပ်ထားတယ်။ ကျန်တဲ့

ပရိဘောဂကတွေကိုတော့ နာမည်ကြီး ဒီဇိုင်နာတစ်ယောက်က ဒီဇိုင်းထုတ် ပေးထားတယ်။ ဒီအိမ်မှာ အထပ်သုံးထပ်ရှိတယ် ပထမဦးဆုံး အထပ်က စတုရန်းမီတာ တစ်ရာ့ ရှစ်ဆယ် ကျယ်ဝန်းတယ်။ အကျယ်ဆုံးအထပ်က နှစ်ရာ့ သုံးဆယ် စတုရန်းမီတာ ကျယ်ဝန်းတယ်။ ဒုတိယအထပ်နဲ့ တတိယအထပ်မှာ လေသာဆောင် နှစ်ဆောင်ပါတယ်။ အားလုံးပေါင်း စတုရန်းမီတာ နှစ်ရာလောက် ရှိမယ်”

မကြာခင် အိမ်တစ်ခုလုံးကို ကြည့်ပြီးသွားသည်။

လင်းဟွမ်သည် အိမ်က သူ ထင်ထားသလောက် မသေးကြောင်း သိလိုက်ရသည်။ သူတို့ ကြည့်ခဲ့သော ပထမအိမ်ကြီးလောက် စွဲမက်စရာ မကောင်းကြောင်းလည်း သိလိုက်ရသည်။ သို့သော် ဒုတိယကွန်ဒိုထက်တော့ ပိုအဆင်ပြေသည်။

"မင်း ဘယ်လိုထင်လဲ"

လင်းဟွမ်က လင်းရှင်နှင့်လင်းရွှမ်တို့ကို ကြည့်ပြီး မေးလိုက်သည်။

"ငါ ကြိုက်တယ်"

လင်းရှင်က အပြုံးကလေးနှင့် ခေါင်းငြိမ့်သည်။ သူတို့ နေခဲ့သောအိမ်နှင့် ဆင်တူသည့်အိမ်သေးသေးလေးကို ပိုကြိုက်သည်။

လင်းရှမ်လည်း ခေါင်းငြိမ့်ပြသည်။

“ဒါဆိုလဲ ဒါပဲပေါ့”

လင်းဟွမ်က စိတ်ပိုင်း ဖြတ်လိုက်သည်။

## အခန်း(၁၉၆) - နှစ်ကူး ပွဲတော်။

ကမ္ဘာပေါ်တွင် ရှိစဉ်က လူတိုင်း၏ ရည်မှန်းချက်သည် အိမ်ကြီးကြီးတွင် နေထိုင်ပြီး ကားအကောင်းစားကြီး မောင်းကာ လှပသော မိန်းကလေး တစ်ယောက်နှင့် လက်ထပ်ရန်ဟု လူတစ်ယောက်က ပြောခဲ့ဖူးသည်။

လင်းဟွမ်သည် အိမ်ကြီးတစ်လုံးမှာ နေထိုင်ရန် အိမ်သော့ကို လက်ထဲတွင်ကိုင်ထားပြီး ဒီအိမ်သည် ငါးရာ့တစ်ဆယ် စတုရန်းမီတာခန့် ရှိကာ

အကျိုးဆောင်အမှတ် သန်းတစ်ရာ့ တစ်ဆယ် ကုန်ကျသည်။ တစ်စတုရန်း မီတာလျှင် အကျိုးဆောင်အမှတ် နှစ်သိန်းနှစ်သောင်း နီးပါးခန့်ရှိသည်။ ဗိမ်ခံအိမ်ကြီးဟု ယူဆနိုင်ပြီး သူဌေးကြီး တစ်ဦးပင်လျှင် နှစ်ခါပြန်စဉ်းစားရမည့် ဈေးနှုန်း ဖြစ်သည်။

သို့သော် ဤဈေးနှုန်းသည် မုဆိုးများအတွက် ဘာမှမဟုတ်ပေ။ အကျိုးဆောင်အမှတ် သန်းတစ်ရာ ဆိုသည်မှာ ပြီးပြည့်စုံသော ကံကြမ္မာသလင်းကျောက်

ဆယ်တုံးသာ ရှိသည်။ ကံကြမ္မာ သလင်းကျောက် အပိုင်းအစနှင့်ဆိုလျှင် တစ်ထောင်နှင့် ညီမျှသည်။

လင်းဟွမ်ကဲ့သို့ မုဆိုးများသည် အမဲလိုက်သည့် အခါတိုင်း ထိုငွေကြေးကို ပြန်ရနိုင်သည်။ အိမ်ကို ဝယ်ယူစဉ်အချိန်က နေထိုင်ခွင့် လက်မှတ်ကို အတည်မပြုမည်ကို စိုးရိမ်နေခဲ့သော်လည်း စိုးရိမ်ခြင်းက စိုးရိမ်ခြင်းသာ ဖြစ်ခဲ့သည်။

လင်းရှင်၏ အထောက်အထား အသစ်ဖြစ်သော လင်းရွှယ်အမည်နှင့် အိမ်နာမည်ကို စာရင်း သွင်းခဲ့သည်။

ငွေပေးချေပြီးသည်နှင့် အိမ်သို့ ချက်ချင်း ပြောင်းရွှေ့ခဲ့ကြသည်။ လင်းဟွမ်သည် ဟိုတယ်မှ အခန်းကို အွန်လိုင်းပေါ်မှာပင် ချက်အောက် လုပ်လိုက်သည်။ ပြန်မသွားတော့ပေ။ ဟိုတယ် အခန်းကို သုံးရက်စာ ကြိုမှာထားခဲ့သော်လည်း တစ်ရက်သာ နေခဲ့သောကြောင့် ပိုသည့်ငွေကို ဟိုတယ်က ပြန်အမ်းပေးခဲ့သည်။

အိမ်၏ပထမထပ်တွင် ညှော်ခန်း၊ မီးဖိုချောင်နှင့် ရေချိုးခန်းနှစ်ခန်း ရှိသည်။ ဒုတိယအထပ်တွင်

အိပ်ခန်း သုံးခန်း၊ ရေချိုးခန်းနှစ်ခန်း ရှိသည်။ အိပ်ခန်းထဲမှ တစ်ခုသည် ပိုကြီးသည်။

ထိုအခန်းသည် လင်းဟွမ်အတွက် ဖြစ်ပြီး ကျန်သည့်နှစ်ခန်းသည် အရွယ်အစား တူကြသည်။ ထို့ကြောင့် လင်းရှင်နှင့် လင်းရွှမ်တို့သည် အခန်း တစ်ခန်းစီ ရကြသည်။ နောက်ဆုံးတွင် လင်းရွှမ်၌ ကိုယ်ပိုင်အခန်း တစ်ခန်း ရှိလာခဲ့သည်။

ဒုတိယအထပ်ရှိ လေသာဆောင်သည် ကျယ်ဝန်းပြီး အိပ်ခန်း သုံးခန်းနှင့် ချိတ်ဆက်ထားသည်။ ဒါသည် လင်းရှင် အကြိုက်ဆုံးအပိုင်း

ဖြစ်သည်။ တတိယထပ်တွင် ကြီးမားသော စာကြည့်ခန်းနှင့် ညှော်ခန်းငယ်နှစ်ခု ရှိသည်။ ဂိုထောင်ခန်းတစ်ခုနှင့် ရေးချိုးခန်း တစ်ခုလည်း ပါသေးသည်။ သို့သော် ကြမ်းခင်းက အလွတ်ကြီး ဖြစ်နေသည်။ လင်းဟွမ်သည် သိုလှောင်ရာ နေရာလွတ်ထဲမှ ပစ္စည်းအားလုံးကို ပြောင်းရွှေ့ ပြီးနောက် အိမ်အသစ်ကြီးသည် တရားဝင် နေထိုင်ရာနေရာတစ်ခု ဖြစ်လာခဲ့သည်။

"နောက်နှစ်ရက် ကြာရင် နှစ်ကူး အကြိုနေ့ဆိုတော့ ဒီနေ့ အိမ်သန့်ရှင်းရေး

လုပ်ကြမယ်။ မနက်ဖြန်မနက်မှ ပစ္စည်းတွေ သွားဝယ်ကြမယ်။ မင်းတို့ စားချင်တာဝယ်ဖို့ စာရင်းပေးထား။ ဒီလိုမှ မဟုတ်ရင် မနက်ဖြန်ကျရင် မေ့သွားနိုင်တယ်”

လင်းဟွမ်က ကလေး နှစ်ယောက်ကို ပြောလိုက်သည်။ နှစ်သစ်ကူး ကြိုဆိုသော ပွဲတော်သည် ဤကမ္ဘာတွင် အကြီးမားဆုံးပွဲတော် ဖြစ်သည်။

ဤကမ္ဘာပေါ်တွင် ပြက္ခဒိန်နှစ်ခုရှိပြီး တစ်ခုမှာ ဂရိဂေါ်ဒီရန် ပြက္ခဒိန်ဖြစ်ပြီး ကျန်တစ်ခုမှာ ရှေးခေတ်ထာဝရ ပြက္ခဒိန် ဖြစ်သည်။

ဂရိဂေါ်ဒီရန် ပြက္ခဒိန်သည် ရှေးခေတ်က ဆင်းသက်လာသော ထာဝရ ပြက္ခဒိန်ကို အမွေဆက်ခံခဲ့သော်လည်း ခေတ်သစ် ရောက်ပြီးနောက် ပြုပြင် မွမ်းမံထားသော ပြက္ခဒိန်ဖြစ်သည်။

ခေတ်သစ်မှစ၍ ဤကမ္ဘာကြီးသည် အရာများစွာ ပြောင်းလဲခဲ့သည်။ ကျင့်ကြံမှုစနစ်သည် ယခင်ကနှင့် မတူတော့ပေ။ သို့သော်လည်း နှစ်သစ်ကူး

ပွဲတော်ကဲ့သို့ ပွဲတော်များကတော့ ကျန်ရှိနေခဲ့သေးသည်။

ပွဲတော်သည် ကမ္ဘာပေါ်တွင် ရှိစဉ်က ကျင်းပခဲ့သော ပွဲတော်နှင့်ဆင်တူသည်။ မိသားစုအများစုသည် နှစ်ကူးညစာအဖြစ် သစ်သီးခြောက်များ၊ သကြားလုံးများ၊ အသားများ၊ ငါးများနှင့် အစားအစာများကို ပြင်ဆင်ကြသည်။

ပွဲတော်အတွင်းတွင် ကလေးများက အသီးအရွက်မစားလျှင်ပင် မိဘများက အပြစ်ပေးကြမည်မဟုတ်ပေ။

ထို့အပြင် မီးအိမ်နှင့် ချည်ထိုးပန်းထိုး ပစ္စည်းများ အပါအဝင် အနီရောင် ပစ္စည်းများကိုလည်း လမ်းပေါ်တွင် ရောင်းချနေကြသည်။ အနီရောင်သည် နှစ်သစ်ကို ကိုယ်စားပြုပြီး ဘဝတွင် အောင်မြင်မှုရရှိရန် မျှော်လင့်ခြင်း ဖြစ်သည်။

နှစ်သစ်ကူး အကြိုကာလတွင် လူကြီးများက ကလေးများကို လက်ဆောင် ပစ္စည်းများ ဝယ်ပေးကြပြီး လူကြီးများက သူတို့ထက် အသက်ကြီးသော သက်ကြီးဝါကြီးများကိုလည်း လက်ဆောင် ဝယ်ပေးကြသည်။ ဒါသည်

ဖော်လံဖားခြင်း မဟုတ်ဘဲ အရိုအသေပေးသော လေးစားခြင်း အပြုအမူ တစ်ခုဖြစ်သည်။

ဤပွဲတော်သည် ကလေးများအတွက် အပျော်ဆုံး ကာလပင်။

သို့သော်လည်း လူကြီးများ၊ အရွယ်ရောက်ပြီးသော လူများအတွက်မူ ငွေဖြုန်းရသောကာလ ဖြစ်သည်။ ဒါသည် လင်းဟွမ် ဤကမ္ဘာသို့ ရောက်ရှိပြီးနောက် ပထမဆုံးကျင်းပသော နှစ်သစ်ကူးနေ့ ဖြစ်သည်။

ပွဲတော်ကို သဘောကျ နှစ်ချိုက်သော အမှတ်တရများစွာ ရှိခဲ့သော်လည်း ဤကမ္ဘာမှာတော့

မတူပေ။ ညဘက်တွင် စာရင်းကောက်ယူခဲ့ပြီး လင်းရှင်နှင့် လင်းရှမ်တို့ စားချင်သောစာရင်းကို လက်ခံရရှိပြီးနောက် အိပ်ရာဝင်ခဲ့ကြသည်။

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် ကလေးနှစ်ယောက်ကို ခေါ်ပြီး ဈေးဝယ်ထွက်ခဲ့သည်။ ဈေးဆိုင်များ၏ တံခါးပေါက်ဝ အပေါ်တွင် အနီရောင်မီးအိမ်များ ချိတ်ဆွဲထားသည်။ ပွဲတော်ကာလ အငွေ့အသက်များနှင့် ပြည့်နှက်နေသည်။ လက်ရေးလှ ပုံစံများသည် ကမ္ဘာပေါ်တွင် ရှိသော ပုံစံများနှင့် ဆင်တူသည်။ သို့သော် ဤကမ္ဘာတွင်

လက်ရေးလှသည် အစိပ်ပွါယ်မရှိသော အလှဆင်မှု တစ်ခုအဖြစ်သာ လုပ်ဆောင်ကြသည်။

ဒါသည် လင်းရှင်နှင့် လင်း၍မ်တို့အတွက် ပထမဆုံးအကြိမ်း နှစ်ကူး စျေးဝယ်ထွက်ခြင်း ဖြစ်သောကြောင့် စိတ်လှုပ်ရှား နေကြသည်။ လင်းဟွမ်သည် ဤကမ္ဘာပေါ်တွင် ပထမဦးဆုံး အကြိမ် နှစ်ကူး စျေးဝယ်ထွက်ခြင်း ဖြစ်သော်လည်း ကမ္ဘာပေါ်တွင် ရှိစဉ်က အကြိမ်ကြိမ် ပြုလုပ်ထား ခဲ့ဖူးသောကြောင့် တည်ငြိမ်နေသည်။

“အစ်ကိုရေ၊ ဒီမီးအိမ်က အရမ်းလှတာပဲ”

“ဝယ်လိုက်”

“အစ်ကို ဒီလက်ရေးလှလေးက အရမ်းလှတယ်”

“ဝယ်လိုက်”

“အစ်ကို ဒီအရုပ်က အရမ်းလှတယ်”

“ဝယ်လိုက်”

လင်းရှင်သည် သူမဝယ်ချင်သော ပစ္စည်းများကို လက်ညှိုးထိုးပြီး အရမ်းလှတာပဲဟု ပြောကာ အရိပ်အမြွက် ပြနေသည်။ လင်းဟွမ်ကလည်း လင်းရှင်လက်ညှိုး ထိုးသမျှကို ဝယ်ပေးခဲ့သည်။

လင်းဟွမ်သည် တစ်မနက်လုံး ဈေးဝယ် ထွက်ပြီးနောက် သူတို့နှစ်ယောက် အတွက် လက်ဆောင်များသာ ဝယ်ယူနိုင်ခဲ့သည်။

စာရင်းကို မဖြုတ် နိုင်ခဲ့ပေ။ ကောင်းသောအချက်မှာ သိုလှောင် လက်စွပ်သည် ပစ္စည်း အများကြီး သိမ်းဆည်းနိုင်သောကြောင့် ဈေးဝယ်ရခြင်းကို ပိုလွယ်ကူ စေခဲ့သည်။

နေ့လည်စာ စားပြီးနောက် ကလေးနှစ်ယောက်သည် စိတ်လှုပ်ရှားကာ ဈေးဝယ်

ထွက်ချင် နေကြသည်။ လင်းဟွမ်သည် ခေါင်းခါလိုက်ပြီး

"အခြားပစ္စည်းတွေ မဝယ်ခင် စာရင်းထဲက ပစ္စည်းတွေကို အရင်ဆုံး ဝယ်သင့်တယ်။ သဘက်ခါမှာ နှစ်သစ်ကူး နေ့ရှိတယ်။ မနက်ဖြန်မှာလည်း လုပ်စရာတွေ ကျန်သေးတယ်"

သူတို့ နှစ်ယောက်သည် ခေါင်းငြိမ့်လိုက်ကြသည်။ ဈေးနှင့်အိမ်သည် တစ်ကီလို မီတာသာ ဝေးသောကြောင့် အမြဲတမ်း လာနိုင်ကြောင်း သူတို့သိကြသည်။

နေ့လည်ခင်းဘက်တွင် လင်းဟွမ်တို့သည် စာရင်းထဲပါရှိသော ပစ္စည်းအားလုံးကို ဝယ်ယူခဲ့ရာ နာရီ အနည်းငယ်သာ ကြာမြင့်ခဲ့သည်။

ညစာ စားပြီးနောက် လင်းဟွမ်သည် ကလေး နှစ်ယောက်နှင့်အတူ ဈေးဝယ်ထွက်ခဲ့သည်။ ည ဆယ်နာရီတွင် အိမ်သို့ ပြန်လာခဲ့ကြသည်။

လင်းဟွမ်သည် တစ်နေ့လုံး ဈေးဝယ် ထွက်ရသည်မှာ ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းထဲရှိ လေ့ကျင့်ရေး စခန်းအတွင်းရှိ မျှော်စင်တွင် မွန်းစတားများနှင့်

တိုက်ခိုက်ရသည့်ထက် ပိုပင်းပန်သည်ဟု ခံစားလိုက်ရသည်။ ပင်ပန်းလာသောကြောင့် ရေချိုးပြီးသည်နှင့် အိပ်ရာဝင်လိုက်သည်။

နောက်တစ်နေ့ မနက်စောစောတွင် လင်းဟွမ်က ကလေး နှစ်ယောက်လုံးကို နိုးလိုက်သည်။ ဤနေ့သည် နှစ်သစ်ကူးအကြို တစ်ရက်အလို ဖြစ်သည်။

မနက်စာ စားပြီးနောက် လင်းဟွမ်သည် မနေ့က သူတို့ဝယ်ခဲ့သော အလှဆင်ပစ္စည်း အားလုံးကို ထုတ်ယူပြီး အခန်းများကို စတင် အလှဆင်

လိုက်သည်။ နေ့လည်ခင်းတွင် အားလုံး ပြီးစီး သွားခဲ့သည်။ လင်းဟွမ်သည် ညှော်ခန်းထဲရှိ ကော်ဖီစားပွဲပေါ်တွင် အစာပြေမုန့်နှင့် သစ်သီး အချို့ကို ချထားလိုက်သည်။

နေ့ခင်းဘက်တွင် ဈေးဝယ် ထွက်ကြပြန်သည်။

လင်းဟွမ်သည် အစက မသွားချင်သော်လည်း သူတို့ချည်းပဲ မလွှတ်ချင်သောကြောင့် လိုက်ပါ သွားခဲ့သည်။ ဤသို့ဖြင့် တစ်နေ့သာ ကုန်ဆုံး သွားခဲ့ပြီး နှစ်သစ်ကူး အကြိုနေ့ကို ရောက်ရှိ လာခဲ့သည်။

မနက်ခင်းတွင် လင်းဟွမ်သည် အထူး မှတ်ချက်ပေးထားသော အနီးအနားရှိ ဟိုတယ်တွင် ညစာကို ကြိုတင်မှာယူလိုက်သည်။

ထို့နောက် လင်းရှင်နှင့် လင်း္ရှမ်တို့အတွက် လက်ဆောင်များကို သူတို့အခန်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ချပေးထားလိုက်သည်။

ကလေး နှစ်ယောက်သည် အိပ်ရာနိုးလာသောအခါ မျက်နှာ မသစ်၊ သွားမတိုက်ဘဲ သူတို့၏ လက်ဆောင်များကို စတင်ဖွင့်ကြတော့သည်။ ဒါတွေအားလုံးသည် ဈေးထဲတွင်

သူတို့ လိုချင်ခဲ့သော ပစ္စည်းများ၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ခြောက်ဆယ် ရာခိုင်နှုန်းခန့် ရှိနေသည်။

ထိုအချိန်တွင် လင်းဟွမ်သည် ဆိုဖာပေါ်တွင် ထိုင်ပြီး လက်ဆောင်ပစ္စည်းများ ဖွင့်နေကြသော သူတို့နှစ်ယောက်ကို ထိုင်ကြည့်နေသည်။

ကမ္ဘာပေါ်တွင်ရှိစဉ်က သူ့ထံတွင် မောင်၊ နှမ မရှိခဲ့ပေ။ ဒါသည် (၅၂၈) ဖြူစင်သော မေတ္တာတရား၏ ပျော်ရွှင်မှုပင်။ သူ၏ ရင့်ကျက်မှုအရဆိုလျှင် သူတို့နှစ်ယောက်သည် သူ၏

ကိုယ်ပိုင်ကလေးများပင် ဖြစ်နိုင်သေးသည်။ လိုအပ်သည့် အခါတိုင်း တင်းကြပ်ထားနိုင်ပြီး အလုခံရမည်ကို စိုးရိမ်စရာ မလိုပေ။

လက်ဆောင်များ ဖွင့်နေစဉ် နှင်းများ ကျဆင်းလာသည်။

လင်းဟွမ်သည် မတ်တပ်ထရပ်ကာ မီးဖိုထဲက ကျောက်မီးသွေးတုံးများကို မီးငြိလိုက်သည်။ ဒါသည် လွန်ခဲ့သော နှစ်ရက်က ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ကမ္ဘာပေါ်ရှိ ကျောက်မီးသွေးတုံးများနှင့် ဆင်တူသည်။ သတ္တုခေတ် စစ်စစ် ဖြစ်သောကြောင့် အပူခေတ်ကို

ထုတ်လွှတ်ပြီး ဖြည်းညှင်းစွာ လောင်ကျွမ်းနေသော အနီရောင် မီးတောက်ကို ထုတ်လွှင့်ပေးသည်။

မီးဖိုကြီးထဲတွင် မီးတောက် သွားသည်ကို မြင်သောအခါ ကလေးများသည် လက်ဆောင်ထုတ်များကို မီးဖိုဘေးနားသို့ ရွှေ့၍ ဆက်လက် ဖွင့်နေကြသည်။

ပြီးသွားသောအခါ မနက်စာ စားရန် လက်ဆေးခိုင်းလိုက်သည်။

သူတို့သည် သွားတိုက်နေရင်း နှင်းများ ပိုကျလာသည်ကို သတိထားလိုက်မိကြသည်။

ကလေး နှစ်ယောက်လုံးသည် မနက်စာ စားပြီးသည်နှင့် ခြံဝင်းထဲတွင် နှင်းများနှင့် ကစား ချင်နေကြသည်။

လင်းဟွမ်က လက်ဖက်ရည် တစ်ခွက်ကိုကိုင်ကာ တံခါးကိုမှီပြီး ကြည့်နေခဲ့သည်။

လင်းရှင်က နှင်းဘောလုံးလေးများနှင့် သူ့ထံ လှမ်းပစ်သည်။ လင်းဟွမ်က ပြုံးပြီး ရှောင်လိုက်သည်။ လင်းရှွမ်ကလည်း လင်းရှင်ကဲ့သို့ လိုက်လုပ်သည်။

လင်းရှင်နှင့် လင်းရှွမ်တို့က နှင်းလုံးများဖြင့် ပစ်ပေါက်နေကြပြီး လင်းဟွမ်က ထိုနှင်းလုံး

အားလုံးကို ရှောင်နေခဲ့သည်။ ဤသို့ဖြင့် နှင်းဘောလုံးတိုက်ပွဲကြီး စတင်လာခဲ့သည်။

မကြာခင် လင်းရွှမ်ပစ်နေသော နှင်းလုံးများကပို၍ မြန်ဆန်လာသည်ကို လင်းဟွမ် သတိထားလိုက်မိသည်။ သေနတ် မစ္စတာဂိမ်းထဲမှ သူရရှိခဲ့သော စွမ်းရည်များကို အသုံးပြုနေပုံရသည်။ နာရီဝက်ခန့် ကြာသောအခါ လင်းရွှမ်၏ နှင်းဘောလုံးများက လင်းဟွမ်ကို ထိမှန်လာသည်။

"ကောင်းပြီ ငါ အရှုံးပေးတယ်။ မင်းတို့တွေ အခုဝင်သင့်ပြီ"

လင်းဟွမ်က လက်နှစ်ဖက်မြှောက်ပြပြီး သူတို့နှစ်ယောက်လုံးကို အိမ်ထဲ ပြန်ခေါ်လိုက်သည်။

ကလေး နှစ်ယောက်သည် မီးဖိုရှေ့က ကြမ်းပြင်ပေါ်တွင် ထိုင်ပြီး အစာပြေမုန့် စားနေကြသည်။ လင်းရှမ်က အခွံမာသီး သို့မဟုတ် အသီးအနှံများကို မစားချင်သလို သကြားလုံးများလည်း မစားချင်ပေ။ ထို့ကြောင့် လင်းရှမ်အတွက် အသားခြောက်များ ပြင်ဆင်ပေးထားသည်။

ညဘက်တွင် ညစာစားပွဲ ပြင်ထားသည်။ သူတို့ သုံးယောက်သည် နှစ်ကူးကို ကြိုဆိုရန် ထမင်းစားပွဲတွင် အတူတူ ထိုင်လိုက်ကြသည်။ နှင်းတွေကျနေသောကြောင့် အိမ်ထဲရှိ မီးဖိုက တောက်လောင်နေသည်။ တောက်ပနေသော ကျောက်သားများသည် မျက်နှာကျက်ပေါ်တွင် ကြယ်ရောင်ကဲ့သို့ ရောင်ပြန်ဟပ်နေသည်။

"ဒီ နှစ်ကူးကြိုဆိုခြင်းက မဆိုးဘူး"

လင်းဟွမ်သည် ညစာစားနေသော သူ၏ညီနှင့် ညီမ နှစ်ယောက်လုံးကို ကြည့်ပြီး ပြုံးလိုက်သည်။

## အခန်း(၁၉၇) – ယုမိုလီ။

လင်းပွှမ်သည် အသေးအမွှား ကိစ္စလေးများကို ကိုင်တွယ်ပြီးနောက် မစ္စတာဖူး ချမှတ်ပေးထားသော တာဝန်ကို အာရုံစိုက်နိုင်ခဲ့သည်။ တာဝန်ကို နှစ်လအတွင်း ပြီးမြောက်ရန် ရည်မှန်းထားခဲ့သော်လည်း တစ်လ ကုန်သွားခဲ့ပြီ။ ထို့ကြောင့် အချိန် သိပ်မကျန်တော့ပေ။

ဆက်တိုက် အနိုင်ရရှိခြင်းကို ဆက်လက် ထိန်းသိမ်း ထားနိုင်ပါက အရာအားလုံးသည်

စီစဉ်ထားသည့်အတိုင်း ဖြစ်သွားလိမ့်မည်။ သို့သော် တိုက်ပွဲတစ်ခု ရှုံးလျှင် သို့မဟုတ် သရေကျခဲ့လျှင် အစက ပြန်စရလိမ့်မည်။

လူနှစ်ယောက်၏ တိုက်ပွဲ ဗီဒီယိုများသာ ကျန်တော့သည်။ တစ်ယောက်က နံပါတ်တစ် ယုမိုလီဖြစ်ပြီး နောက်တစ်ယောက်က နံပါတ်နှစ် အန်ပိုလာ ဖြစ်သည်။

လင်းဟွမ်သည် ဗီဒီယိုကို ဖွင့်ကြည့်လိုက်ရာ အန်ပိုလာ ဆိုသည်မှာ အမျိုးသမီးတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသည်။ သူမသည် အမျိုးသမီး

ဖြစ်ရုံသာမက ကျက်သရေရှိသော အမျိုးသမီးတစ်ယောက်ပင်။

သူမသည် ၁၆ နှစ် သို့မဟုတ် ၁၇ နှစ်သာ ရှိပုံရသော်လည်း အနည်းဆုံး (၁.၇) မီတာခန့် အရပ်မြင့်သည်။ သူမ၏လက်နက်သည် ထူးခြားသော အနက်ရောင် ထီးတစ်လက် ဖြစ်သည်။

လင်းဟွမ်သည် သူမ၏ တိုက်ပွဲအချို့ကို ကြည့်ပြီးနောက် သူမ၏လက်နက်သည် သေနတ်၊ ဓား၊ လှံ စသည်တို့ အပါအဝင် မတူညီသော ပစ္စည်းများကို ပြောင်းလဲနိုင်သည့် အထူး

လက်နက်ဖြစ်ကြောင်း သတိထား လိုက်မိသည်။ လင်းဟွမ် မြင်ဖူးသမျှထဲတွင် ပုံစံအမျိုးမျိုး ပြောင်းလဲနိုင်သော စွယ်စုံသုံးလက်နက် ဖြစ်သည်။

ထိုအမျိုးသမီးသည် လက်နက် ပုံစံ (၅)မျိုး စလုံးကို ကျွမ်းကျင် ပိုင်နိုင်သောကြောင့် ထူးချွန်သူ ဖြစ်သည်။ ပုံစံတစ်ခုမှ အခြားပုံစံ တစ်ခုသို့ ပြောင်းလဲရာတွင် အားနည်းချက် ကင်းသည်။

"ဒီမိန်းမက တကယ့်ကို တစ်ခုခုပဲ"

လင်းဟွမ်သည် သူမ၏ ဗီဒီယိုအားလုံးကို ရက် အနည်းငယ်ကြာအောင် ကြည့်ရှုခဲ့သည်။ သို့သော်

ခြွင်းချက်တစ်ခု သို့မဟုတ် အားနည်းချက် တစ်ခုမှ မတွေ့ခဲ့ရပေ။ ခြွင်းချက် ကင်းနေသောကြောင့် မဟုတ်ပေ။ သူမ၏ ထီးပုံစံ အမျိုးမျိုးက အားနည်းချက်ကို ဖုံးကွယ် ပေးထားသောကြောင့် ဖြစ်သည်။

သူမက ပြိုင်ဘက်များကို သူမ၏ ဟာကွက်များနှင့် လှည့်စားပြီး ထောင်ချောက်ဆင်ရန် ဖြားယောင်းလေ့ ရှိသည်။ သို့သော်လည်း လင်းဟွမ်၏ အမြင် စွမ်းရည်ကြောင့် ဒါသည် သူမ၏ အမှန်တကယ်

ချို့ယွင်းချက် ဒါမှမဟုတ် ထောင်ချောက်များ ဖြစ်ကြောင်း ပြောနိုင်သည်။

"သူမက နံပါတ်နှစ်ပဲ ရှိသေးတယ်။ နံပါတ်တစ်ဆို ဘယ်လို ဖြစ်နေမလဲ"

လင်းဟွမ်သည် ဗီဒီယိုများအရ ဤကဲ့သို့ မိန်းမများကို ပြိုင်ဘက်များက အနိုင်ယူနိုင်မည် မဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။

သို့သော် နံပါတ်တစ်မှ ယူမိုလီသည် အမှတ် (၁၆၀,၀၀၀) ကျော်ရှိနေပြီး နံပါတ်နှစ်ထက် အမှတ်

(၅) ဆ ပိုများနေသည်။ ထိုအချက်ကြောင့် လင်းဟွမ်၏ သိချင်စိတ်သည် ပို၍ နှိုးဆွသွားသည်။

"ဘာဖြစ်လို့ နာမည်ပြောင်က နာမည်အစစ်နဲ့ တူနေရတာလဲ"

လင်းဟွမ်သည် တိုက်ပွဲ ကွင်းပြင်ကို အသက်သွင်းပြီး ထိုလူကို လိုက်ရှာကြည့်သည်။ ဂိမ်းထဲမှာပင် နာမည် အစစ်အမှန် သုံးနေခြင်း ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ယုမိုလီသည် တော်ဝင်မျိုးနွယ် ယုမိသားစုမှ ဖြစ်သည်။ သူမသည် သူမမိသားစု၏ မျိုးဆက်သစ်

လူငယ်များထဲတွင် အထူးချွန်ဆုံး ပါရမီရှင် တစ်ယောက် ဖြစ်သည်။ အရည်အချင်းများစွာ ပိုင်ဆိုင်ထားသည်။

သူမသည် ငွေအဆင့် (၃) သာ ရှိသေးသော်လည်း သူမ၏ တိုက်ခိုက်ရေ အစွမ်းသည် ရွှေအဆင့် (၃) ထက်ပင် ပို၍ အစွမ်းထက်သည်။ သူမသည် ဂိမ်းထဲတွင် နာမည်ပြောင်း သုံးရန်ပင် စိတ် မဝင်စားခဲ့ပေ။

“ကြည့်ရတာတော့ ခပ်ညစ်ညစ် လူတစ်ယောက်ပဲ။ လူတိုင်းက သူ့ကို ပါရမီရှင်လို့ ခေါ်နေကြတယ်။ အမှန်တကယ် အစွမ်းထက်မယ့်ပုံပဲ”

လင်းဟွမ်သည် အကဲဖြတ်ပြီးနောက် ယုမိုလီ၏ ပထမဆုံး ဗီဒီယိုဖိုင်ကို ကြည့်လိုက်သည်။

ယုမိုလီ ပထမဦးဆုံး စတင်တိုက်ခိုက်လိုက်သော အချိန်မှာပင် လင်းဟွမ် အံ့အားသင့်သွားသည်။

သူ့လက်ထဲမှ ခရမ်းရောင် မီးလျှံတစ်ခု ထွက်လာပြီး ကြည့်ရသည်မှာ တကယ့် မီးလျှံတစ်ခု ကဲ့သို့ပင်။ ကံကြမ္မာစွမ်းအားဖြင့် စစ်မှန်သော

မီးလျှံတစ်ခုကို ဖန်တီးနိုင်ရန် အနည်းဆုံးတော့ သန့်ရှင်းမီးလျှံ အဆင့်ကို ရောက်ရှိနေရမည်။ လူတစ်ယောက်သည် မည်မျှ အစွမ်းထက်နေပါစေ သန့်ရှင်းမီးလျှံ အဆင့်သို့ ရောက်မှသာ ထိုကဲ့သို့ ပြုမူနိုင်လိမ့်မည်။

"သူမ ဘယ်လို လုပ်ခဲ့တာလဲ"

လင်းဟွမ်သည် သိချင်စိတ်ဖြင့် စိုက်ကြည့်နေသည်။ သူမ၏ပြိုင်ဘက်ကို မီးလျှံဖြင့် ချက်ချင်း သတ်ပစ်လိုက်သည်။

လင်းဟွမ်သည် သူမြင်နေရသော မြင်ကွင်းကြောင့် အံ့သြသင့်သွားသည်။

“ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ ကံကြမ္မာ စွမ်းအားမှာ ဒြပ်စင်ဂုဏ်သတ္တိတွေ ပါဝင်ပေမယ့် သန့်ရှင်းမီးလျှံ အဆင့်ကို မရောက်သေးရင် ကံကြမ္မာ စွမ်းအားရဲ့ သဘောသဘာဝ နိယာမတွေကို ကန့်သတ်ထားလို့ ဒြပ်စင် ဂုဏ်သတ္တိတွေကို အပြည့်အဝ ဖော်ထုတ်ဖို့ မဖြစ်နိုင်ဘူး။ ကံကြမ္မာ စွမ်းအားအရ မီးဒြပ်စင် ဖြစ်နိုင်တယ်။ အပူပေးရုံပဲ

ဖြစ်နိုင်မယ်။ လူတစ်ယောက်ကို ဒီလိုသတ်ဖို့တော့ မဖြစ်နိုင်ဘူး”

လင်းဟွမ်သည် ဇဝေဇဝါ ဖြစ်နေပြီး ယုမိုလီ၏ အကြောင်းကို ပိုပြီး သိရှိနိုင်စေရန် မုဆိုးသတင်း ကွန်ရက်ထဲသို့ ဝင်ရောက်ခဲ့သည်။ ဒါသည် မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲတွင် သူမြင်ခဲ့ရသော အရာများထက် ပို၍ အသေးစိတ် ပြသထားသည်။

အရာအားလုံးကို ဖတ်ကြည့်ပြီးနောက် လင်းဟွမ်သည် ယုမိုလီက မည်က့်ဲသို့ ပြုလုပ်နေကြောင်း နားလည်သွားသည်။

သူသည် မွန်းစတား တစ်ကောင်ကို သတ်လိုက်သော အချိန်တွင် ထိုမွန်းစတားထံမှ ခရမ်းရောင်မီးလျှံကို ထုတ်ပေးနိုင်သော ကံကြမ္မာ မျိုးစေ့ကို ရရှိခဲ့သည်။

ပုံမှန် အခြေအနေအရ ကံကြမ္မာမျိုးစေ့သည် ကံကြမ္မာ အလင်းနဲ့အတူ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားတတ်ပြီး ဤကဲ့သို့ ဖြစ်စဉ်မျိုးက ဖြစ်နိုင်ချေ နည်းပါးသည်။

မွန်းစတား တစ်ကောင်ကို သတ်လိုက်သောအခါ မွန်းစတား ကိုယ်ထဲရှိ ကံကြမ္မာမျိုးစေ့သည်

လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲကို ဝင်ရောက်ရမည့် အစား ကံကြမ္မာအလင်းနဲ့အတူ ပျောက်ကွယ် သွားတတ်သည်။

သို့သော် တမူထူးခြားသော အချို့ ခန္ဓာကိုယ် အမျိုးအစား များထဲတွင် မွန်းစတားများ၏ ကံကြမ္မာမျိုးစေ့ကို စုပ်ယူနိုင်သော ထူးခြားသည့် ခန္ဓာကိုယ်များ ရှိကြသည်။

မွန်းစတားကို သတ်ပြီးပါက မွန်းစတား၏ ကံကြမ္မာမျိုးစေ့ကို လူခန္ဓာကိုယ်ထဲ စုပ်ယူ သွားသည်။ သို့သော် ကံကြမ္မာမျိုးစေ့သည်

လူတစ်ယောက်၏ ပင်ကိုယ်စွမ်းရည် အဖြစ် ပြောင်းလဲလိမ့်မည် မဟုတ်ပေ။ ထိုအစား မွန်းစတား၏ စွမ်းရည်တစ်ခုကို ကျပန်း ရရှိခြင်း ဖြစ်သည်။

ဒါသည် လင်းဟွမ်၏ စွမ်းရည်ကတတ် ထုတ်ယူခြင်းနှင့် ဆင်တူသော်လည်း လူများ၏ (၁) ရာခိုင်နှုန်းသာ ဤစွမ်းရည်ကို ပိုင်ဆိုင်သောကြောင့် ရှားပါးသည်။ ယုမိုလီသည် ကံကြမ္မာမျိုးစေ့ထဲမှ မွန်းစတားစွမ်းရည်ကို ရရှိခဲ့သော၊ ကံကောင်းသည့် လူအနည်းငယ်ထဲမှ တစ်ယောက်ဖြစ်သည်။

လင်းဟွမ်သည် အခြားသူများလည်း မွန်းစတား စွမ်းရည်ကို ရရှိနိုင်ကြောင်း မသိခဲ့ပေ။ ထို့ကြောင့် သူ၏စွမ်းရည် အကြောင်းကို အခြားသူများအား အသိပေးခြင်းကို အမြဲတမ်း ရှောင်ကျဉ်ခဲ့ပြီး မသိစေချင်သောကြောင့် သွေးဝိညာဉ်ကိုပင် အသုံးမပြုရဲခဲ့ပေ။ သူ့ကို မွန်းစတားတစ်ကောင်ဟု ထင်သွားမည်ကို စိုးရိမ်နေသည်။

လင်းဟွမ်သည် ယုမိုလီ အကြောင်းကို ဖတ်ပြီးနောက် သူ၏စွမ်းရည်များကို ထပ်၍ ဖုံးကွယ်ထားစရာ မလိုတော့ကြောင်း သိလိုက်ရသည်။

သူ့ကို အခြားလူများက ဖိုးကံကောင်း တစ်ယောက်ဟု တံဆိပ်တပ်ကြလိမ့်မည်။

"ဘာပဲဖြစ်ဖြစ် တခြားသူတွေက အဲ့ဒီလို လုပ်နိုင်ရင် ငါလည်း သွေးဝိညာဉ်ကို အသုံး ပြုနိုင်တယ်"

လင်းဟွမ်သည် ပိုင်ထံမှ အစွမ်းထက်သော စွမ်းရည်ဖြစ်သည့် သွေးဝိညာဉ် တောင်ပံများကို အမွေဆက်ခံခဲ့သည်။ အတောင်ပံ၏ အကူအညီနှင့် ဆိုပါက ရွှေအဆင့် (၃) က လူတစ်ယောက်ကိုပင် စိန်ခေါ်ရဲသည်။

နောက်ပိုင်းရက်များတွင်လည်း လင်းဟွမ်သည် ယုမိုလီ၏ တိုက်ပွဲဗီဒီယိုများကို ကြည့်ရှုနေခဲ့သည်။ သုံးသပ်ပြီးနောက် ယုမိုလီ၏ တိုက်ပွဲနည်းဗျူဟာများသည် ထိပ်ဆုံး ၁၀ ယောက်ထဲတွင် အသုံးဝင်မှု အနည်းဆုံး ဖြစ်နေကြောင်း သိလိုက်ရသည်။

သူမသည် ပြိုင်ဘက်များကို သတ်ဖြတ်ရန် မီးလျှံများကိုသာ အားကိုးခဲ့ပြီး အခြားစွမ်းရည်များကို လုံးဝ မပြသခဲ့ပေ။

လင်းဟွမ်၏ သွေးဝိညာဉ်တောင်ပံများနှင့် ဆိုပါက ကံကြမ္မာစွမ်းအင် ပမာဏ အနည်းငယ်လေးဖြင့် ခုခံနိုင်သည်။ ဒါသည် မွန်းစတားစွမ်းရည်၏ အကျိုး ကျေးဇူးပင်။ ထိုစွမ်းရည်များသည် ကံကြမ္မာ စွမ်းအားကို အနည်းငယ် အသုံးပြုရုံမျှသာ ဖြစ်သည်။

ထို့ကြောင့် ယုမိုလီသည် သူနှင့်မသက်ဆိုင်သော မီးလျှံများကို အသုံးပြုနိုင်ခြင်း ဖြစ်သည်။ သူမသည် ထိုစွမ်းရည်ကို ကျွမ်းကျင်ပြီး မြင့်မားသောအပူချိန်

ထုတ်လွှတ်နိုင်ကာ ပြိုင်ဘက်က မည်သူမည်ဝါ ဖြစ်ပါစေ သတ်ဖြတ်ပစ်နိုင်သည်။

"အမှတ်တွေအများကြီး စုဆောင်းနိုင်တာ ဆန်းတော့ မဆန်းတော့ဘူး။ ဒီလို စွမ်းရည်နဲ့ဆိုရင် သူမကို အနိုင်ယူဖို့ သာမန်လူတွေက တွေးတောင် မတွေးနိုင်ဘူး"

နောက်ဆုံးတွင် လင်းဟွမ်သည် ယုမိုလီက အမှတ်များကို မည်ကဲ့သို့ စုဆောင်းခဲ့ကြောင်း သဘောပေါက် သွားသည်။ သူသည် မည်သည့် အခါကမှ မရှုံးခဲ့ဖူးပေ။

နောက်ထပ် နှစ်ရက်အတွင်းတွင် လင်းဟွမ်သည် အချက်အလက် အားလုံးကို အနှစ်ချုပ်လိုက်သည်။ ထို့နောက် မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲကို နောက်တစ်ကြိမ် ဝင်ရောက်သွားသည်။

## အခန်း(၁၉၈) – ဒုတိယမြောက် တားဆီးသူ။

လင်းဟွမ်သည် ပွဲ (၅၀) ဆက်တိုက် အနိုင်ယူပြီးသည့် အချိန်မှစ၍ မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲသို့ မဝင်ရောက် ခဲ့သည်မှာ တစ်လနီးပါးခန့် ကြာမြင့်သွားသည်။ သူ ပြန်ဝင်လာသည့် အကြောင်းကို လူ တော်တော်များများ သတိထားမိသွားကြသည်။

သူလှုပ်ရှားနေမှုကို ကြည့်ရှုရန် လိုင်းပေါ်တွင် Follow လုပ်သော ခလုတ်တစ်ခု ရှိသည်။

ထိုခလုတ်ကို နှိပ်ထားပါက ကိုယ်သဘောကျသော လူသည် မုဆိုးတိုက်ပွဲကွင်းပြင်ထဲသို့ ဝင်လာသည်နှင့် အကြောင်းကြားချက် ရရှိပြီး တိုက်ပွဲကို ချက်ချင်း ကြည့်ရှုရန် ရွေးချယ်နိုင်သည်။

လင်းဟွမ်သည် ဆက်တိုက် အနိုင်ရပြီး ကတည်းက သူ့ထံတွင် Follower ငါးရာအောက်မှ လူသုံးသိန်းကျော်အထိ တိုးလာခဲ့သည်။ အများစုသည် ခြောက်ထပ်ရှိ ငွေအဆင့် (၃) လူများ ဖြစ်ကြသည်။ ယခုအချိန်၌ တိုက်ပွဲဝင်နေသူများ အပြင် လိုင်းပေါ်တွင် ရှိနေသော Follower

တစ်သိန်းကျော်သည်လည်း အလားတူ အကြောင်းကြားချက်ကို လက်ခံ ရရှိခဲ့ကြသည်။

"မင်း လိုက်ကြည့်နေတဲ့ ခါးပါရမီရှင် အခု လိုင်းပေါ်တက်လာပြီ"

ဤကဲ့သို့ဖြင့် ဆွေးနွေးမှုတစ်ခု စတင် ပေါက်ကွဲလာသည်။

"ခါးပါရမီရှင် လိုင်းပေါ်မှာ ရှိတာလား။ သူက ပွဲ(၅၀) ဆက်တိုက် အနိုင်ရပြီး ကတည်းက ပျောက်သွားတယ်နော်"

"နောက်ဆုံးတော့ သူ ပြန်လာပြီကွ။ သူက နိုင်ပွဲ(၅၀) နဲ့ မရပ်တန့်ဘူးဆိုတာ ငါသိနေတယ်။ သူက နံပါတ်တစ် မဖြစ်ရင်တောင် အနည်းဆုံး ထိပ်ဆုံး(၁၀) ယောက်ထဲ ဝင်လိမ့်မယ်"

"သူက ဒီကိုလာတာ စိန်ခေါ်ဖို့ပဲ ဖြစ်လိမ့်မယ်။ ဒီတစ်ခါတော့ တိုက်ရိုက် ကြည့်ရမယ်"

.........

ခြောက်ထပ်မြောက်အထပ်ရှိ စင်မြင့်ပေါ်တွင် ရပ်နေသော လင်းဟွမ်သည် ပရိသတ် အရေအတွက်ကြောင့် အံ့အားသင့်နေသည်။

ဒါသည် ဆက်တိုက်အနိုင်ရသော ပွဲ (၅၀) မှ ဆင်းသက်လာခြင်း ဖြစ်ကြောင်း သူသိနေသည်။

'ပရိသတ် သုံးသိန်းသုံးသောင်းလား... ငါတော့ Blue Mark ရဖို့ သိပ်မဝေးတော့ဘူး'

လင်းဟွမ်သည် ကိုယ့်ကိုယ်ကို နောက်ပြောင်လိုက်ပြီး စိန်ခေါ်မှု ခလုတ်ကို နှိပ်လိုက်သည်။

မကြာခင် လူလွတ်နေသော စင်တစ်ခုပေါ်သို့ ပို့လွှတ်ခြင်း ခံလိုက်ရသည်။ စင်ပေါ်သို့ ဝင်လိုက်သည်နှင့် စက္ကန့်ပိုင်းလေး အတွင်းမှာပင်

လူပေါင်း သောင်းနှင့်ချီပြီး ဝင်လိုက်လာကြသည်။ သုံးစက္ကန့် အတွင်းမှာပင် အခန်းထဲ၌ လူပေါင်း ငါးသောင်း ပြည့်သွားသည်။ လင်းဟွမ်သည် အခန်းက ယခင်ကထက် ပိုကျယ်နေကြောင်း သတိ ထားလိုက်မိသည်။

လင်းဟွမ်သည် ပွဲ (၅၀) ဆက်တိုက် အနိုင် မရခင်က လူတစ်သောင်းသာ ဆံ့သောအခန်းသို့ စေလွှတ်ခြင်း ခံရသည်။ ပွဲ (၅၀) ဆက်တိုက် အနိုင်ရပြီးသည့်နောက် တိုက်ပွဲကွင်းပြင်ကို အဆင့် မြှင့်တင်ထားသည်။ ကံကောင်း ထောက်မစွာဖြင့်

စင်မြင့် အရွယ်အစားက တူညီနေသေးသည်။ ထိုသို့ မဟုတ်ပါက လင်းဟွမ်သည် အချိန်တိုတိုလေး အတွင်းတွင် လိုက်လျောညီထွေ ဖြစ်နိုင်မည် မဟုတ်ပေ။

သူ၏ပြိုင်ဘက်ကို ချက်ချင်း ပို့လိုက်သည်။

ထိုလူငယ်၏ လက်ထဲတွင် ယပ်တောင်တစ်ခု ကိုင်ထားပြီး ရှေးဟောင်း စာသင်သားဝတ်စုံကို ဝတ်ဆင်ထားသည်။

"Cosplay တစ်ကောင်လား..."

လင်းဟွမ်သည် ပြိုင်ဘက်၏ ဝတ်စား ဆင်ယင်မှုကို မြင်သောအခါ ဆွံ့အနေသည်။ ထိုစဉ် မြင့်တက်လာသော ပရိသတ် အရေအတွက်ကြောင့် တုန်လှုပ်သွားသည်။

မကြာခင် ထိုစာသင်သားသည် သူက ကံဆိုးပြီး အားကြီးသော ပြိုင်ဘက်နှင့် တိုက်ခိုက်ရန် ကျပန်းစေလွှတ်ခြင်း ခံရကြောင်း သိသွားသည်။ ထို့နောက် လင်းဟွမ်၏ အမှတ်စာရင်းကို ကြည့်လိုက်သည်။

“ဓါး ပါရမီရှင်လား”

နောက်ဆုံးတွင် သူက မည်သူနှင့် ရင်ဆိုင်နေရကြောင်း သိသွားသည်။ ဒါသည် လွန်ခဲ့သော တစ်လခန့် ကတည်းက လူကြိုက် များလာခဲ့သော၊ ရေပန်းစားလာခဲ့သော နာမည် တစ်ခုဖြစ်သည်။

"ပွဲ (၅၀) ဆက်တိုက် အနိုင်ရခဲ့တဲ့ ပါရမီရှင် တစ်ယောက်ဆီ ငါ့ကို ပို့လိုက်လိမ့်မယ်လို့ မထင်ထားမိဘူး။ ဒါက တစ်လလောက် ပျောက်သွားပြီး ပြန်ပေါ်လာတဲ့ ပထမဦးဆုံးတိုက်ပွဲ ထင်တယ်"

ထိုစာသင်သားသည် ဖိအားများလာသည်။

လင်းဟွမ်သည် ထိုလူ၏ အမှတ်စာရင်းကို ကြည့်ပြီးနောက် အံ့အားသင့်သွားသည်။

"နာမည်ပြောင် - စာအုပ်တောင်တန်း ဖိအားကြီး"

"တိုက်ခိုက်ရေး အဆင့် - ငွေအဆင့် (၃)"

"တိုက်ပွဲ အရေအတွက် - (၁,၅၀၀)"

"စုဆောင်း အမှတ် - (၁,၃၂၁)"

"အနိုင်ရရှိတဲ့ ရာခိုင်နှုန်း - (၇၁) ရာခိုင်နှုန်း"

"မင်းရဲ့နာမည်ပြောင်က ဘာလဲ..."

လင်းဟွမ်က မေးလိုက်သည်။

"ငါ့ကိုယ်ငါ စာသင်သားလို့ နာမည်ပေးချင်တယ်။ ဒါပေမယ့် ယူထားပြီးသား ဖြစ်နေတယ်။ ဒါနဲ့ ဖိအားပေးတဲ့ စာသင်သားဆိုပြီး နာမည်ပြောင်းလိုက်တာ စနစ်က နာမည်ပေါင်းမှားသွားပြီး စာအုပ်တောင်တန်းလို့ အတည်ပြုလိုက် မိတယ်။ ငါ့နာမည် ထွက်လာတာ အရမ်း မြန်သွားတယ်"

ထိုလူသည် ထိုကိစ္စနှင့် ပက်သက်၍ စိတ်တိုနေပုံရသည်။

"ဩော်... အဲ့ဒီလိုလား"

လင်းဟွမ်သည် ခရီးသွား နောက်တစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်နေခဲ့မိသည်။ သူတို့ စကားပြောပြီးသည့် အချိန်၌ ရေတွက်မှု ပြီးဆုံးသွားသည်။

"မင်း အရင်လာ"

လင်းဟွမ်သည် သူသာ အရင်တိုက်ခိုက်ပါက ပြိုင်ဘက်တွင် တိုက်ခိုက်ရန် အခွင့်အရေး ရှိတော့မည် မဟုတ်ကြောင်း သိနေသည့်အတွက် ပြိုင်ဘက်ကို ပြောလိုက်သည်။

"ငါ အရှုံးပေးတယ်"

ထိုလူက လက်မြှောက်ပြီး အရှုံးပေးသွားသည်။

လင်းဟွမ်သည် ပထမဆုံး တိုက်ပွဲတွင် လက်မြှောက်ပြီး အရှုံးပေးသောသူ တွေ့လိမ့်မည်ဟု မမျှော်လင့်ထားပေ။

သိပ်မကြာခင် ထိုလူ၏ ခန္ဓာကိုယ်သည် အလင်းစက်များအဖြစ် ပြိုကွဲပြီး စင်ပေါ်မှ ပျောက်ကွယ်သွားသည်။

လင်းဟွမ်၏ ဒုတိယပြိုင်ဘက်ကို စေလွှတ်လိုက်ပြန်သည်။ သူ့နာမည်က 'ဓါးလေ့ကျင့်ရေး သမား' ဖြစ်သည်။ လင်းဟွမ်နှင့် တိုက်ခိုက်ရန် ရွေးချယ်

ခံရသည့်တိုင် ကြောက်လန့်ခြင်း မရှိပေ။ ထိုအစား စိတ်လှုပ်ရှားနေသည်။

သို့သော် သုံးစက္ကန့်အတွင်းမှာပင် အသတ်ခံရပြီး စင်ပေါ်မှ မောင်းထုတ်ခံလိုက်ရသည်။

လင်းဟွမ်၏ တိုက်ပွဲကို ပထမဆုံးအကြိမ် လာကြည့်ကြသော လူများအတွက်မူ ကောလာဟလက အမှန်ဖြစ်ကြောင်း သက်သေ ထူလိုက်သဖြင့် လူအုပ်ကြီးထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

လူ တော်တော်များများသည် လင်းဟွမ်၏ ပြိုင်ဘက်နေရာတွင် ဝင်ရောက် စဉ်းစားပြီးနောက် သူတို့ ဆိုလျှင်ပင် ချက်ချင်း သေသွားမည် ဖြစ်ကြောင်း သိလိုက်ကြသည်။

ဒုတိယပြိုင်ပွဲတွင် လင်းဟွမ်က သူ၏စွမ်းရည်ကို ထုတ်ဖော် လိုက်သောကြောင့် လူအများစုက လင်းဟွမ်၏ စွမ်းရည်နှင့်ပတ်သက်၍ သံသယ မရှိကြတော့ပေ။

တတိယမြောက်နှင့် စတ္တုထမြောက် ပြိုင်ဘက်များကို တစ်ချက်တည်းနှင့် သတ်ဖြတ်လိုက်သောအခါ မည်သူမှ သံသယ မရှိကြတော့ပေ။

"အစွမ်းထက် လွန်းတယ်... သူက လူတွေကို ဟင်းသီးဟင်းရွက် လှီးသလို သတ်ဖြတ်နေတာပဲ"

"ငါ့ကို လက်ထပ်ပါ"

ကိုလူချော တစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"အတည်ကြီးလား"

လူအုပ်ကြီးက သူ့ကို စိုက်ကြည့်သည်။

.................

တိုက်ပွဲ (၉) ပွဲ ပြီးဆုံးသွားသော်လည်း လင်းဟွမ်သည် ချေးတစ်စက်ပင် မထွက်ဘဲ အားလုံးကို အနိုင်ရခဲ့သည်။ သူ့ကို အရှုံးပေးခဲ့သော ပထမဦးဆုံး တိုက်ပွဲဝင်မှလွဲ၍ ကျန်သည့်လူများကို တစ်ချက်တည်းနှင့် သတ်ဖြတ်နိုင်ခဲ့သည်။ ထို့ကြောင့် တိုက်ပွဲ (၅၉) ပွဲကို ဆက်တိုက် အနိုင်ရရှိထားသည်။

တိုက်ပွဲ (၆၀) မြောက်အတွက် တားဆီးသူမှာ မည်သူ ဖြစ်လာမည်နည်း။

လူ တော်တော်များများကလည်း ထိုအဖြေကို မျှော်လင့်နေကြသည်။

တိုက်ပွဲ (၆၀) မြောက် ဆက်တိုက် အနိုင်ရရှိခြင်းကို တားဆီးမည့်လူနှင့် ပက်သက်၍ အချက်အလက်များကို မဖော်ပြထားသော်လည်း ပွဲ (၅၀) မြောက် တားဆီးသူထက် ပို၍ အားကောင်းလာမည် ဖြစ်ကြောင်း လူတိုင်း သိနေကြသည်။

ဒါသည် ပြောစရာမလိုသော စည်းကမ်းတစ်ခုပင်။

လင်းဟွမ်သည် ပွဲ (၅၀) ကြော် တိုက်ပွဲကို တိုက်ခိုက်ခဲ့စဉ်က သူ၏ပြိုင်ဘက်သည် အဆင့် (၁၈) တွင်ရှိနေသော ဆရာဖြူ ဖြစ်ခဲ့သည်။

ယခုမူ ပွဲ (၆၀) ကြော် တိုက်ပွဲဖြစ်နေသဖြင့် ဆရာဖြူထက်ပင် အဆင့်ပိုမြင့်သော လူနှင့် ရင်ဆိုင်ရဖွယ် ရှိသည်။

"ဘယ်သူ ဖြစ်မလဲ"

ဒါသည် လူတိုင်း၏ တူညီသော မေးခွန်းတစ်ခုပင်။

(၅၉) ကြိမ်မြောက် တိုက်ပွဲ၏ စိန်ခေါ်သူ ခန္ဓာကိုယ်သည် စင်ပေါ်တွင် ပြိုကွဲသွားပြီးနောက် လူအုပ်ကြီးသည် တိတ်ဆိတ်သွားသည်။

လင်းဟွမ်၏ အနိုင်ရမှုအတွက် အော်ဟစ် အားပေးခြင်းပင် မရှိခဲ့ချေ။

လူတိုင်းက စင်ပေါ်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့် နေကြပြီး တားဆီးသူ၏ပုံရိပ်ကို မျှော်လင့်နေကြသည်။

ထိုအချိန်၌ လင်းဟွမ်သည် အမူအယာကင်းမဲ့စွာ မတ်တပ်ရပ်နေခဲ့သည်။

တားဆီးသူသည် ဆရာဖြူထက် ပို၍ အစွမ်းထက်မည် ဖြစ်ကြောင်း သူလည်း ကောင်းကောင်း သိနေသည်။

မကြာခင် တိုက်ပွဲစင်မြင့်ပေါ်သို့ လူတစ်ယောက် ပို့လွှတ်လိုက်သည်။

ထိုလူသည် ပြင်းထန် အဖြူရောင်များ ဖုံးအုပ်ထားပြီး သဲသဲကွဲကွဲ မမြင်ရသေးသည့် အချိန်မှာပင် တိုက်ပွဲကွင်းပြင်တစ်ခုလုံး၏ အဓိက အာရုံစိုက်စရာ ဖြစ်လာခဲ့သည်။ ထုံးစံအတိုင်းပင် ဒါသည် တားဆီးသူကို ပို့လိုက်သောပုံစံ ဖြစ်သည်။

လူအုပ်ကြီးက ယောကျ်ားတစ်ယောက် ဟုသာ ပြောနိုင်သည်။ အဖြူရောင် တောက်ပနေသောကြောင့် သူ့မျက်နှာကို ရှင်းရှင်းလင်းလင်း မမြင်ရပေ။ မကြာခင် အဖြူရောင်အလင်းများ မှိန်ဖျော့လာသည်နှင့် အမျှ တားဆီးသူ၏ အသွင်အပြင် ပေါ်လာသည်။

“ဒါက ဖန်းဝူ ပဲ…”

လူအုပ်ထဲမှ လူတစ်ယောက်သည် သူ့ကို ချက်ချင်း မှတ်မိလိုက်သည်။

## အခန်း(၁၉၉) – ဖန်းဝူ။

ဖန်းဝူသည် ခြောက်ထပ်မြောက် ကွင်းပြင်တွင် အဆင့် (၁၁) နေရာ၌ ရပ်တည်နေပြီး လင်းဟွမ်ကဲ့သို့ ဓါးကျွမ်းကျင်သူတစ်ယောက် ဖြစ်သည်။

ဒါကို စနစ်က ရည်ရွယ်ချက် ရှိရှိ စီစဉ်ခဲ့ခြင်းဟုတ်၊ မဟုတ် မသေချာသော်လည်း ဓါးကျွမ်းကျင်သူနှစ်ယောက်ကြားမှ တိုက်ပွဲတစ်ခု ဖြစ်သည်။

ဖန်းဝူ မပေါ်လာခင် ကတည်းက ဒုတိယမြောက် တားဆီးသူသည် ထိပ်ဆုံး (၁၀) ယောက်ထဲမှ တစ်ယောက် မဟုတ်ကြောင်း လူအုပ်ကြီးထဲက လူတော်တော်များများသည် သေချာနေခဲ့သည်။ ထိုအစား နံပါတ် (၁၁) မှ အဆင့် (၁၇) အတွင်းရှိ လူတစ်ယောက်သာ ဖြစ်လိမ့်မည်။

လူတော်တော်များများက ဖန်းဝူ သာ ဖြစ်လိမ့်မည်ဟု ခန့်မှန်း ထားခဲ့ကြသည်။ လင်းဟွမ်သည် အကြိမ် (၆၀) မြောက် တိုက်ပွဲကို

ဆက်တိုက် အနိုင်ရခဲ့ပါက ထိပ်ဆုံး (၁၀) ယောက် ထဲမှတစ်ယောက် ဖြစ်လာလိမ့်မည်။

ယခုလက်ရှိတွင် ဖန်းဝူ ပေါ်လာသောကြောင့် လင်းဟွမ်က သူ့ကိုအနိုင်ရခဲ့လျှင် အနာဂတ်တွင် အနိုင်ရရန် ပို၍ ခက်ခဲလာလိမ့်မည်ဟု အဓိပ္ပါယ် ရသည်။

လင်းဟွမ်သည် ဖန်းဝူ၏ အမှတ်စာရင်းကို ကြည့်လိုက်သည်။

"နာမည်ပြောင် - ဖန်းဝူ"

“တိုက်ပွဲ အဆင့် - ငွေအဆင့် (၃)”

“တိုက်ပွဲ အရေအတွက် - (၄,၂၀၈)”

“စုဆောင် အမှတ် - (၁၀,၅၆၉)”

“အနိုင်ရတဲ့ ရာခိုင်နှုန်း - (၉၃) %”

လင်းဟွမ်သည် ဖန်းဝူကို မသိပေ။ သို့သော်လည်း ဦးဆောင်သူစာရင်းတွင် အမှတ် တစ်သိန်းကျော် စုဆောင်းနိုင်သော လူသည် (၁၂) ဦးသာ ရှိသည်။

ထို့ကြောင့် ဖန်းဝူ၏နာမည်က အဆင့် (၁၁) တွင် ရှိနေကြောင်း တွေ့ခဲ့ဖူးသည်။ သို့သော်

လင်းဟွမ်သည် ဖန်းဝူက မည်သည့်လက်နက်ကို အသုံးပြုကြောင်း မသိသလို သူ၏တိုက်ခိုက်ရေး ပုံစံကိုလည်း မသိချေ။ ကြောက်လည်း မကြောက်ပေ။

အမှန်တကယ်ဆို လင်းဟွမ်သည် ဖန်းဝူ၏ နာမည်ကို မြင်လိုက်သောအခါ သူ့စိတ်ထဲတွင် ပေါ်လာသောအရာသည် နာမည်ပြောင် မဟုတ်ဘဲ တကယ့် နာမည်တစ်ခုသာ ဖြစ်လိမ့်မည်။

မျှော်လင့်ထားသည့် အတိုင်း ဖန်းဝူသည် သူ၏ နာမည်အရင်း ဖြစ်သည်။ နာမည် အစစ်ကို

အသုံးပြုရသော အကြောင်းအရင်းသည် ညစ်ပတ်သော ယုမိုလီနှင့် မတူပေ။ စာရင်းသွင်းစဉ်က နာမည်ပြောင်း လေး၊ ငါးခု ပေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အကြိမ်ကြိမ်ကြိုးစားပြီးနောက် နာမည်ပြောင်း ထားရှိရန် စိတ်မဝင်စားတော့ဘဲ နာမည်အရင်းကို အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်။

ဖန်းဝူသည် ဆရာဖြူနှင့် အနည်းဆုံး တစ်ကြိမ်ခန့် တိုက်ခိုက်ခဲ့ဖူးသည်။ တစ်ခါမှ မရှုံးခဲ့ဖူးသော်လည်း

ဆရာဖြူ၏ အရည်အချင်းကို ကောင်းကောင်း သိနေသည်။

ဆရာဖြူသည် လင်းဟွမ်ကို တားဆီးသူအနေနှင့် တားဆီးခဲ့သော အချိန်တွင် တစ်ချက်တည်းနှင့် အသတ်ခံခဲ့ရကြောင်း သိလိုက်ရသဖြင့် တိုက်ပွဲ ဗီဒီယိုကို ချက်ချင်း ဒေါင်းလုဒ်လုပ်ပြီး ကြည့်ခဲ့သည်။ လင်းဟွမ်၏ ဓါး အသုံးပြုပုံကို မြင်သွားသောအခါ အံ့သြသင့်သွားသည်။

သူ ကိုယ်တိုင်လည်း ဓါးကျွမ်းကျင်သူ ပညာရှင် တစ်ယောက် ဖြစ်သောကြောင့် လင်းဟွမ်က

စစ်မှန်သော ခါးသမားတစ်ယောက် ဖြစ်ကြောင်း မြင်နိုင်ခဲ့သည်။

ဒါသည် ဖန်းဝူ၏ အိပ်မက်ဖြစ်ပြီး သာလွန် အဆင့်သို့ မတက်လှမ်းခင် ခါးစွမ်းရည်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက် ချင်ခဲ့သည်။ လင်းဟွမ်ကဲ့သို့ ရွှေအဆင့်သို့ မတက်လှမ်းခင် ခါးကျွမ်းကျင်သူများကို ပါရမီရှင် တစ်ယောက်ဟု သတ်မှတ်၍ရသည်။

ဖန်းဝူသည် လင်းဟွမ်၏ ခေါးကျင့်စဥ်နာမည်ကို လေ့လာချင်သောကြောင့် လင်းဟွမ်၏ တိုက်ပွဲ ဗီဒီယိုအားလုံးကို ဒေါင်းလုဒ် လုပ်ခဲ့သည်။

ထိုအချိန်ကို ရောက်ခါမှ လင်းဟွမ်သည် ဆရာဖြူနှင့် မတွေ့ခင် ခါးကို လုံး၀ အသုံး မပြုခဲ့ကြောင်း သိလိုက်ရသည်။

ထိုဗီဒီယိုများကို ဒေါင်းလုဒ်လုပ်ခြင်းသည် သူ၏ အကျိုးဆောင် အမှတ်များကို ဖြုန်းတီးခြင်းသာ ဖြစ်ခဲ့ရသည်။

သို့သော် ဖန်းဝူသည် လက်မလျှော့ခဲ့ပေ။ ခါးပါရမီရှင် တိုက်ပွဲ စတင်သည်နှင့် တစ်ပြိုင်နက် တိုက်ရိုက် ကြည့်ရှုနိုင်ရန် ခါးပါရမီရှင်ကို follow လုပ်ထားခဲ့သည်။

သို့သော် ခါးပါရမီရှင်က မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲသို့ တစ်လကျော်ကြာအောင် မဝင်ခဲ့မည့် အကြောင်းကို မည်သူမှ မထင်ထားခဲ့ပေ။

ခါးပါရမီရှင် အကောင့်သည် ဝင်လာရုံသာမက တိုက်ပွဲ တစ်ခုတည်းတွင် တွေ့နေရသောကြောင့် စိတ်လှုပ်ရှားနေသည်။ သို့သော် ထိုင်ခုံအလွတ်များ

မကျန်တော့သဖြင့် ကွင်းထဲသို့ မဝင်နိုင်ခဲ့ပေ။ ဝင်နိုင်မည့် အခြားနည်းလမ်းကို စဉ်းစားနေစဉ် ပွဲ (၆၀)မြောက် တားဆီးသူအဖြစ် စေလွှတ်ခြင်း ခံလိုက်ရသည်။ အပျော်သည် ကောင်းကင်ပေါ်သို့ ကျော်သွားသည်။

လင်းဟွမ်သည် ဖန်းဝူက သူ့ကို စိတ်အားထက်သန်စွာ ကြည့်နေသည်ကို မြင်သောအခါ ..

"မင်းက ဂေးတော့ မဟုတ်ပါဘူးနော်"

"အမ်..!!"

"ခါး ပါရမီရှင် ကျေးဇူးပြုပြီး ငါတို့တွေ မိတ်ဆွေကောင်း ဖြစ်နိုင်မလား"

ရေတွက်မှု မပြီးဆုံးခင် ဖန်းဝူက မေးလိုက်သည်။

လင်းဟွမ်က သတိကပ်ထားပြီး ငြင်းလိုက်သည်။

"ငါ့ကို ဒီလိုမျိုးလှည့်ကွက်တွေ မသုံးနဲ့"

ကွင်းထဲကလူများသည် အပြင်က အသံကို မကြားနိုင်သော်လည်း အပြင်မှ လူများသည် စင်ပေါ်က အကြောင်းအရာကို ရှင်းရှင်းလင်းလင်း ကြားနေရသည်။ သူတို့၏စကားကို ကြားသောအခါ

လူအုပ်ကြီးထဲမှ အများစုသည် အူကြောင်ကြောင် ဖြစ်သွားကြသည်။

"ဖန်းဝူက ကြင်နာမှုကိုပြဖို့ သူ့ကိုယ်သူ နှိမ့်ချနေတာလား။ ဒီခါးပါရမီရှင် ကလည်း မောက်မာလွန်းပါတယ်"

"သူ့ကိုယ်သူ ဘယ်သူထင်လို့ ဖန်းဝူကို ဒီလို ပြောရဲတာလဲ"

"သူက လုံးဝ လုပ်နိုင်တယ်။ ဖန်းဝူဟာ အရင်တုန်းက ဆရာဖြူနဲ့ မတိုက်ခိုက်ခဲ့ဖူးတာ မဟုတ်ဘူး။ ခါးပါရမီရှင် လိုမျိုး ဆရာဖြူကို

တစ်ချက်တည်းနဲ့ သတ်ခဲ့ဖူးလို့လား။ ဖန်းဝူက ဓါးပါရမီရှင်ကို အနိုင်မယူနိုင်မှန်း သိနေလို့ သူ့ကို ညှာတာမှု ပေးစေချင်နေတာပဲ"

"စွမ်းအားကြီးတဲ့ ယောက်ျားတွေက တကယ် ထူးဆန်းတယ်။ ဓါးပါရမီရှင်က ဓါးလေ့ကျင့်တဲ့ နေရာမှာပဲ အာရုံစိုက်ထားလို့ လူမှုဆက်ဆံရေး စွမ်းရည် အားနည်းတာ ဖြစ်လိမ့်မယ်။ ဒါကြောင့် ဖန်းဝူကိုငြင်းတာ ပုံမှန်ပဲ"

............

လင်းဟွမ်သည် ဖန်းဝူက သူနှင့် အခင်ဆုံး သူငယ်ချင်းဖြစ်ရန် ကမ်းလှမ်းမှုကို ချက်ချင်း ငြင်းပယ်ခဲ့သည့် အတွက် မာနကြီးသည်ဟု လူအများက ထင်သွားကြသည်။ သို့သော်လည်း အချို့ကမူ လင်းဟွမ်ကို ထောက်ခံကြသည်။

ဖန်းဝူသည် ငြင်းဆိုခြင်း ခံလိုက်ရသည့်အတွက် ကြောင်သွားသည်။ သို့သော် သေသေချာချာ စဉ်းစားပြီးနောက် ဒါသည် တကယ့်ကို အဓိပ္ပါယ်မဲ့သော လုပ်ရပ်တစ်ခုပင်။

လင်းဟွမ်က သူ့ကို သတိကပ်ပြီး စောင့်ကြည့် နေချိန်၌ ငြင်းပယ်ခြင်းသည် သာမန်သာ ဖြစ်သည်။ အနေရခက်စွာ ပြုံးပြီး ခေါင်းခါလိုက်သည်။ သူ့လက်ပေါ်ရှိ ငွေရောင်လက်စွပ်သည် တိုက်ပွဲဝင် ဓါးအဖြစ် ပြောင်းလဲသွားသည်။

လင်းဟွမ်သည် တိုက်ပွဲဝင်ဓါးကို ကြည့်ရင်း ယခင်က ဆရာဖြူနှင့် ဖန်းဝူတို့၏ တိုက်ပွဲကို ပြန်အမှတ်ရသွားသည်။

ထိုစဉ်က ဖန်းဝူ၏ဓါးသည် ကိုယ်ထည်ပါးလျပြီး ရှည်လျားကာ ထူးခြားကြောင်း သတိထားခဲ့မိသည်။

ထိုအချိန်မှစ၍ လင်းဟွမ်သည် ဖန်းဝူက အရှိန်ကို အာရုံစိုက်သော ဓါးပညာရှင် ဖြစ်ကြောင်း ပြောနိုင်သည်။

သို့သော် လင်းဟွမ်သည် ဗီဒီယိုကို ကြည့်ရှုခဲ့သည့်အချိန်က လူများ၏ နာမည်နှင့်ပုံစံကို သတိမထားခဲ့မိပေ။ ဓားကို မြင်သောအခါမှသာ မှတ်ဉာဏ် အပိုင်းအစများကို ပြန်လည်ချိတ်ဆက်နိုင်ခဲ့သည်။

"ဒီကောင်.. .."

လင်းဟွမ်သည် ဖန်းဝူ၏ ဓါးစွမ်းရည်ကို သဘောကျခဲ့ပြီး ဆရာဖြူကို အနိုင်ယူခဲ့သော လူအနည်းငယ်ထဲမှ တစ်ယောက် ဖြစ်သည်။

ဆရာဖြူသည် တိုက်ပွဲအများစုတွင် ပြိုင်ဘက်ကို ချေမှုန်းရန် စတင်တိုက်ခိုက်နိုင်သော အမြန်နှုန်း အားသာချက် ရှိသည်။

သို့သော် ဖန်းဝူ၏အရှိန်သည် သူ့ထက် များစွာ နှေးကွေးခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ဆရာဖြူ၏ အရှိန်အဟုန်သည် ဖန်းဝူအပေါ်တွင် များစွာ အကျိုး သက်ရောက်ခြင်း မရှိခဲ့ချေ။ ထိုအစား တိုက်ပွဲသည်

အလှည့်အပြောင်း ဖြစ်သွားပြီး ဆရာဖြူသည် ဖန်းဝူ၏တိုက်ခိုက်မှု စည်းချက်ကြောင့် ရှုံးနိမ့်သွားခဲ့သည်။

"အံ့မခန်း ဓါးစွမ်းရည်၊ လျှပ်စီးလိုမျိုး လျင်မြန်တဲ့အရှိန်၊ အံ့သြစရာကောင်းတဲ့ စည်းချက်"

ဒါသည် ဖန်းဝူ၏ ဗီဒီယိုကိုကြည့်ပြီးနောက် လင်းဟွမ်ပြောခဲ့သော မှတ်ချက်ဖြစ်သည်။ သို့သော် ယခုမူ ဖန်းဝူကဲ့သို့ နယ်ပယ်တစ်ခုတည်းတွင် ရင်ဘောင်တန်း၍ ရပ်နေသောကြောင့် အနိုင်ရရှိရန် ယုံကြည်ချက် ရှိလာခဲ့သည်။

လင်းဟွမ်သည် လက်ခလယ် ပေါ်ရှိ ငွေရောင်လက်စွပ်ကို ငွေရောင် တိုက်ပွဲဝင်ဓါးအဖြစ် ပြောင်းလဲရင်း ပြုံးလိုက်သည်။ ဓါးသည် စျေးကွက်ထဲတွင် အလွယ်တကူ ရရှိနိုင်သော ဓါးကဲ့သို့ သာမန်သာ ဖြစ်သည်။

ရေတွက်မှု ပြီးဆုံးသွားသည်နှင့် ဖန်းဝူသည် ကြောက်စရာကောင်းသော အရှိန်ဖြင့် လင်းဟွမ်ထံ တိုးဝင်လာသည်။